# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၈ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၀၂)


# ၂၀၂၀ ပြည့်နှစ်တွင် နှစ်ဖက်ကုန်သွယ်မှု ဒေါ်လာသန်း ၁၀၀၀ ကျော်လွန်သည်အထိ တိုးမြှင့်သွားရန် သဘောတူ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုဏ် ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုက နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်သည့် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်ဖက်ခေါင်းဆောင်များက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သမ္မတ ဟိုချီမင်းတို့ လက်ထက်တွင် စတင်သန္ဓေတည်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များ အဆက်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်ခဲ့ကြသည့် ချစ်ကြည်ရင်းနှီးမှု အစဉ်အလာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း အတူတကွပူးပေါင်း ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့သည့်တိုးတက်မှုရလဒ်များ အထူးသဖြင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံ ဆက်ဆံရေးတွင် ဘက်ပေါင်းစုံ ပွင့်လန်းလာစေရန်

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စု ကားလမ်းမကြီး ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်နေ**

စာ » ၄

**နောက်ထပ် နျူကလီးယားစမ်းသပ်မှုများ ရှိတော့မည်မဟုတ်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ပြောကြား**

စာ » ၁၄

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ဒုတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

# တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော်များ၏ အထူးလုပ်ငန်းညှိနှိုင်းစည်းဝေး



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော်များ၏ အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၁**

တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော်များ၏ အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးလွှတ်တော်များ၊

*စာမျက်နှာ ၄ ကော်လံ ၁* ✻


အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး
စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

GRAND HANTHA INTERNATIONAL HOSPITAL
MMPGA

ထိခိုက်ဒဏ်ရာနှင့်အရိုးအကြောခွဲစိတ်မှုနယ်ပယ်တွင် နှစ်ပေါင်းများစွာအတွေ့အကြုံရှိသော ဆရာဝန်ကြီး
ဒေါက်တာမောင်ဝင်း
MBBS, MD,
Consultant Orthopedics
၂၁.၄.၂၀၁၈ မှ ၂၉.၄.၂၀၁၈ထိ

အထွေထွေရောဂါ အထူးကုသမားတော်ကြီး
ဒေါက်တာအေးကြူ
M.B.,B.S, MD,
ABIM Board Certified (Internal Medicine)
Hospital Medicine/Internal Medicine Consultant
California, USA
၂၁.၄.၂၀၁၈ မှ ၄.၅.၂၀၁၈ထိ

ကလေးအထူးကုသမားတော်ကြီး
ဒေါက်တာသန်းသန်းနု
MBBS,MD,FAAP,
American Board of Paediatrics Certified.
Consultant Pediatrician, New Jersey, USA
၁၉.၂.၂၀၁၈ မှ ၂၂.၆.၂၀၁၈ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂

မြန်မာ့အလင်း

# တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရမည်

ယနေ့ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးစားပေးရည်မှန်းချက် ပန်းတိုင်သုံးရပ်တွင် "တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး"သည် နံပါတ် (၁) ဦးစားပေးဖြစ်သည်။ တရားဥပဒေစိုးမိုးရေးအတွက် တရားရေးမဏ္ဍိုင် ခိုင်ခိုင်မတ်မတ်ရှိနေဖို့လည်း လိုအပ်သည်။

နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ နှစ်ဆန်း ၁ ရက်နေ့ မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင်လည်း "ယိမ်းယိုင်နေသည့် တရားစီရင်ရေးကိုတည့်မတ်ရန် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တွေ့ဆုံပြီး တရားရုံးအသီးသီးအား တရားသူကြီးအဆင့်ဆင့်က တာဝန်ယူမှု တာဝန်ခံမှုများဖြင့် ကြီးကြပ်ကွပ်ကဲကြရန် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် တရားဥပဒေစိုးမိုးရေးစင်တာများ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဘက်မလိုက်သည့်၊ လွတ်လပ်သည့်၊ တရားမျှတမှုနှင့် ဆင်ခြင်တုံတရားကို ချိန်ခွင်လျှာထိန်းညှိနိုင်သည့် တရားစီရင်ရေးမဏ္ဍိုင်ဖြစ်အောင် ကြိုးပမ်းရလိမ့်မည်ဖြစ်ကြောင်း၊ ဥပဒေ၏ရှေ့မှောက်တွင် အားလုံးအညီအမျှဖြစ်ရေး၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ နေ့စဉ် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါဆုံးသောအချက်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားတိုင်း ဥပဒေသုတ၊ ဥပဒေအသိ၊ ဥပဒေသတိတို့ ရှိဖို့လိုအပ်သည်။ ဥပဒေကို မသိနားမလည်၍ ကျူးလွန်ဖောက်ဖျက်မိပါသည်ဟု ဆိုရုံမျှဖြင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်မရသည်ကို လူတိုင်းသိနားလည်ကြရမည် ဖြစ်သည့်အလျောက် ဥပဒေကို လက်လှမ်းမီသရွေ့ လေ့လာကြရမည်ဖြစ်သည်။

တရားဥပဒေစိုးမိုးရေး အဓိကဦးတည်ချက်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မဟာဗျူဟာ ငါးနှစ်စီမံကိန်းတစ်ရပ်ကို ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ချမှတ်ကာ လုပ်ငန်းနယ်ပယ်ငါးရပ်ဖြစ်သော-

(၁) တရားရုံးဝန်ဆောင်မှုများ အများပြည်သူသို့ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊
(၂) အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊
(၃) တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်၊
(၄) တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်၊
(၅) ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စတို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ဤသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လူတိုင်းအတွက် အရည်အသွေးမြင့် တရားမျှတမှု ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်သည့် တရားဥပဒေစိုးမိုးရေးကို ဖြည့်ဆည်းပေးရန်ဟူသော ရည်မှန်းချက်တို့ ချမှတ်ကာ တိုးတက်ကောင်းမွန်သော တရားစီရင်ရေးစနစ်သို့ ရောက်ရှိစေရေးအတွက် ဦးတည်ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

နိုင်ငံတော်၏ ပထမဦးစားပေး ရည်မှန်းချက်ပန်းတိုင် တစ်ခုတွင် ပါဝင်သည့် တရားဥပဒေစိုးမိုးရေးအတွက် ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းက အကောင်အထည်ဖော်ဆောင်ရွက်၍ အောင်မြင်နိုင်မည်မဟုတ်ဘဲ တရားဥပဒေရေးရာ နယ်ပယ်တစ်ခုလုံးတွင် ပါဝင်ဆက်စပ်နေသူအားလုံး၏ "စုပေါင်းအင်အား"ဖြင့်သာလျှင် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်လွှားကာ အပြည့်အဝအောင်မြင်နိုင်မည်ဟု ရှုမြင်ပါကြောင်း။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# မလှိုင်မြို့နယ်တွင် သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ပွဲကျင်းပ

**မလှိုင် ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် (၂၇) ကြိမ်မြောက် သက်ကြီး ဘိုးဘွားပူဇော်ပွဲနှင့် မြို့နယ်လုံးကျွတ်ဆိုင်ရာ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ် ပူဇော်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၈ နာရီတွင် မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မလှိုင်မြို့နယ် မြို့ပေါ် ရပ်ကွက်ကြီး လေးရပ်ကွက်မှ အသက် ၈၀ နှစ်အထက် အဘိုးအဘွား ၁၁၅ ဦးအား ငွေနှင့် ဆေးဝါးများ ထောက်ပံ့ကန်တော့ခဲ့ကြသည်။ အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၁၇၀၀၀ နှင့် ဆေးဝါး ၈၀၀၀ ကျပ်ဖိုးစီ ကန်တော့ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ပူဇော်ကန်တော့ကာ မလှိုင်မြို့နယ် မြို့နယ်လုံးကျွတ်ဆိုင်ရာ အန္တရာယ်ကင်းပရိတ်တရား နာယူခြင်း၊ ငါးပါးသီလခံယူခြင်းများ ပြုလုပ်၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုငွေများ ကပ်လှူပူဇော်ခဲ့သည်။ ဆရာတော်တစ်ပါးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ဆရာတော် အပါး ၃၀ အား ကပ်လှူခဲ့သည်။

မလှိုင်မြို့နယ် မြို့ပေါ် လေးရပ်ကွက်မှ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ခြင်းနှင့် မြို့နယ်လုံးကျွတ်ဆိုင်ရာ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ခြင်းကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီထိ ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာဌာနဆိုင်ရာ ဝန်ထမ်းအင်အား ၁၅၀ ဝန်းကျင် တက်ရောက်ခဲ့သည်။

**ဘိုဘို(မလှိုင်)**

## ထင်သာမြင်သာ ပြုပြင်စရာ

# တိုက်ကြီး-ကြာအင်းလမ်း သွားလာရေးခက်ခဲသဖြင့် မိုးတွင်းအမီ ပြုပြင်ပေးရန် ဒေသခံများမျှော်လင့်

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီး-ကြာအင်းလမ်း ဆယ်သွယ်သည့်လမ်းသည် ခုနစ်မိုင်ရှည်လျားပြီး မိုးတွင်းကာလ၌ ရွှံ့ဗွက်များကြောင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာရေးခက်ခဲလျက်ရှိသည်။



အထူးသဖြင့် နေ့စဉ်ကျောင်းသားကျောင်းသူများ၊ ဈေးသွားဈေးဝယ်များ၊ လူမှုရေးကိစ္စများ သွားလာမှု အဆင်မပြေဖြစ်ခြင်း၊ မိုးတွင်းဗွက်ထခဲ့သောကြောင့် နွေရာသီနှင့် ဆောင်းရာသီကာလများဆိုလျှင် ကျင်းချိုင့်များကြောင့် သွားလာရေး အဆင်မပြေဖြစ်နေ၍ မိုးမကျမီပြုပြင်ပေးနိုင်ရန် ဒေသခံများ မျှော်လင့်လျက်ရှိသည်။

"ဒီလမ်းက ကျွန်တော်တို့ ဒေသခံတွေ နွေမိုးဆောင်း အသုံးပြုတဲ့လမ်းပါ၊ မိုးတွင်းမှာဆို ရွှံ့ဗွက်တွေက ဒူးဆစ်နီးပါးနစ်တယ်၊ တံတားငါးစင်းလောက်ရှိတာ သုံးစင်းလောက်က ပျက်နေတယ်၊ ဆိုင်ကယ်သမားတွေက အိမ်မှာရှိတဲ့ ပျဉ်တိုလေးနဲ့ စခင်းပြီး ဆိုင်ကယ်၊ စက်ဘီးသွားလို့ရအောင် ပြုပြင်ထားရတယ်"ဟု သထုံစုရွာ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးက ပြောသည်။

အဆိုပါလမ်းသည် မြေသားလမ်း ခုနစ်မိုင်ရှိပြီး တိုက်ကြီးကျောင်းကုန်းရွာအထိ နှစ်မိုင်ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ထားသော်လည်း ကျန်ငါးမိုင်ကို ယခုထိ မခင်းရသေးကြောင်း၊ မိုးရာသီရောက်တော့မည်ဖြစ်၍ ကျောင်းသားကျောင်းသူများအတွက် စိတ်ပူရကြောင်း စံပြကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါလမ်းသည် လောက်လေးချောင်းအုပ်စု၊ တောင်ရပ်ဇီးကုန်းအုပ်စု၊ ကြာအင်းအုပ်စုတစ်လျှောက်ရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံများအသုံးပြုလျက်ရှိခြင်းကြောင့် ဒေသခံများက အဆိုပါလမ်းကို ပိုမိုကောင်းမွန်လာစေရေး မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်

**ဘီးလင်း ဧပြီ ၂၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဆင်အင်းကျေးရွာအုပ်စု ဆပ်သွားကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ရန်ပုံငွေနှင့် ဒေသခံပြည်သူထည့်ဝင်ငွေများ၊ လုပ်အားများ စုပေါင်း၍ ကျေးရွာအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ကွန်ကရစ်လမ်းများ (တစ်မိုင်ခွဲခန့်) ခင်းကျင်းနေကြောင်းနှင့် ပြည်နယ်အစိုးရမှ ကတ္တရာလမ်းများ ခင်းပေးနေသည့်အပြင် ကျေးရွာမှ လျှပ်စစ်မီးလင်းရေးကော်မတီ ဖွဲ့စည်းကာ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်မီးများ ရရှိစေရန်အတွက် လျှပ်စစ်မီးတိုင်များ၊ ကေဘယ်ကြိုးများ တပ်ဆင်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၁-၄-၂၀၁၈

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၈၂၀/၈၄၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၈ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၉ ·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၁ ·၆ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၃၅ ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၁ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ ·၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ခေတ်ပြောင်းစနစ်ပြောင်းကာလ

**ဒီနေ့ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်းစနစ်ပြောင်းကာလ ဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလရဲ့အစပဲ ရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ အားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားကျ အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။ ပြုပြင်ပြောင်းလဲမှုနှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့် ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝသာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀- ၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စုပေါင်းအင်အား

**ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား" ကို အလေးထားပြီး နိုင်ငံရဲ့စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။ သတင်းစဉ်

❑ ရှေ့ဖုံးမှ

ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်ကို လည်းကောင်း သုံးသပ်ဆွေးနွေးခဲ့ပြီး၊ ဆက်လက်၍ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍ၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေး၊ ကာကွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုအပါအဝင် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်လုံးက ထပ်လောင်းအတည်ပြုခဲ့သည်။

**သဘောတူညီခဲ့**

မြန်မာနိုင်ငံနှင့် ဗီယက်နမ် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၈၃၀ သို့ ရောက်ရှိခဲ့ပြီး၊ ၂၀၁၆ ခုနှစ် ကုန်သွယ်မှု ပမာဏနှင့် နှိုင်းယှဉ်ပါက (၅၁%) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ နဝမအဆင့် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှုတွင် သတ္တမအဆင့် အများဆုံးရင်းနှီးမြှုပ်နှံသူဖြစ်ရာ ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်တွင် နှစ်ဖက်အပြန်အလှန် ကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ သန်း (၁၀၀၀) ပြည့်မီ ကျော်လွန်သည်အထိ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်ခေါင်းဆောင်များက သဘောတူညီခဲ့သည်။

ထို့အပြင် နှစ်နိုင်ငံအကြား အစိုးရအဆင့်၊ လွှတ်တော်အဆင့်၊ ပါတီအဆင့်နှင့် ပြည်သူများအကြား အထူးသဖြင့် လူငယ်များအကြား အပြန်အလှန် ထိတွေ့ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ယုံကြည်မှုများ ပိုမိုခိုင်မာလာမည်ဖြစ်သည်ကို ယုံကြည်ကြောင်း နှစ်ဖက်ခေါင်းဆောင်များက အလေးထားပြောကြားခဲ့သည်။

**ထပ်လောင်းကတိပြု**

ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားရင်ကြားစေ့ရေး ဆောင်ရွက်မှုများကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသည်လည်း ဗီယက်နမ်နိုင်ငံ၏ အောင်မြင်သည့် ပြုပြင်ပြောင်းလဲမှုရလဒ်များ အထူးသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မှုများအပေါ် လေးစားချီးကျူးကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစဉ်များတွင် ဗီယက်နမ်နိုင်ငံ၏ အစဉ်တစိုက် ထောက်ခံအားပေးမှုနှင့် အတွေ့အကြုံများ မျှဝေပေးမှုကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့ပြီး၊ အာဆီယံ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂ စသည့်ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်လည်း ခေါင်းဆောင်နှစ်ဦးက ထပ်လောင်း ကတိပြုခဲ့ကြသည်။

**ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်သည်။ ယင်းအခမ်းအနားတွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံဘက်မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ သွန်းတမ်တို့က လည်းကောင်း၊ ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာသွန်းတမ်တို့က လည်းကောင်း၊ လက်မှတ်ရေးထိုးခဲ့ကြသည်။ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အပြီးတွင် နှစ်နိုင်ငံ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်**

ဧပြီလ ၁၉ ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် International Conference Center ၌ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ဂုဏ်ပြုညစာစားပွဲတွင် ခေါင်းဆောင်နှစ်ဦးလုံးမှ ဆုတောင်းမိန့်ခွန်းများ အပြန်အလှန်ပြောကြားရာ၌ နှစ်နိုင်ငံအနေဖြင့် တူညီသည့် သမိုင်းကြောင်း အတွေ့အကြုံများ ဖြတ်သန်းခဲ့ရကြောင်း၊ အစဉ်အဆက် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ကြောင်းနှင့် နှစ်ဖက်ဘုံအကျိုးစီးပွားအတွက် တူညီသည့် မျှော်မှန်းချက်ဖြင့် ချစ်ကြည်ရင်းနှီးမှု အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌအား လည်းကောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအား လည်းကောင်း၊ လက်ခံတွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းလာစေရန်နှင့် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဗီယက်နမ်စီးပွားရေး လုပ်ငန်းရှင်များ အသီးသီးက တင်ပြကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာတွင် ရရှိနိုင်သည့် အခွင့်အလမ်းနှင့် ကြုံတွေ့ရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**ဟိုချီမင်းနေအိမ်သို့သွားရောက်လေ့လာ**

ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းစစ်သည် ဗိမာန်၌ ပန်းခွေချအလေးပြုခဲ့ပြီး၊ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေအိမ်သို့ သွားရောက်လေ့လာခဲ့သည်။ ထို့ပြင် ဟန္နိုင်းမြို့ မြန်မာသံရုံးတွင် သံရုံးဝန်ထမ်းမိသားစုများ၊ မြန်မာနိုင်ငံမှ ပညာတော်သင်များနှင့် မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့ပြီး၊ မြန်မာသံအမတ်ကြီးနှင့် ဇနီးတို့မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**အပြန်အလှန်လေ့လာရေးခရီးစဉ်**

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့် ဗီယက်နမ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၌ တွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ အစိုးရ၊ လွှတ်တော်နှင့် ပါတီများအကြား ဆက်ဆံရေးနှင့် ပြည်သူများအကြား အထူးသဖြင့် လူငယ်များအကြား အပြန်အလှန် လေ့လာရေးခရီးစဉ်များ စေလွှတ်ထိတွေ့ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

**အတွေ့အကြုံများသုံးသပ်မျှဝေ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ Madame Nguyen Thi Kim Ngan နှင့်လည်း လွှတ်တော်ဥက္ကဋ္ဌရုံး၌ တွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံစဉ် ဗီယက်နမ်လွှတ်တော်၏ အတွေ့အကြုံများနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများကို သုံးသပ် မျှဝေခဲ့ကြပြီး ဒေသတွင်း အာဆီယံနှင့် နိုင်ငံတကာ လွှတ်တော်အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့သည်။

အဆိုပါခရီးစဉ်သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် အဆင့်မြင့်အရာရှိများ လိုက်ပါသွားခဲ့ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၀ ရက်နေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်။**

✻ *ရှေ့ဖုံးမှ*

ပြည်နယ် တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တရားရုံးများအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းထားပြီး မိမိတို့ တရားသူကြီးများနှင့် တရားရေးအရာရှိများသည် တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးနှင့် တရားရုံးစီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခံရသူများ ဖြစ်ပါကြောင်း၊ လွတ်လပ်၍ တရားမျှတသည့် တရားစီရင်ရေးစနစ် ဖြစ်ပေါ်စေရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် မိမိတို့အားလုံးတွင် တာဝန်ရှိကြောင်း။

**ဖွဲ့စည်းဆောင်ရွက်**

မြန်မာနိုင်ငံ၏ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုများကို မဟာဗျူဟာစီမံကိန်းများရေးဆွဲ၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သုံးနှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးနောက် ငါးနှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားစီရင်ရေးမဟာဗျူဟာလုပ်ငန်းစဉ်များကို စီမံခန့်ခွဲရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ပြီးလည်းဖြစ်ကြောင်း။

**အထောက်အကူပြု**

ယခုအခါ တရားစီရင်ရေးနှင့် တရားရုံး စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်အမှုများကို ဥပဒေ၊ ကျင့်ထုံး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် စီရင်ဆုံးဖြတ်ရေး၊ အဂတိတရားကင်းစင်ရေး၊ တရားရုံးသက်သေခံပစ္စည်းများ စနစ်တကျစီမံခန့်ခွဲရေး၊ မှန်ကန်မျှတသော ဝန်ထမ်းရေးရာ စီမံခန့်ခွဲရေးတို့ကို အထူးဦးစားပေး လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များကို မြို့နယ်၊ ခရိုင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်တို့က အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ကြပ်မတ်ဆောင်ရွက်ရန်အတွက် တာဝန်များ သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း၊ သို့မှသာ တရားစီရင်ရေး၏ ရည်မှန်းချက်ဖြစ်သည့် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရေးနှင့် တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ အထူးဦးစားပေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုမှာဖြစ်ကြောင်း ပြောကြားသည်။

**တက်ရောက်**

အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားရေးဦးစီးမှူးများ တက်ရောက်ကြသည်။

**ကျင်းပမည်**

အဆိုပါ အထူးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ရှိ ဆေးရုံများ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသည့်အာဆီယံမြို့ကြီးများ၌ HIV ကင်းစင်ရေးဒေသဆိုင်ရာ အစည်းအဝေးကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရှိုင်ရယ်ဟသ်ာဟိုတယ်တွင် ဧပြီ ၂၀ ရက်က ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အေးဇံတို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပေါင်မြို့နယ် မုတ္တမ တိုက်နယ်ဆေးရုံ၊ ပေါင်မြို့နယ်ပြည်သူ့ဆေးရုံ၊ ခုတင် ၁၀၀ ဆံ့ သထုံခရိုင်ပြည်သူ့ဆေးရုံကြီးတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် သထုံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် အလှူရှင်ဟာဂျီမ ဒေါ်တိုးကြည်နှင့် အလှူရှင်များက ငွေကျပ် ၆၆၂ သိန်းကျော်ဖိုးခန့် လှူဒါန်းထားသည့် ကျောက်ကပ် သွေးသန့်စင်စက်နှင့် ဆေးဝါးပစ္စည်းများ၊ သထုံမြို့နယ် ဆရာတော်ကြီးများ ဦးဆောင်သော ဂိလာနသံဃာ့ ဆေးရုံစောင့်ရှောက်ရေးအဖွဲ့မှ ငွေကျပ် ၂၄၆၆ သိန်း တန်ဖိုးဖြင့် လှူဒါန်းဆောက်လုပ်ခဲ့သော ၁၆ ခုတင်ဆံ့ သံဃာဆောင် အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ပြည်ထောင်စုကားလမ်းမကြီး ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်နေ

**တောင်ကြီး ဧပြီ ၂၁**

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ကားလမ်းမကြီးသည် ရှမ်းပြည်နယ်၏ အဓိကကျသော ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး နိုင်ငံတကာနှင့် ဆက်သွယ်နိုင်သည့် အာဆီယံအဝေးပြေးလမ်းမကြီးလည်းဖြစ်သည်။ မိုင်အားဖြင့် မိတ္ထီလာမှ တာချီလိတ်အထိ ၄၉၀ မိုင် ၄ ဖာလုံရှိသည်။

လမ်းဖောက်လုပ်ပြီးနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန လွိုင်လင်ခရိုင် ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ယခုလမ်းဦးစီးဌာနမှ တာဝန်ယူပြုပြင်ထိန်းသိမ်းခဲ့သည်။ လမ်းစတင်ဖောက်လုပ်စဉ်က ယာဉ်ငယ်ကလေးများသာ သွားလာနိုင်ရန် ရည်ရွယ်၍ ကားလမ်းအကျယ် ၁၀ ပေနှင့် ကားလမ်းသားထု လေးလက်မခွဲသာရှိသည်။ အဆိုပါလမ်းကို ၂၃-၃-၂၀၀၁ မှ ၁၅-၁၁-၂၀၀၂ အထိ ဟုန်ပန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့သည်။



ထို့နောက် ၂၂-၁၁-၂၀၀၂ တွင် ထိုစဉ်က နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုအရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ယခုလမ်းဦးစီးဌာနမှ ပြန်လည်တာဝန်ယူ ပြင်ဆင်ထိန်းသိမ်းပြီး လမ်းအကျယ်ကို ၃၄ ပေချဲ့ခြင်း၊ ကွန်ကရစ်ရေပြွန်များ တည်ဆောက်ခြင်း၊ အမာခံလမ်းအား ကတ္တရာခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ယခုအခါ မိုင်တိုင်အမှတ် ၁၅၂/၇ မှ ၁၉၉/၀ အထိ ၃၆ မိုင် ၁ ဖာလုံအား နေမင်းရောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မိုင်တိုင်အမှတ် ၁၉၉/၀ မှ မိုင်တိုင်အမှတ် ၂၃၃/၀ အထိ ၄၄ မိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့ ၅ နှင့် မိုင်တိုင်အမှတ် ၂၃၃ မှ မိုင်တိုင်အမှတ် ၂၈၁/၆ အထိ ၄၈ မိုင် ၆ ဖာလုံအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့ ၄ မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပြည်ထောင်စုလမ်းမကြီးအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ၇၄၄၄ ဒသမ ၂၆၀ သန်းနှင့် ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေ ၄၀၉၄ ဒသမ ၉၆၈ သန်း စုစုပေါင်း ၁၆၄၁၂ ဒသမ ၀၃၁ သန်း သုံးစွဲ၍ အဆင့်မြှင့်တင်ပြုပြင်ခဲ့ကြောင်းကို ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနမှ တာဝန်ရှိအင်ဂျင်နီယာမှူး တစ်ဦးက ပြောသည်။

အဆိုပါ ပြည်ထောင်စုလမ်းမကြီးမှ “က” စာရင်းဝင်လမ်းမကြီးဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်သည်။ ရှမ်းပြည်နယ်အတွင်းရှိ မိုင်းပွန်မြို့ လွိုင်လင်မြို့ နမ့်စန်မြို့ ခိုလမ်မြို့ ကွန်ဟိန်းမြို့ စသည့်မြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၃၀ တို့အား ဖြတ်သန်းဖောက်လုပ်ထားသော တောင်ပေါ်ကားလမ်းကြီးဖြစ်သည်။

**ခရမ်းစိုးမြင့်**

# စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။


ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ဘော်လခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့၊ ညောင်ဦးမြို့ သာယာဝတီမြို့နှင့် ဟသ်ာတမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပြည်မြို့တွင် ၀ ဒသမ ၅၉ လက်မနှင့် မတူပီမြို့တွင် ၀ ဒသမ ၅၁ လက်မတို့ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**



# ကရင်ပြည်နယ် စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကွင်းဆင်းစစ်ဆေး

**ဘားအံ ဧပြီ ၂၁**

ကရင်ပြည်နယ်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးတွင် မိုးစပါးစိုက်ပျိုးမှုအပြင် နှစ်သီးစားမှ သုံးသီးစားအဖြစ် နွေစပါးကို တောင်သူများ ပိုမိုစိုက်ပျိုးနိုင်ရေး၊ ရော်ဘာထုတ်လုပ်မှုတွင် ဈေးကွက်ဝင် အရည်အသွေးပြည့်မီစေရေးအတွက် တောင်သူများနှင့်တွေ့ဆုံခြင်းနှင့် ကျေးလက်ဒေသ လမ်းတံတားနှင့် ရေရရှိရေး ဆောင်ရွက်ပေးထားမှု အကျိုးဖြစ်ထွန်းမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ပေးရမည့် အခြေအနေများအား ဧပြီ ၂၀ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်ပြည်နယ် သထုံမြို့မှ ကရင်ပြည်နယ်သို့ ညနေပိုင်းတွင် ရောက်ရှိလာပြီး ဦးစွာ ကျေးလက်ဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်သော ဘားအံမြို့နယ် ကျောက်တလုံး (ဝင်းဒရယ်) အုပ်စု သစ်ဖြူပင်ဆိပ်ကျေးရွာတွင် အိမ် ၁၁၅ လုံး အသုံးပြုနေသည့် အိမ်တိုင်ရာရောက် ရေမီတာသုံးရေပေးရေးစနစ်ဖြင့် ၂၄ နာရီ ရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အထက်ကော့ရင်းကျေးရွာ ရွှေလင်ဗန်းရော်ဘာလုပ်ငန်းတွင် ရော်ဘာထုတ်လုပ်မှု အဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေတွင် ရော်ဘာအစေးအရည်ဝယ်ယူခြင်း၊ ရော်ဘာအခြောက်ပြား ဝယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးကာ ဒေသခံ ရော်ဘာစိုက်ပျိုးတောင်သူများ အရည်အသွေးပြည့်မီသော ရော်ဘာအစေးပြားများ ထုတ်လုပ်နိုင်ရေး၊ ဈေးကွက် စသည်များအား ပေါင်းစပ်ညှိနှိုင်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဘားကပ်ကျေးရွာ တောင်သူပညာပေးစခန်း အနီးရှိ ဘားကပ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသော ပညာပေးစံပြကွက်များဖြစ်သည့် တောင်သူ ဦးအေးမြင့်၏ ပထမမိုးစပါး၊ ဒုတိယ ပဲတီစိမ်းအပြီး နွေစပါး (SRI) စနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားသော သက်လျင်ရက် ၉၀ စပါးစိုက်ခင်းအားလည်းကောင်း၊ တောင်သူ ဦးသာအောင်၏ နွေစပါးမျိုးသန့်ဇုန်ကေ ၁၀၀ စိုက်ခင်းအားလည်းကောင်း၊ နွေထယ်ရေးခံခြင်းနှင့် မိုးအကြိုသစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်စိုက်ခင်း) ကေ ၅၀ ဆောင်ရွက်ထားမှု အခြေအနေများအားလည်းကောင်း၊ ဘားကပ်မြစ်ရေတင် စီမံကိန်း၏ ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါး လျာထားကေ ၁၈၅ ကေရှိသော်လည်း လက်ရှိတွင် ၁၉၃ ကေကို ရေပေးဝေနိုင်ပြီး ဆောင်းသီးနှံ အပါအဝင် ကေ ၅၀၀ ရေပေးဝေလျက်ရှိ၍ တရုတ်လှ မြစ်ရေတင်စီမံကိန်းအနေဖြင့် နွေစပါး လျာထားကေ ၁၁၂ ကေအပေါ် ၂၁၈ ကေ တိုးချဲ့စိုက်ပျိုးနိုင်ပြီး ဆောင်းသီးနှံ အပါအဝင် ကေ ၅၀၀ ရေပေးဝေနိုင်မှုရှိနေကာ နွေစပါးနှင့် ဆောင်းသီးနှံ ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ရေပေးဝေနိုင်ရေး အခြေအနေအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဘားကပ်ကျေးရွာ၊ တရုတ်လှကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများနှင့် တွေ့ဆုံပြီး တောင်သူများ၏ စိုက်ရေးပျိုးရေးကဏ္ဍတွင် အခက်အခဲနှင့် တင်ပြတောင်းဆိုမှုများ၊ ဈေးကွက်ဆိုင်ရာ အခြေအနေများအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**နေမျိုးလွင် (မြန်/ဆက်)**

# မြန်မာနိုင်ငံ ကုလသမဂ္ဂ အစည်းအဝေးပုံစံငယ်နှင့် ဥပဒေကျောင်းသားများညီလာခံ ကျင်းပမည်




**ရန်ကုန် ဧပြီ ၂၁**

အာရှဥပဒေကျောင်းသား ကျောင်းသူများ အသင်းမှ ကြီးမှူးကျင်းပမည့် ပထမအကြိမ် မြန်မာနိုင်ငံကုလသမဂ္ဂ အစည်းအဝေးပုံစံငယ်နှင့် ဒုတိယအကြိမ်မြောက် ဥပဒေကျောင်းသားများ ညီလာခံကို ဧပြီ ၂၈၊ ၂၉ ရက်တို့တွင် ရန်ကုန် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ကုလသမဂ္ဂ အစည်းအဝေးကျင်းပပုံများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ခေါင်းဆောင်မှုစွမ်းရည်၊ ဆွေးနွေးညှိနှိုင်းမှုစွမ်းရည်နှင့် သုတေသနစွမ်းရည်များ တိုးတက်လာစေရန်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထနှင့် သံတမန်အလေ့အကျင့်များ တိုးတက်လာစေရန်၊ ကမ္ဘာ့ရေးရာအဖြာဖြာနှင့် ကုလသမဂ္ဂအကြောင်း ပိုမိုသိရှိစေရန် ရည်ရွယ်၍ ပထမအကြိမ် မြန်မာနိုင်ငံကုလသမဂ္ဂ အစည်းအဝေးပုံစံငယ် (Model United Nations Myanmar – MUNM 2018) ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဥပဒေကျောင်းသား ကျောင်းသူများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် ကျောင်းသား ကျောင်းသူများအကြား ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် ဥပဒေကျောင်းသားများ ညီလာခံကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံရှိ ဥပဒေပညာဌာန ၁၈ ခုမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့တက္ကသိုလ်ကို ကိုယ်စားပြု၍ ပညာရေးနှင့် သင်ရိုးညွှန်းတမ်း ပြင်ပဆိုင်ရာ လှုပ်ရှားမှုများ အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်မှုနှင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးကြမည်ဖြစ်သည်။

အာရှဥပဒေ ကျောင်းသား ကျောင်းသူများအသင်း (ASIAN Law Student’s Association) သည် အာရှတိုက်ရှိ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ဥပဒေကျောင်းသား ကျောင်းသူများဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံသည် ၁၆ နိုင်ငံမြောက် အသင်းဝင်ဖြစ်လာခဲ့ကြောင်း သိရသည်။ ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို နိုင်ငံအနှံ့အပြား ပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဧပြီလတွင် ဥပဒေ ကျောင်းသားများ ညီလာခံကို ကျင်းပခဲ့၍ နိုင်ငံတကာသရုပ်ပြတရားခွင်များ၊ ပုံစံငယ်များကို ကျင်းပလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# မြေဆီလွှာ အာဟာရဓာတ်စစ်ဆေးနိုင်ရေးအတွက် မြေနမူနာရယူ နည်းစနစ်သင်တန်းကို ဘိုကလေး၌ဖွင့်

**ဘိုကလေး ဧပြီ ၂၁**

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ လယ်မြေများတွင် မြေဆီလွှာ အာဟာရဓာတ် စစ်ဆေးရန်အတွက် မြေနမူနာရယူနည်းပညာပေးသင်တန်းကို ဧပြီ ၂၁ ရက် နံနက် ၉နာရီက ဘိုကလေးမြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ဒေသက ဆန်စပါးစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုတဲ့ဒေသတစ်ခုဖြစ်တဲ့အတွက် မြေဆီလွှာနဲ့ ပတ်သက်ပြီး ထိန်းသိမ်းဆောင်ရွက်သင့်တဲ့အချက်တွေကို တောင်သူတွေကိုယ်တိုင် သိရှိနေဖို့လိုပါတယ်၊ ဒါမှလည်း မြေဆီလွှာကို အလေးထားပြီး စနစ်တကျစိုက်ပျိုးလာနိုင်မယ်၊ စပါးအထွက်ကောင်းလာမယ်၊ ဆန်စပါးအရည်အသွေးလည်း ပိုကောင်းလာနိုင်တဲ့အတွက် ဒေသစီးပွားရေး ဒီထက်မက ဖွံ့ဖြိုးလာနိုင်ပါတယ်၊ ဒီနည်းစနစ်တွေကို အခုတက်လာတဲ့ သင်တန်းသားတွေကတစ်ဆင့် တောင်သူတွေ သိရှိအောင် သယ်ဆောင်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြောသည်။

အဆိုပါသင်တန်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်က မြေဆီအာဟာရနှင့် ပတ်သက်သည့် သိကောင်းစရာများအား လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချမှုတာဝန်ခံ ဒေါ်ခင်စန်းယုက မြေဆီလွှာ အာဟာရဓာတ်စစ်ဆေးရန် မြေနမူနာယူနည်းစနစ်အများအား လည်းကောင်း ရှင်းလင်းပို့ချခဲ့ရာ သင်တန်းသားများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

သင်တန်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ အပါအဝင် စုစုပေါင်း လူဦးရေ ၃၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# စိုက်ပျိုးမြေများ မြေဆီလွှာတိုးတက်ကောင်းမွန်ရေး Soil Test စစ်ဆေးခြင်းများ ဆောင်ရွက်

**မြောင်းမြ ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်နေသော ရေတော်မိုးတော် စိုက်ပျိုးကေများရှိ လယ်မြေများ မြေဆီလွှာတိုးတက်ကောင်းမွန်ရေးအတွက် မြေနမူနာယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ယခုလို စမ်းသပ်စစ်ဆေးတဲ့အကျိုးကျေးဇူးက မိမိစိုက်ပျိုးတဲ့ လယ်မြေမှာ မြေအချဉ်ဓာတ်၊ အငန်ဓာတ်စတဲ့ မြေအာဟာရဓာတ်တွေကို သိရှိနိုင်မှာဖြစ်ပြီး သီးနှံအထွက်နှုန်းတိုးတက်စေရန်နဲ့ သီးနှံအရည်အသွေးမြှင့်တင်ရေးအတွက် လိုအပ်တဲ့ အာဟာရဓာတ်တွေ ထည့်သွင်းပေးနိုင်မှာ ဖြစ်ပါတယ်” ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ငြိမ်းက ပြောသည်။

မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် တစ်မြို့နယ်လုံး မိုးစပါးစိုက်ကေ ၁၆၅၃၃၇ စိုက်ပျိုးကေအနက် ရေတော်မိုးတော် စိုက်ပျိုးကေ ၁၄၇၉၂၆ ကေတွင် ကေ ၅၀ လျှင် တစ်ကွက်နှုန်း ကိုယ်စားပြုကာ Soil Test စမ်းသပ်မြေနမူနာ အကွက်ပေါင်း ၂၉၆၆ ကွက်ကို ယခုနှစ် မတ်လမှ ၂၀၁၉ ခုနှစ် မေလအထိ စမ်းသပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



**အောင်မင်း (မြောင်းမြ)**

# မြစိမ်းရောင်ကျေးရွာ ၂၉ ရွာ စီမံကိန်း ဆွေးနွေး

**သံတွဲ ဧပြီ ၂၁**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာနှစ်ပတ်လည် စီမံကိန်းသုံးသပ်ပွဲကို ဧပြီလ ဒုတိယပတ်က တောင်ကုတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြစိမ်းရောင်ကျေးရွာများ၏ ကျေးရွာကော်မတီတစ်ဦးစီမှ ကျေးရွာစီမံကိန်းလုပ်ငန်းများအပေါ် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးကြပြီး ရှေ့ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ဇော်ဦးနှင့် သံတွဲ ခရိုင်ကျေးလက်ဒုတိယဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် မြစိမ်းရောင်ကော်မတီဝင်များနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာ ၂၉ ရွာမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**

# အညာမြေဒေသ၏ ထန်းပင်အသုံးဝင်သော်လည်း မပြုန်းတီးစေချင်

ဇွဲထက်ရှင်

**ထန်းပင်သည် အညာကျေးလက်ဒေသများ၏ အလှတရား၊ စာဆိုရှင်တို့၏အနုပညာ၊ ကျေးလက်နေပြည်သူတို့၏ တန်ဖိုးထားရာဖြစ်သည်။ အသီး၊ အရွက်၊ အလက်၊ အပင်၊ အမြစ်မှစ၍ အသုံးဝင်လှသည်မှာ ထန်းပင်ဖြစ်သည်။ "ထန်းပင်ထန်းလက် ထန်းရွက်တွေက တစ်မျှော်တစ်ခေါ်ပါ မောင်ရယ် ကြက်သွန်ခင်းရဲ့အလယ် ညီညွတ်ရင်းနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ရှေးကထက် ပိုချစ်ကြမယ်"ဆိုသည့်အတိုင်း အညာမြေဒေသ၏ ဂုဏ်ယူဖွယ်ရာသင်္ကေတဖြစ်သည့် ထန်းပင်၊ ထန်းတောကြီးများကို အေးမြစိမ်းစိုစွာ အစုလိုက်အတန်းလိုက် မြင်တွေ့ရမည်ဖြစ်သည်။**



ယခုအခါ ကျေးလက်ဒေသနှင့် မြို့ပေါ် ရပ်ကွက်များတွင် လူနေအိမ်များနှင့် အရောင်းဆိုင်ခန်းများဆောက်လုပ်ရာတွင် တန်ဖိုးကြီးသစ်များအစား အပင်ရင့်ထန်းခွဲသားများအား တွင်ကျယ်စွာ အသုံးပြုလျက်ရှိပြီး ထန်းခွဲသား ဈေးကွက် အရောင်းအဝယ်ဖြစ်လျက်ရှိသည့်အပြင် ထန်းပင်ကို ကုန်ချောပြုလုပ်၍ ပရိဘောဂ လုပ်ငန်းအဖြစ် တွင်ကျယ်စွာ လုပ်ကိုင်လာကြသည်။

"ပင်ရင့်ထန်းခွဲသားက အခြားသစ်မာအမျိုးအစားတွေထက် ပိုမာကျောပြီး အကြမ်းခံတယ်၊ ရေမစိုရင် နှစ်ပေါင်းအတော်ကြာတဲ့အထိအောင် ပိုးထိုးဆွေးမြည့်တာမျိုး မရှိဘူး၊ အဘိုးဆောက်တဲ့အိမ် မြေးတစ်သက်နေလို့ရတယ်" မြင်းကင်းကျေးရွာမှ အသက် ၆၀ ကျော်ရှိ လက်သမားဆရာတစ်ဦးက ပြောသည်။

ထန်းသားကို မြို့ပေါ်ရှိ စားသောက်ဆိုင်များ လက်ဖက်ရည်ဆိုင်များနှင့် ဟိုတယ်များမှာ (Country Style)အဖြစ် အသုံးပြုတည်ဆောက်လာကြသည်။ ကျေးရွာများတွင် ထန်းသားကို အိမ်တိုင်၊ ထုပ်တန်း၊ လျှောက်တန်းတွေအတွက် သစ်ဝါးအစားထိုးအသုံးပြုကြသည်။ နှစ် ၇၀ သက်တမ်းရင့်အပင်များကို ခုတ်လှဲပြီး အသုံးပြုကြရသည်ဟု ၎င်းက ဆိုသည်။

### ထန်းလုပ်ငန်းလုပ်ကိုင်သူလည်း နည်းပါးလာ

မကွေးမြို့မှဒေသခံတစ်ဦးက "သစ်တွေကဈေးကြီးလာသလို တန်ဖိုးကြီးတဲ့သစ်ဝါးတွေအစား အပင်ရင့်ထန်းခွဲသားတွေ အစားထိုးသုံးစွဲမှုများပြားလာတော့ ထန်းသားဈေး ထန်းပင်ဈေးလည်း ဈေးနှုန်းမြင့် တက်လာတယ်"ဟု ပြောသည်။

ထန်းသား (၅ × ၂) ပေအရှည် ၁၆ ပေ တစ်ချောင်းကို ငွေကျပ် ၇၀၀၀ ပေးရပြီး ထန်းတစ်ပင် သုံးသောင်းကျပ်ရှိသည်။ ထန်းတစ်ပင် ခုတ်လှဲပြီး (၄ × ၂) ပေအရှည် လေးချောင်းနှင့် (၅ ×၂) ပေအရှည် လေးချောင်းကိုရရန် လက်ခငွေကျပ် လေးသောင်းပေးရသည်။ ထန်းတစ်ပင်ကို ခုတ်လှဲခွဲစိတ်လျှင် အိမ်တိုင်ငါးလုံးနှင့် လေးပေ နှစ်လက်မချောင်း ခုနစ်ချောင်းရရှိကြောင်း၊ သုံးပင်၊လေးပင် နေအိမ်တစ်လုံးဆောက်လျှင် ထန်းငါးပင်ခန့် ခုတ်လှဲရကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ ထို့အပြင် မကွေးမြို့အနီးရှိ ထုံးပေါက်တော၊ ကင်း၊ အုတ်ဖို၊ ကံပြား၊ ဇီးကျွန်းနှင့် အနီးဝန်းကျင် ကျေးရွာများတွင်လည်း ထန်းတောများကို ခပ်စိပ်စိပ် တွေ့မြင်ရပြီး ခုတ်လှဲရမည့် သက်ရင့်ပင်များကို ပင်ပြတ်ဈေးနှုန်းအဖြစ် ယခင်က ငွေကျပ် ၁၅၀၀၀ ဝန်းကျင်ရှိရာမှ ယခုအခါ ငွေကျပ် ၃၅၀၀၀ ဝန်းကျင်အထိ ဈေးပေါက်လျက်ရှိကြောင်း သိရသည်။

ထန်းပင်တို့၏ ပျမ်းမျှအမြင့်မှာ ပေ ၆၀ မှ ၈၀ ဝန်းကျင်ဖြစ်ပြီး ထိုထက်မြင့်သည့် အပင်များလည်း ရှိတတ်သေးသည်။ ထန်းပင်တို့၏ သက်တမ်းမှာ နှစ် ၁၅၀ မှ ၂၀၀ အထိရှိသည်။ ယခုအခါ ထန်းပင်တက် လုပ်သားရှားပါးလာပြီး၊ ထန်းလုပ်ငန်းလုပ်ကိုင်လာသူလည်း နည်းပါးလာသည်ဟု ဆိုကြသည်။

### ထန်းပါကေးကုန်ချောပစ္စည်းများကို လာရောက်ပြသ

"မကွေးမြို့နယ်အတွင်းက ကျေးလက်ဒေသတွေမှာ ထန်းပင်အခြေကို ထိုင်ခုံများအဖြစ်အသုံးပြုကြပြီး ထန်းပင်ရဲ့ပင်စည်ကိုတော့ တံတားထိုးခြင်းနဲ့အဆောက်အအုံတွေ ဆောက်လုပ်တဲ့နေရာမှာ အသုံးပြုကြပါတယ်၊ ဒါ့အပြင် ထန်းရွက်ကိုတော့ အိမ်ခေါင်မိုးတွေနဲ့ ကာဖို့အတွက် အသုံးပြုကြပြီး ထန်းလက်ကိုတော့ ကုလားထိုင်တွေပြုလုပ်တဲ့နေရာမှာ အသုံးပြုလာကြပါတယ်"ဟု သဲရင်းတောကျေးရွာမှ ဦးကြည်ခိုင်က ပြောသည်။

မကွေးမြို့ရှိ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံနှင့် လွတ်လပ်ရေးပန်းခြံကြားလမ်းတို့တွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ အသေးစား စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သော နိုင်ငံတော်အသိအမှတ်ပြု ဒေသဆိုင်ရာ MSME ထုတ်ကုန်များ ပြသရောင်းချပွဲကို သုံးရက်ကြာ ကျင်းပခဲ့သည်။ ထိုပွဲ၌ ပခုက္ကူမြို့ စက်မှုဇုန်မှ ထန်းပင်၏ ခုတ်ဖြတ်ထားသော ထန်းသားများကို ပေါင်းပြီးသား ထန်းပါကေး ကုန်ချောပစ္စည်းများကို လာရောက် ပြသပေးခဲ့သည်။

### တန်ဖိုးရှိအောင်လုပ်ချင်

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက "ဒီလိုပွဲမျိုးကို ဆက်လက်လုပ်ဆောင်မယ့် ရောဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့ကပါ လာရောက်လေ့လာကြပါတယ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးတဲ့ ပြပွဲတစ်ခုဖြစ်တဲ့အပြင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးမှုကိုပြသတဲ့ အောင်ပွဲလို့လည်း ပြောလို့ရပါတယ်၊ ကျွန်တော်တို့ နိုင်ငံမှာ စီးပွားရေးလုပ်ငန်းအားလုံးရဲ့ ၉၉ ဒသမ ၉ ရာခိုင်နှုန်းဟာ MSMEs များဟု ဆိုပေမယ်လို့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာတော့ MSMEs လုပ်ငန်းက ရာနှုန်းပြည့်လို့ ပြောရမှာပါ၊ ဒါ့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ MSMEs တွေကို စနစ်တကျ ကူညီပံ့ပိုးပေးနိုင်တာနဲ့အမျှ တိုင်းဒေသကြီးရဲ့လူမှုစီးပွား ဘဝတွေဟာလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပြပွဲ၊ ပြိုင်ပွဲတွင် မကွေးတိုင်းဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် နှမ်း၊ မြေပဲ၊ ဆီ၊ စလင်းဝက်သည်းကန်မှ ပဒုမ္မာကြာဖြင့် ပြုလုပ်သည့်ပစ္စည်းများ၊ထန်းပင်နှင့်ပြုလုပ်သည့် ပရိဘောဂပစ္စည်းများ၊ မကွေးနည်းပညာတက္ကသိုလ်မှ တီထွင်မှုပစ္စည်းများနှင့် ဒေသထွက်ကုန်များ၊ ချင်းပြည်နယ်မှ ဒေသထွက်သီးနှံများနှင့် ရိုးရာယဉ်ကျေးမှု ထုတ်ကုန်ပစ္စည်းများ၊ ရခိုင်ပြည်နယ်မှ ရေထွက်ပစ္စည်းများဖြစ်သည့် ပုစွန်ခြောက်၊ ငါးခြောက် စသည်တို့နှင့် ရိုးရာထုတ်ကုန်ပစ္စည်းများ၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ ဒေသထွက်အစားအစာနှင့် ဖျော်ရည်အမျိုးမျိုး ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ပြသရောင်းချလျက်ရှိသည်။ ပခုက္ကူ စက်မှုဇုန်မှ SEIN SOE SAN COMPANY LTD. သစ်အချောထည်စက်ရုံမှ Production မန်နေဂျာ ဦးဆန်းဝင်းက "ကျွန်တော်တို့ အရင်တုန်းက သစ်လုပ်ငန်းလုပ်တယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က သစ်လောကကို ဖြတ်သန်းလာတော့ အခု အညာဒေသကို ရောက်လာပြီး ကျွန်တော်တို့ အညာဒေသမှာ သယံဇာတတွေရှိတယ်၊ ပြီးတော့ ဒါလေးတွေကို စနစ်တကျ စည်းကမ်းရှိရှိနဲ့ အသုံးကျအောင်လို့ မန်နေဂျင်း ဒါရိုက်တာရယ်၊ ကျွန်တော်ရယ် ပူးပေါင်းမိတော့ ထန်းသားထန်းမြစ် အလေအလွင့်တွေကို တန်ဖိုးမြင့်အောင်၊ တန်ဖိုးရှိအောင်လုပ်ချင်ပြီးတော့ ပခုက္ကူမှာပဲ တွေ့ကြတယ်၊ အဲ့ဒီလို တွေ့ကြပြီး သူ့ရဲ့အိပ်မက်နဲ့ ကျွန်တော်တို့ လက်တွေ့အကောင်အထည်ဖော်ဖြစ်ကြတယ်၊ သူများနိုင်ငံကို ကုန်ကြမ်းအဖြစ် မရောင်းချင်ဘဲ ကုန်ချောအနေနဲ့ ကိုယ့်နိုင်ငံမှာ ကုန်ချောအဖြစ် ထုတ်လုပ်ချင်တဲ့ စိတ်နဲ့တစ်ဦးနဲ့တစ်ဦး ပူးပေါင်းအကောင်အထည်ဖော်မိတယ်၊ မရောင်းရလည်း ကိုယ့်ဘာသာကို သုံးမှာပါ"ဟု ပြောသည်။

### ထိန်းသိမ်းကာကွယ်မှုများပြုလုပ်ရန်လိုအပ်

သုံးထားပြီး စွန့်လွှတ်ထားသော ထန်းသား ထန်းမြစ်များကို ရေရှည်ခံ ရေစိုခံနိုင်ရန် ပေါင်းပြီးသား ထန်းပါကေးအဖြစ် SEASONS နဂါးဆက်တီ အကြီး၊ SEASONS ပန်းဆက်တီ အကြီး၊ SEASONS EU ဆက်တီအကြီး၊ ကျောကော့ အလတ်တို့ကို တစ်ယောက်ထိုင်ခုံ လေးလုံး၊ သုံးယောက်ထိုင်ခုံတစ်လုံးနှင့် Side Table၊ Center Table များ ထုတ်လုပ်ထားသည်။ အသေးဆုံး ဆေးလိပ်ခံခွက်မှ လည်ရှည်လည်တို ပန်းအိုးများ၊ ရေနွေးအိုးအစုံ၊ ဝိုင်ခွက်၊ မြသပိတ်၊ ကလပ်၊ ထမင်းကြုတ်နှင့် ပွတ်လုံးကုလားထိုင်၊ ရိုးရိုးကုလားထိုင်၊ တံခါးပေါက်၊ အိပ်ခုတင်အထိ ထုတ်လုပ် ထားသည်။ အသေးဆုံးပစ္စည်း ငွေကျပ် ၃၅၀၀ မှ ဆက်တီအစုံ ငွေကျပ် ၉၄ သိန်းကျော် အထိ ထုတ်လုပ်ထားသည်ဟု ၎င်းထံမှ သိရသည်။

ခေတ်မီဖွံ့ဖြိုးလာသောခေတ်အခြေအနေမှာ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များဖွင့်ရန်အတွက်လည်း စီးပွားရေးလုပ်ငန်းရှင်များက စားသုံးသူများကိုဆွဲဆောင်ရန် ရိုးရာဓလေ့ဆန်သည့် ထန်းပင်များကို အသုံးပြုလာကြသည်။ အညာဒေသ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ မြို့နယ်အတွင်း သွားလေရာဒေသလမ်းတစ်လျှောက်တို့တွင် မြင်တွေ့ရသော လမ်းဘေးတဲကလေးများ၊ စားသောက်ဆိုင်အများစုမှာ အဆောက်အအုံများ ဆောက်လုပ်ရန် ထန်းပင်ကိုအရင်းအမြစ်အဖြစ် အသုံးပြုလာသည်ကို မြင်တွေ့နိုင်ကြသည်။ ကျေးလက်ဒေသများအထိ ထန်းသားများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်းက သစ်အသုံးမပြုနိုင်သူများအတွက် ကောင်းကျိုးတွေဖြစ်လာနိုင်သော်လည်း ထန်းပင်များကို တွင်တွင်ကျယ်ကျယ် ခုတ်လှဲရောင်းချပြီး ထန်းတောကြီးများ ပျက်သုဉ်းသွားနိုင်ခြင်းမရှိရန် ထိန်းသိမ်းသင့်သည်။ ထို့ကြောင့် စိမ်းလန်းစိုပြည်ရေးကို ထိခိုက်စေနိုင်သလို သဘာဝရာသီဥတု ဂေဟစနစ်ကိုလည်း ပျက်စီးနိုင်သည့်အတွက် ထန်းပင်၊ ထန်းတောကြီးများ မပျက်စီး၊ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ်မှုများပြုလုပ်ရန် လိုအပ်သည်ဟုလည်း ဆိုရမည်ဖြစ်သည်။ ။

**"အညာဒေသ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ မြို့နယ်အတွင်း သွားလေရာဒေသ လမ်းတစ်လျှောက်တို့တွင် မြင်တွေ့ရသော လမ်းဘေး တဲကလေးများ၊ စားသောက်ဆိုင် အများစုမှာ အဆောက်အအုံများ ဆောက်လုပ်ရန် ထန်းပင်ကို အရင်းအမြစ်အဖြစ် အသုံးပြုလာသည်ကို မြင်တွေ့နိုင်ကြသည်။ ကျေးလက်ဒေသများအထိ ထန်းသားများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်းက သစ်အသုံးမပြုနိုင်သူများအတွက် ကောင်းကျိုးတွေ ဖြစ်လာနိုင်သော်လည်း ထန်းပင်များကို တွင်တွင်ကျယ်ကျယ် ခုတ်လှဲရောင်းချပြီး ထန်းတောကြီးများ ပျက်သုဉ်းသွားနိုင်ခြင်းမရှိရန် ထိန်းသိမ်းသင့်"**

# ရောဝတီမြစ်အတွင်း စွန့်ပစ်အမှိုက်သရိုက်များအား စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**မြစ်ကြီးနား မေ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ ရောဝတီမြစ်အတွင်း စွန့်ပစ်အမှိုက်သရိုက်များအား စုပေါင်းသန့်ရှင်းရေး လုပ်ငန်းကို မေ ၂၁ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ မြို့မရပ်ကွက် စည်ပင်သာယာမြစ်ဆိပ်မှ မင်းရပ်ရပ်ကွက် ကိုယ်ကာယလေ့ကျင့်ရေး ပြည်သူ့အားကစားကွင်း မြစ်ဆိပ်အထိ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့ပေါ် ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက အရှည်ပေ ၃၀၀၀ ကျော်ရှိ ရောဝတီမြစ်အတွင်း စည်းကမ်းမဲ့စွန့်ပစ်အမှိုက်သရိုက်များအား ကောက်ယူသိမ်းဆည်းကာ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အမှိုက်သိမ်းယာဉ် သုံးစီးဖြင့် သတ်မှတ်အမှိုက်ပုံကွင်း၌ စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

ဝင်းနိုင်- ကချင်မြေ



# သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့် အောက်မေ့ဖွယ် ဂုဏ်ပြုအခမ်းအနား ရန်ကုန်မြို့၌ကျင်းပ

ရန်ကုန် ဧပြီ ၂၁

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်၊ သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့် အောက်မေ့ဖွယ် ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ (သီရိခန်းမ) ၌ ကျင်းပသည်။** (အောက်ပုံ)




ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုပြီး ဒီမိုကရေစီ အရေးတော်ပုံ အဆက်ဆက်တွင် အသက်ပေးသွားခဲ့ကြသည့် ရဟန်းရှင်လူ ကျောင်းသား ပြည်သူအပေါင်းနှင့် ဟံသာဝတီ ဦးဝင်းတင်အား အောက်မေ့သတိရ ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့် ငြိမ်သက်ကြသည်။

ထို့နောက် ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ အတ္ထုပ္ပတ္တိ အကျဉ်းနှင့် ကွယ်လွန်ခြင်းလေးနှစ်ပြည့် အခမ်းအနားကျင်းပရခြင်းအကြောင်းတို့ကို ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းမှတာဝန်ရှိသူတို့က ဖတ်ကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှတ်တရစကား ပြောကြားရာတွင် "ဂုဏ်ပြုထိုက်သူတွေကို ဂုဏ်ပြုဖို့လိုအပ်ပါတယ်၊ ကျွန်တော်တို့အားလုံးရဲ့ရင်ထဲမှာ ဘဘဟံသာဝတီ ဦးဝင်းတင်ရဲ့ စိတ်ဓာတ်တွေ၊ ခွန်အားတွေ၊ သူ့ရဲ့ယုံကြည်ချက်တွေဟာ စဉ်ဆက်မပြတ် ကိန်းအောင်းနေမယ်လို့ ယုံကြည်ပါတယ်၊ ကျွန်တော်တို့ဟာ အခုအချိန် နိုင်ငံတော် တာဝန်တွေကို တာဝန်ယူဆောင်ရွက်တဲ့နေရာမှာ ဘဘရဲ့ သင်ကြားပေးမှုတွေ၊ လမ်းညွှန်ပြသခဲ့မှုတွေက ကျွန်တော်တို့အတွက် ကောင်းမြတ်တဲ့ ရည်မှန်းချက်တွေအတွက် ဆောင်ရွက်သွားနိုင်ဖို့ ခွန်အားတစ်ရပ် ဖြစ်စေခဲ့ပါတယ်၊ လမ်းညွှန်မှုတစ်ရပ် ဖြစ်စေခဲ့ပါတယ်" ဟု ပြောကြားသည်။

### သဝဏ်လွှာများ ဖတ်ကြား

ယင်းနောက် ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်း နာယကအဖွဲ့ဝင် စာရေးဆရာကြီး ဦးမိုးသူနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုအမှတ်တရစကားများ ပြောကြားခြင်းနှင့် ဂုဏ်ပြုကဗျာရွတ်ဆိုခြင်းတို့ကို ပြုလုပ်ကြပြီး အခမ်းအနားသို့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများမှ ပေးပို့သည့်သဝဏ်လွှာများကို ဖတ်ကြားကာ မှတ်တမ်းတင်သည်။

### တက်ရောက်

ယနေ့အခမ်းအနားကို ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းက ကြီးမှူး၍ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ စာပေအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များ၊ ဖိတ်ကြားထားသူများနှင့် ဆရာကြီးဟံသာဝတီ ဦးဝင်းတင်ကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသူများက မြောက်ဥက္ကလာပမြို့နယ် ရေဝေးသုသာန်ရှိ ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်အုတ်ဂူသို့ သွားရောက်ကာ ဂါရဝပြုကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမအနီးရှိ မဟာဗန္ဓုလပန်းခြံအတွင်း၌ ဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း လေးနှစ်ပြည့် အောက်မေ့ဖွယ် အထိမ်းအမှတ်အဖြစ် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းတို့ကိုလည်း ပြုလုပ်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**

# အိန္ဒုကျေးရွာ၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ပြည်သူလူထုတို့တွေ့ဆုံ



**ဘားအံ ဧပြီ ၂၁**

ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ JMC-S ( ကရင် )နှင့် ပြည်သူလူထုတို့ တွေ့ဆုံပွဲကို ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီခွဲက အိန္ဒုကျေးရွာ မွန်ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

JMC-S ( ကရင် ) ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဖွဲ့စည်းပုံ၊ လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများ၊ ပြည်သူလူထုနှင့်ပူးတွဲ၍ ဆောင်ရွက်မှုများ၊ လက်ရှိလုပ်ဆောင်နေသည့် လုပ်ငန်းများ၊ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ စောင့်ကြည့်နေသည့်အရာများ၊ မည်သည့်ကျင့်ဝတ်များကို လိုက်နာရန် စောင့်ကြည့်နေသည့် အကြောင်းအရာများကို ကော်မတီဝင်များက ပြည်သူလူထုနှင့် အနီးကပ် လာရောက်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် အိန္ဒုကျေးရွာသို့ ကော်မတီဝင်များ လာရောက်ရသည့် အကြောင်းအရင်း၊ JMC ၏ ဖွဲ့စည်းပုံ၊ လုပ်ဆောင်ချက်နှင့်တာဝန်များ၊ NCA စာချုပ်ဖြစ်ပေါ်လာရသည့် အကြောင်းအရင်း၊ နှစ်ဖက်တပ်များ လိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စစ်ဘက်ကျင့်ဝတ်များ၊ အရပ်သားပြည်သူနှင့် ပတ်သက်၍ စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းချက်များ၊ တိုင်ကြားမှုများနှင့်အငြင်းပွားမှုများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ကော်မတီများက တင်ပြရှင်းလင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် အိန္ဒု၊ ကော့စိန်ဘန်(အထက်)၊ ကော့စိန်ဘန်(အောက်)၊ မြပြည်၊ လွန်းည၊ နောင်လုံကျေးရွာများမှ ဒေသခံပြည်သူများ၏ တင်ပြချက်၊ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

JMC-S ( ကရင် )ကို ၂၀၁၆ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဘားအံ၊ ကာမမောင်း၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် လှိုင်းဘွဲ့မြို့နယ်များရှိ ပြည်သူလူထုတို့နှင့် တွေ့ဆုံခဲ့သည်မှာ စုစုပေါင်း ၁၃ ကြိမ် ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တောင်ဇင်းကျေးလက်ရေပေးဝေရေးလုပ်ငန်းများအား တာဝန်ရှိသူများအဖွဲ့ မြေပြင်ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဧပြီ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံးမှ ညောင်ဦးမြို့နယ် တောင်ဇင်းတိုက်နယ်အတွင်းရှိ ကန်ကြီးကုန်း(တ)ကျေးရွာ၊ ကန်ကြီးကုန်း(မ)ကျေးရွာ၊ ကောင်းတော်စစ်ကျေးရွာ၊ သံပြင်တောကျေးရွာ၊ မကျီးတန်းကျေးရွာနှင့် ကွမ်းဖလားကျေးရွာတို့မှ ဒေသခံကျေးလက်နေ ပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုငွေဖြင့် တောင်ဇင်းတိုက်နယ်အတွင်း ဆောင်ရွက်ထားရှိသည့် ရောဝတီမြစ်ရေတင်စနစ် ရေစက်ရုံငါးခုမှ စက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းနှင့် ကျေးလက်မြစ်ရေတင်ပိုက်လိုင်း တိုးချဲ့သွယ်တန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ကွင်းဆင်းကြည့်ရှု

ယခုအခါ အဆိုပါ ကျေးလက်မြစ်ရေတင် ကျေးလက်ရေပေးဝေရေး ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီခွဲက ဆောင်ရွက်ပြီးစီးမှု အခြေအနေအား နေပြည်တော်(ရုံးချုပ်) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမင်းဦးနှင့်အဖွဲ့မှ လာရောက်ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။



### စနစ်တကျ ဖြန့်ဝေပေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ရိုန်က ဒေသခံ ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ သုံးစွဲသွားနိုင်ရေးအတွက် ညောင်ဦးမြို့နယ် တောင်ဇင်းတိုက်နယ်အတွင်းရှိ ဧရာဝတီမြစ်ရေတင်စနစ်ဖြင့် ကျေးရွာများသို့ ဖြန့်ဖြူးပေးလျက်ရှိသည့် ရေစက်ရုံငါးခုတွင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေဖြင့် ရေမော်တာနှင့် ပန့်များ (အသစ်) တပ်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ညောင်ဦးမြို့နယ် ကန်ကြီးကုန်း(တ)ကျေးရွာ၊ ကန်ကြီးကုန်း(မ)ကျေးရွာ၊ ကောင်းတော်စစ်ကျေးရွာ၊ သံပြင်တောကျေးရွာ၊ မကျီးတန်းကျေးရွာနှင့် ကွမ်းဖလားကျေးရွာတို့မှ ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန် ရေပိုက်လိုင်းများ တိုးချဲ့သွယ်တန်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်(ရုံးချုပ်) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမင်းဦးက လိုအပ်သည်များကို ညွှန်ကြားခဲ့ပြီး ယခုကဲ့သို့ နွေရာသီအချိန်တွင် ကျေးရွာများရှိ ဒေသခံကျေးလက်နေ ပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ဧရာဝတီမြစ်ရေတင်စနစ်ဖြင့် ဖြန့်ဝေပေးနေသည့် ရေစက်ရုံများတွင် စဉ်ဆက်မပြတ် ရေများဖြည့်တင်း ဆောင်ရွက်ထားရှိပြီး ကျေးရွာများသို့ သောက်သုံးရေများ စနစ်တကျ ဖြန့်ဝေပေးသွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မော်လမြိုင်ကျွန်းမြို့နယ် ငြိမ်းအေးချမ်းသာစေတီတော်အုတ်မြစ်တော်စီနှင့် ပထမအကြိမ် အလှူတော်ငွေစုပေါင်းပေးအပ်




**မော်လမြိုင်ကျွန်း ဧပြီ ၂၁**

မော်လမြိုင်ကျွန်းမြို့နယ် ပင်လယ်ပိုင်းဒေသ ကြက်လျှာကျေးရွာအုပ်စု ညီနောင်ကြီးကျေးရွာ၌ တည်ထားမည့်ဉာဏ်တော် ၂၇ တောင်ရှိ ငြိမ်းအေးချမ်းသာ ဓာတ်ပေါင်းစုစေတီတော်အုတ်မြစ်တော်စီ မင်္ဂလာနှင့်ပထမအကြိမ်အလှူတော်ငွေ စုပေါင်းပေးအပ်ပွဲကို ဧပြီ ၂၁ ရက်က စေတီတည်ထားမည့် မြေနေရာ၌ ကျင်းပသည်။

ယင်းအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် ညီနောင်ကြီး ဆရာတော် ဘဒ္ဒန္တဓမ္မနန္ဒ၊ စေတီတော်တည်ထားရေး အကျိုးတော်ဆောင်များ၊ ဂေါပကများနှင့် အလှူရှင်များက ဂြိုဟ်ကြီးရှစ်ခွင်အလိုက် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်နှင့် ကျောက်စိမ်းအုတ်များကို သတ်မှတ်ထားသောနေ့နံအလိုက် အုတ်မြစ်တော်စီကြပြီး စေတီတော် တည်ထားရေးနာယက ဦးကျော်ဆွေက အောင်ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ် ငြိမ်းအေးချမ်းသာ ဓာတ်ပေါင်းစုစေတီတော် ပထမအကြိမ် အလှူတော်ငွေ စုပေါင်းပေးအပ်ပွဲကို သာသနာ့ပွင့်ဦးကျောင်းတိုက် အောက်ထပ်ခန်းမ၌ ကျင်းပရာ ညီနောင်ကြီးကျေးရွာဒေသခံပြည်သူများကိုယ်စား မတည်အလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ် ၁၅ သိန်းအား စေတီတော်တည်ထားရေးကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

**မော်ကျွန်း-မြင့်အောင်**

# ကဆုန်ညောင်ရေသွန်းပွဲတော် သုံးခွမြို့နယ်တွင် ကျင်းပမည်

**သုံးခွ ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် ၄ ရပ်ကွက်ရှိ မြို့၏ကျက်သရေဆောင် ရှစ်မျက်နှာစေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်းရှိ ရှစ်ကျိပ်တစ်ဆူဘုရား အာရုံခံတန်ဆောင်းအတွင်း တည်ထားကိုးကွယ်လျက်ရှိသော ဘုရား၊ ရဟန္တာများအား ရှစ်ကျိပ်တစ်ဆူဘုရား ဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဧပြီ၂၉ ရက် (ကဆုန်လပြည့်နေ့) ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ညောင်ရေသွန်းပွဲတော်တွင် ရှစ်ကျိပ်တစ်ဆူဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များက ပြည်သူများ ကြည်ညိုသဒ္ဓါတရားပွားများစေရန် နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ရှစ်ကျိပ်တစ်ဆူမြတ်စွာဘုရားနှင့် ရဟန္တာ၊ ရုပ်ပွားဆင်းတုတော်များကို ပင့်ဆောင်ရေးမော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ကုမ္မာရီအမျိုးသမီးငယ်များ၊ ဝတ်အသင်းသူများက ဆင်းတုတော်ရုပ်ပွားတော်များနှင့် ပရိတ်ညောင်ရေအိုးများကို ဦးခေါင်းထက်တွင် ပင့်ဆောင်၍လည်းကောင်း မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီအပူဇော်ခံကြွရောက်တော်မူမည်ဖြစ်ကြောင်း သိရှိရသည်။

ဘုရားများမပင့်ဆောင်မီ နံနက်ပိုင်းတွင် စေတနာအလှူရှင်များက အာဟာရဖြင့် ဒါနပြုလှူဒါန်းပြီး ဘုရားပင့်ဆောင်ရာ လမ်းတစ်လျှောက်တွင်လည်း အလှူရှင်များက ရေသန့်ဘူးများ၊ အချိုရည်ဘူးများ၊ မုန့်များဖြင့် ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် အမှတ် ၉ ရပ်ကွက် ဝဲပြန်ကျောင်းတိုက်၊ အမှတ် ၇ ရပ်ကွက် လေးကျွန်းမာရ်အောင် စေတီတော်၊ အမှတ် ၅ ရပ်ကွက် ဝိဇ္ဇောဒယဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အမှတ်၂ ရပ်ကွက် မဟာဗောဓိစာသင်တိုက်တို့ရှိ မဟာဗောဓိညောင်ပင်တို့ကို ညောင်ရေသွန်းလောင်းပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# မိုးကောင်းမြို့၌ စာပေဟောပြောပွဲကျင်းပမည်

**မိုးကောင်း ဧပြီ ၂၁**

မိုးကောင်းမြို့နယ် စာပေဖွံ့ဖြိုးတိုးတက်ရေးအသင်းက ဦးဆောင်၍ စာပေဟောပြောပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မိုးကောင်းမြို့နယ်တွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် နာရေးကူညီမှု အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူနှင့် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင် ဟာသသရုပ်ဆောင် ဦးညီဂျော်တို့၏ စာပေဟောပြောပွဲကို မြို့နယ်စာပေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဦးဆောင်၍ မေ ၂ရက် ည ၇ နာရီခွဲတွင် မိုးကောင်းမြို့ ဈေးကုန်းရပ်ရှိ သာသနာ့ဗိမာန်တွင် ကျင်းပမည်ဖြစ်သည်။

"စာပေဟောပြောပွဲတွေကို ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ကျင်းပရာမှာ အခုအကြိမ်က လူငယ်တွေ ပရဟိတလုပ်ငန်းမှာ စိတ်ဝင်စားပြီး ပိုမိုပါဝင်လာစေဖို့နဲ့ ပရဟိတလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ်ကျင်းပပေးတာပါ" ဟု စာပေဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးကျော်စိုး (နဝဒေး) က ပြောသည်။

**မင်းမင်းဦး**

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ အဆက်မပြတ်ဝင်ရောက် လည်ပတ်လျက်ရှိ

**တာချီလိတ် ဧပြီ ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ အဆက်မပြတ်ဝင်ရောက်လည်ပတ်လျက်ရှိရာ ဧပြီ ၁ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံနှင့် တတိယနိုင်ငံသားများ နေ့ချင်းပြန်ခရီးသည်ပေါင်း ၄၀၁၅၅ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ခရီးစဉ်တွင် ၄၉၇ ဦး၊ ဗီဇာဖြင့် တာချီလိတ်မြို့မှတစ်ဆင့် ပြည်တွင်းသို့ ၅၂၂ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အလားတူ ခရီးသွားဧည့်သည်များသည် ဇန်နဝါရီလတွင် ၈၁၈၁၄ ဦး၊ ဖေဖော်ဝါရီလတွင် ၆၆၈၅၇ ဦး၊ မတ်လ တွင် ၇၁၄၆၈ ဦး၊ ဧပြီ ၁ ရက်မှ ၁၉ ရက်အထိ ၄၁၁၇၄ ဦး၊ ၂၀၁၈ ခုနှစ်အတွင်း စုစုပေါင်း ၂၆၁၃၁၃ ဦး ဝင်ရောက်လည်ပတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါခရီးသွားဧည့်သည်များသည် နေ့ချင်းပြန်ခရီးအဖြစ် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ ဘုရင့်နောင် ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ဝမ်ကောင်းရပ်ကွက်ရှိ မြို့မဈေး၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ဓမ္မာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ အာခါဈေး၊ တရုတ်ဘုံကျောင်းသို့လည်းကောင်း၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ သမိုင်းဝင်ဆုတောင်းပြည့် စွန်တောင်းစေတီ၊ ဘီလူးရှာ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရား၊ စွန်တောင်းစေတီ၊ ရပ်တော်မူဘုရား၊ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ ကမ္ဘာအေးစေတီ၊ လွယ်မွေဒေသ၊ ပင်းတောက်ရေတံခွန် စသည့်အထင်ကရနေရာများသို့ သွားရောက်ကာ ဘုရားဖူးခြင်းနှင့် ရေမြေတောတောင်သဘာဝ အလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာသည့်အပြင် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းရှိ အထင်ကရဒေသများသို့ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်း၏ ပြောပြချက်အရ သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**





# ဂေဘားယဉ်ကျေးမှု နှစ် (၅၀)ပြည့်နှင့် စာပေနှစ် (၁၅၀) ပြည့် အခမ်းအနားကျင်းပ

**လွိုင်ကော် ဧပြီ ၂၁**

ဂေဘားတိုင်းရင်းသားလူမျိုးတို့သည် မိမိတို့၏ ဆင်းသက်လာပုံသမိုင်းကြောင်း၊ ယဉ်ကျေးမှု နှစ်(၅၀)ပြည့်နှင့် စာပေခရီး နှစ်(၁၅၀) ပြည့် သမိုင်းတို့ကို နောင်လာမည့် မျိုးဆက်သစ်သားသမီးမြေးမြစ်များ သိရှိနားလည်လာစေရန်အတွက် ရည်ရွယ်ပြီး ဧပြီ ၂၁ ရက်က လွိုင်ကော်မြို့ နောင်ယား(ခ) ရပ်ကွက် ကက်သလစ် ဓမ္မာရုံ၌ ဂေဘားယဉ်ကျေးမှုနှစ်(၅၀) ပြည့်နှင့် စာပေနှစ်(၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့သည်။

ဆက်လက်ပြီး ဂေဘားစာပေနှင့်ယဉ်ကျေးမှုအသင်းဒုတိယဥက္ကဋ္ဌ ခိုးဂျော့လုဒင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကယားပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေက အားပေးစကားပြောကြားခဲ့သည်။


ထို့နောက် ဂေဘားယဉ်ကျေးမှု နှစ်(၅၀)ပြည့်နှင့် စာပေနှစ်(၁၅၀)ပြည့် အထိမ်းအမှတ်စာတမ်းအား ဂေဘားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ခိုးရိုမားနိုက ဂေဘားလူမျိုးများ ဆင်းသက်လာပုံ သမိုင်းအကျဉ်း၊ ဂေဘားစာပေသမိုင်း၊ ဂေဘားစာပေကိုအခြေခံပြီး ထပ်ဆင့်ဖြစ်ပေါ်လာသော စာပေများ၊ ဂေဘားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ၏ လှုပ်ရှားဆောင်ရွက်ချက်များအား ဖတ်ကြားတင်ပြခဲ့သည်။


ထို့နောက် ဂေဘားစာပေနှင့် ယဉ်ကျေးမှုအသင်း၏ ကိုယ်စား ခိုးဂေဂရီပါးကယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂေဘားယဉ်ကျေးမှုအကအဖွဲ့များက ဝါးညှပ်အက၊ စပါးနယ်အက၊ ဓားသိုင်းအက၊ ဒိုင်းအက၊ အိမ်သစ်တက်ပွဲအက တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဂေဘားတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း ၄ နှစ်ပြည့် အထိမ်းအမှတ် မန္တလေးမြို့ အမရပူရ တောင်လေးလုံးကျောင်းတိုက်၌ကျင်းပ

မန္တလေး ဧပြီ ၂၁

**သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း ၄ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်အင်းစောင်းရှိ တောင်လေးလုံး ကျောင်းတိုက် သူဌေးဘုရားရင်ပြင်တော်၌ ကျင်းပခဲ့သည်။**

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့မှ သတင်းစာဆရာကြီးများ၊ စာရေးဆရာကြီးများ၊ ကဗျာဆရာများ၊ ဆရာကြီးဦးဝင်းတင်အား ကြည်ညိုလေးစားသောပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြပြီး သတင်းစာဆရာကြီးဟံသာဝတီဦးဝင်းတင်အား ဂုဏ်ပြုသောအားဖြင့် တက်ရောက်လာသူများက တစ်မိနစ်ငြိမ်သက်ပြီးနောက် အခမ်းအနားကို စတင်ခဲ့ရာ တက်ရောက်လာသည့် ဆရာကြီးများက အောက်မေ့ဖွယ် အမှတ်တရစကားများပြောကြားခဲ့ကြသည်။

"သူ့ရဲ့ခံယူချက်ကတော့ လူထုဦးလှ၊ လူထုဒေါ်အမာတို့နဲ့အတူတူပဲ၊ စေတနာမှန်ရမယ်၊ ယုံကြည်ချက်ခိုင်မာရမယ်၊ ဒီခံယူချက်တွေအတိုင်း သူအလုပ်လုပ်သွားတယ်၊ နိုင်ငံရေးအလုပ်ကို ဦးကျိုးမခံဆောင်ရွက်သွားလို့ သံမဏိလူသားလို့ ပြောလို့ရတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ သတင်းစာသမားပီသစွာ နေထိုင်သွားခဲ့တယ်၊ ပရဟိတစိတ်ကလည်း သူရသမ္ဗုလစာကို ထောက်ပံ့ကူညီနေတာနဲ့ပဲ လက်ပတ်နာရီတစ်လုံးတောင်ပတ်ဖို့ စိတ်ကူးမရှိခဲ့ဘူး၊ သာမန်လူ မလုပ်နိုင်ပါဘူး၊ ဒါကြောင့် ကောင်းသောဘုံဘဝမှာ ရောက်ရှိနေမယ်လို့ ယုံကြည်နေပါတယ်" ဟု သတင်းစာဆရာကြီး မောင်သစ်လွင် (လူထု) က ပြောသည်။

ယင်းအပြင် အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် စာရေးဆရာ ညီပုလေးကလည်း "ဒီလို လူမျိုးက နောင်မှာ ပေါ်လာဖို့မလွယ်ဘူး၊ အနုပညာဘက်မှာရော သတင်းစာပညာမှာရော စွယ်စုံရတယ်၊ ပြည်သူလူထုအပေါ်ထားတဲ့ စေတနာရော အနစ်နာခံတာရော ဒီလိုပုဂ္ဂိုလ်မျိုးက ရှားတယ်၊ လူထုအတွက် ကိုယ်ကျိုးစွန့်ပြီး ထောင်ထဲမှာ နှစ်အကြာကြီးနေခဲ့ရတယ်၊ လူထုကလည်း သူ့ကိုချစ်သလို သူကလည်း ပြည်သူကိုချစ်တယ်၊ ကျွန်တော် အခက်အခဲ အကျပ်အတည်းကြုံတိုင်း ဆရာကြီးရယ်၊ အမေရယ်၊ ဆရာဒေါက်တာ သန်းထွန်းရယ်ကို သတိရမိတယ်" ဟုအမှတ်တရစကား ပြောကြားခဲ့သည်။



ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ကို ၁၉၃၀ ပြည့်နှစ် မတ် ၁၂ ရက်တွင် ကြို့ပင်ကောက်မြို့၌ အဘ ဦးပု၊ အမိ ဒေါ်အမာတို့က မွေးဖွားခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဝိဇ္ဇာဘွဲ့ရရှိခဲ့ကြောင်း၊ AFP အယ်ဒီတာ၊ စာပေဗိမာန်မဂ္ဂဇင်းလက်ထောက်အယ်ဒီတာ၊ ကြေးမုံသတင်းစာ အယ်ဒီတာ၊ ပြည်သူ့အိုးဝေတာဝန်ခံ၊ အယ်ဒီတာတာဝန်များယူခဲ့ပြီး ၁၉၆၈ ခုနှစ်မှ ၁၉၇၈ ခုနှစ်ထိ မန္တလေးမြို့တွင် ထုတ်ဝေသည့် ဟံသာဝတီ သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ၁၉၈၈ ခုနှစ်တွင် စာနယ်ဇင်းသမဂ္ဂဥက္ကဋ္ဌဆောင်ရွက်ခဲ့ကာ ၁၉၈၉ မှ ၂၀၀၈ခုနှစ်ထိ အင်းစိန်ထောင်တွင် ထိန်းသိမ်းခံခဲ့ရကြောင်း၊ ဆရာကြီးအား ကမ္ဘာ့အဖွဲ့အစည်းများမှ ဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြင်သစ်နိုင်ငံမှ လမ်းတစ်ခုကိုလည်း "ဝင်းတင်" လမ်းဟု ဂုဏ်ပြုအမည်ပေးထားကြောင်း၊ ၂၀၁၄ ခုနှစ် ဧပြီ ၂၁ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့ကြောင်း သိရသည်။ သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း ၄ နှစ်ပြည့် အခမ်းအနားကျင်းပရာ တောင်လေးလုံးကျောင်းတိုက်အတွင်း ဆရာကြီးရေးသားခဲ့သော စာအုပ်များနှင့် ဆရာကြီးဖြတ်သန်းခဲ့သည့် ဘဝပုံရိပ်ဓာတ်ပုံနှင့် ပန်းချီကားများပြသထားပြီး ဇာတိမာန်ကလေး သတင်းစာကို အခမဲ့ထုတ်ဝေဖြန့်ဝေခဲ့ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေသည့် ငွေရတုအထိမ်းအမှတ် ကံထူးရှင်ရွေးချယ်

**မန္တလေး ဧပြီ ၂၁**

ရတနာပုံနေ့စဉ်သတင်းစာ ငွေရတုအထိမ်းအမှတ်အဖြစ် အားပေးသောစာဖတ်ပရိသတ်များကို ကျေးဇူးတုံ့ပြန်သောအားဖြင့် မတ်လအတွက် ကံထူးရှင်ရွေးချယ်ပွဲကို ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ဘိုးရာဇာလမ်းနှင့်ဝေရတ်လမ်းကြား ရန်ကုန်-မန္တလေး လမ်းမကြီးဘေးရှိ ရတနာပုံသတင်းစာတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ ရတနာပုံသတင်းစာ စာတည်းမှူးချုပ် ဗိုလ်မှူးဆန်းဝင်းက အမှာစကားပြောကြားပြီး ကံထူးရှင်များအား မဲနှိုက်ရွေးချယ်ရာ အမရပူရမြို့နယ် နတ်ရေကန်ရွာမှ ဒေါ်သီတာဦးမှာ မော်တော်ဆိုင်ကယ် ကံထူးရှင်ဖြစ်ခဲ့ပြီး မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါ သတင်းစာတိုက်၌ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**



## အလုံမြို့နယ်တွင် ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကေသီအောင် ဦးဆောင်၍ သူနာပြုသားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများသည် ဧပြီ ၁၉ ရက်က အလုံမြို့နယ်၊ သစ်တောရပ်ကွက် စည်ပင်ကွန်တိန်နာဝင်း၌ ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။ အဆိုပါ ကွင်းဆင်းကုသမှုကို သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် တာဝန်ရှိသူများက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာ

**နေပြည်တော် ဧပြီ ၂၁**

ယနေ့ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တိုင်းထွာချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

**မိုး/ဇလ**

## မော်တော်ဆိုင်ကယ်စီးနင်းခြင်းဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း မော်တော်ဆိုင်ကယ်စီးနင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်-


(က) မော်တော်ဆိုင်ကယ်ကို သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကိုကိုးကျွန်း၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ်များတွင် စီးနင်းခွင့်ပြုထားပြီး ကျန်မြို့နယ်များတွင် လုံးဝ (လုံးဝ) ခွင့်မပြုပါ။

(ခ) မော်တော်ဆိုင်ကယ်စီးနင်းခွင့်မရှိသည့် မြို့နယ်များတွင် စီးနင်းသည်ကို စစ်ဆေးတွေ့ရှိရပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား စီးနင်းသည်ကို စစ်ဆေးတွေ့ရှိရပါက နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်းနှင့် နယ်ကျော်စီးနင်းသူများကိုလည်း ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**




## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၄-၂၀၁၈ ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကဏ္ဍစာမျက်နှာ (င) ပထမစာပိုဒ်တွင် "နိုင်ငံတော်အစိုးရက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ အဂတိလိုက်စားမှုများ ပပျောက်စေရန် ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ပေးလျက်ရှိသည်" ဟု ဖော်ပြထားသည်ကို ပယ်ဖျက်ပါသည်။

အချပ်ပို (ဆ) ကော်လံ ၅ ပထမစာကြောင်း၌ "တရားလွှတ်တော်ချုပ်ရုံး" အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး" ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

**(စာရေးသူ)**

# ထီးလင်းမြို့နယ် ဆင်စွယ်ရွာသားများကို ကွန်မြူနစ်တို့က သတ်ဖြတ်ခဲ့သည့် (၅၈) နှစ်မြောက်ရက်လည်ဆွမ်းသွတ်တရားနာပွဲ ဆင်စွယ်ရွာတွင် ပြုလုပ်



**ထီးလင်း ဧပြီ ၂၁**

ခရစ်နှစ် ၁၉၆၀ ပြည့် ဧပြီ ၂၇ ရက်နေ့သည် ကွန်မြူနစ်အဖွဲ့က ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဆင်စွယ်ရွာသား ၇၄ ဦးတို့အား လေးယောက်တစ်တွဲ လက်ပြန်ကြိုးတုပ်ကာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် အတိတ်ကာလက မေ့ပျောက်၍မရနိုင်သော နေ့တစ်နေ့ဖြစ်ရာ အဆိုပါနေ့ (၅၈) နှစ်မြောက်အထိမ်းအမှတ် ရက်လည်ဆွမ်းသွတ်တရားနာ အမျှအတမ်းပေးဝေ မေတ္တာပို့အခမ်းအနားကို ဧပြီ ၁၉ ရက်နံနက်က ဆင်စွယ်ရွာရှိ မော်ကွန်းကျောက်တိုင်ရှေ့ကွင်းပြင်တွင် ကျင်းပသည်။

"မေတ္တာပို့အခမ်းအနားကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖတွေ၊ ကျန်ရစ်သူမိသားစုဝင်တွေ တက်ရောက်ကြပါတယ်၊ ငါတို့၏ အဘိုး၊ အဖေ၊ ဦးကြီး၊ ဦးလေး၊ အစ်ကို၊ ညီ၊ မောင်တို့ အမျှယူသာဓုခေါ်ဆိုပြီး ကောင်းရာသုဂတိရောက်စေဖို့ အမျှပေးဝေခြင်း ဖြစ်ပါတယ်"ဟု အခမ်းအနားတက်ရောက်သူ တစ်ဦးက ပြောသည်။

မေတ္တာပို့အခမ်းအနားတွင် ဆင်စွယ်ရွာကျောင်းဆရာတော် ဦးဝိသုဒ္ဓထံမှ ငါးပါးသီလကို ခံယူဆောက်တည်ကြ၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ မေတ္တာပို့ခြင်း၊ ပြုခဲ့သည့်ကောင်းမှုအတွက် ရေစက်သွန်းချအမျှ အတမ်းပေးဝေခြင်းတို့ကို ဆောင်ရွက်ကြလျက် အဆိုပါနေ့တွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်ဟု သိရသည်။

**၁၀၁**

# မိုးကောင်းမြို့နယ် ကဆုန့်ကျေးရွာမှဒေသခံ ပြည်သူ ၂၀၀ ခန့် နယ်မြေလုံခြုံရေးအခြေအနေအရ နမ္မတီးမြို့သို့ပြောင်းရွှေ့



**မိုးကောင်း ဧပြီ ၂၁**

မိုးကောင်းမြို့နယ် လမ်းခွကျေးရွာအုပ်စု ဒေသအခေါ် ကဆုန့်၊ ဇွတ်မိုင်ကျေးရွာမှ ပြည်သူ၂၀၀ ခန့်သည် နယ်မြေအခြေအနေအရ နမ္မတီးမြို့ လန်ဘရော့ယန်နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းနှင့် စိန်ပေါလုကက်သလစ် ဘုရားကျောင်းသို့ ယနေ့ မွန်းလွဲ ၁ နာရီ ခန့်တွင် ရောက်ရှိကြောင်း သိရသည်။

**မေးမြန်းအားပေး**

နယ်မြေခံတပ်မတော်မှ ဒုစကခမှူး ဗိုလ်မှူးကြီး ကျော်ခိုင်ထွန်းသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ ရဲတပ်ဖွဲ့မှူးရဲမှူး ဝင်းမြင့်အောင်နှင့်အတူ ပြည်သူများအားတွေ့ဆုံ၍ ဒေသအခြေအနေအား မေးမြန်းအားပေးပြီး တည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် စားသောက်ရေးများ အဆင်ပြေစေရန် ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ဒုစကခမှူးက ဆန် ၁၀ အိတ် မြို့နယ်အုပ်ချုပ်ရေးမှူးက ပဲလမုန့်အထုပ် ၃၀၀ ပါ မုန့်တစ်ပုံးပေးအပ်ခဲ့ကြပြီး ညစာအတွက် ထမင်းထုပ် ဝေငှနိုင်ရေးကျန်းမာရေးနှင့် လုံခြုံရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး ( ပြန်/ဆက် )**

# အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဧပြီ ၂၁**

ဧပြီ ၂၁ ရက် မြန်မာစံတော်ချိန် နံနက် ၄ နာရီ ၅၈ မိနစ် ၄၂ စက္ကန့်က ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်ဘက် ၉၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖြူးမြို့၏ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၈ ဒသမ ၂၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၂ ဒီဂရီ၊ အနက် ၄၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒဥ္စန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**




# သမန်းကျားကျေးရွာတွင် အမှိုက်များစနစ်တကျစွန့်ပစ်မှုကြောင့် သန့်ရှင်းသော ကျေးရွာအဖြစ်သို့ ရောက်ရှိ

**သာစည် ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ငှက်မင်းကုန်းကျေးရွာအုပ်စု သမန်းကျားကျေးရွာတွင် ကျေးရွာစနစ်တကျ အမှိုက်စွန့်ပစ်ရေးကော်မတီ၏ ကျေးရွာလူထုအား ပညာပေးစည်းရုံးမှုတို့ကြောင့် ယခုအခါတွင် သမန်းကျားကျေးရွာ၌ အမှိုက်ကင်းစင်ပြီး သန့်ရှင်းသာယာလှပသည့် ကျေးရွာတစ်ရွာအဖြစ် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာမှာ မြို့လိုနေအိမ်မှထွက်ရှိ အမှိုက်၊ လမ်းပေါ်ကအမှိုက်တွေကို စနစ်တကျကောက်ယူ၍ စွန့်ပစ်လာမှုကြောင့် ရောဂါဘယကင်းရှင်းလာပြီး မြို့ပြကဲ့သို့လူနေမှုအဆင့်အတန်း မြင့်မားလာသည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်ပါတယ်"လို့ အဆိုပါ သမန်းကျားကျေးရွာမှ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု ကော်မတီဝင်တစ်ဦးဖြစ်သူ ဦးမောင်ပုက ပြောသည်။

သမန်းကျားကျေးရွာတွင် ကျေးရွာလူထုမှ အမှိုက်စွန့်ပစ်မှုကို စနစ်တကျစွန့်ပစ်နိုင်ရေးကျေးရွာသန့်ရှင်းသာယာလှပရေးတို့အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးဌေးကိုနှင့် ဝန်ထမ်းများက ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းကစတင်ပြီး အဆိုပါကျေးရွာသို့ သွားရောက်ကြ၍ ကျေးရွာလူထုနှင့် တွေ့ဆုံကာ အမှိုက်ကိုစနစ်တကျစွန့်ပစ်နိုင်ရေးနှင့် အမှိုက်ကို စနစ်တကျစွန့်ပစ်မှုကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြသည်။



ယခုအခါ သမန်းကျားကျေးရွာတွင်အလှူရှင်များ လှူဒါန်းထားသည့် အမှိုက်ပုံးများကိုကျေးရွာရှိ စွန့်ပစ်အမှိုက်၊ စီမံခန့်ခွဲမှုကော်မတီဝင်များမှ ရွာလယ်လမ်းမများနှင့် လမ်းဆုံများတွင် နေရာချထားပေးပြီး ထွက်ရှိအမှိုက်များကို အဆိုပါအမှိုက်ပုံးများထဲသို့ ထည့်စေရာအပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ယင်းအမှိုက်ပုံးများကို ဘေးတွဲမော်တော်ဆိုင်ကယ်များနှင့် တင်ဆောင်၍ ရွာအရှေ့ဘက် ၂ ဖာလုံခန့် ဝေးသည့် စွန့်ပစ်အမှိုက်များ ထားရှိနေရာသို့ ပို့ဆောင်၍ မီးရှို့ဖျက်ဆီးကြသည်။

သမန်းကျားကျေးရွာသည် သာစည်မြို့အရှေ့ဘက် ၄ မိုင် ၅ ဖာလုံ ကွာဝေးပြီး မိတ္ထီလာ- တောင်ကြီးကားလမ်းမဘေးတွင် တည်ရှိရာ အိမ်ခြေ ၁၂၀၊ လူဦး ရေ ၄၇၃ ဦးရှိသည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာတစ်ရွာဖြစ်ကြောင်းလည်း သိရသည်။

**မောင်ကို(သာစည်)**

# ရခိုင်ပြည်နယ်သတင်း

# ရခိုင်ပြည်နယ် မောင်တောမြို့ အထက၌ မြို့နယ်အဆင့် ဒုတိယတန်းသင်ရိုးသစ် ဖွင့်လှစ်သင်ကြား

**မောင်တော ဧပြီ ၂၁**

ပညာရေးဝန်ကြီးဌာန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအခြေခံပညာဦးစီးဌာန၏ ဒုတိယတန်းသင်ရိုးသစ်မြို့နယ်အဆင့်သင်တန်းကို ရခိုင်ပြည်နယ်မောင်တောမြို့အခြေခံပညာအထက်တန်းကျောင်း၌ဧပြီ ၁၉ ရက်နံနက် ၉ နာရီမှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

"အဓိက ရည်ရွယ်ချက်က မူလတန်းဆရာဆရာမတွေအနေနဲ့ ဒုတိယတန်းသင်ရိုးသစ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားပေးနိုင်ဖို့ ဖြစ်ပါတယ်၊ ဒီသင်တန်းတက်ရောက်ပြီးတဲ့ ဆရာဆရာမတွေအနေနဲ့ မိမိတို့သက်ဆိုင်ရာ မြို့နယ်တွေမှာ ဆင့်ပွားသင်တန်းတွေပို့ချပေးရမှာဖြစ်ပါတယ်။

"အကြောင်းအမျိုးမျိုးကြောင့် အခုအပတ်စဉ်မတက်ဖြစ်ခဲ့ရင် နောက်လတွေမှာ ဖွင့်လှစ်မယ့် သင်တန်းတွေမှာတက်ရောက်သင်ကြားရမှာဖြစ်ပါတယ်"ဟု သင်တန်းဖွင့်လှစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝေသိန်း (ဦးစီးအရာရှိ) က ရှင်းပြသည်။

ဒုတိယတန်းသင်ရိုးသစ် ဖွင့်လှစ်ပို့ချခြင်းဖြင့် ကျောင်းသားကျောင်းသူများအား ပြန်လည်သင်ကြားရာတွင် အလွတ်ကျက်စနစ်မှ ကိုယ်တိုင်တွေးခေါ်စဉ်းစားရေးသားဖြေဆိုနိုင်သည့် အလေ့အကျင့်ကောင်းများ ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒုတိယတန်း သင်ရိုးသစ်သင်တန်းကို ဧပြီ ၁၉ ရက်မှ မေ ၅ ရက်အထိ ၁၇ ရက်ကြာသင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် မောင်တောခရိုင်ရှိ မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် ရသေ့တောင်မြို့တို့မှ သင်တန်းသား သင်တန်းသူ မူလတန်းကျောင်းအုပ်ကြီး ၉၆ ဦးတို့အားနည်းပြ ၁၂ ဦးနှင့် ကြီးကြပ်တစ်ဦးတို့က ဆွေးနွေးပို့ချပေးလျက်ရှိကြောင်း သင်တန်းသားသင်တန်းသူများ၏ နေထိုင်စားသောက်စရိတ်နှင့် သင်ထောက်ကူပစ္စည်းတို့ကို အခြေခံပညာဦးစီးဌာနမှ တာဝန်ယူထားကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**အောင်ကျော်ဦး၊ တင်စိုး**



# တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သဘာဝဘေးသင့်ပြည်သူများအား ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

## မိုးညို

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့တွင် ဧပြီ ၁၈ ရက်ညနေ ၆ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုလဲ၊ ပျက်၊ အမိုးလန်ပျက်စီးဆုံးရှုံးသွားသော ကျေးရွာအုပ်စုများ အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဧပြီ ၂၁ ရက်နံနက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က လေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က ထောက်ပံ့ငွေပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ ထို့နောက် ထောက်ပံ့ရေးပစ္စည်းများနှင့် ငွေများပေးအပ်ရာ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၅၁၈၃၀၀၀၀၊ ဆန်ရိက္ခာဖိုးငွေကျပ် ၁၅၉၃၉၀၀၊ ပြိုလဲနေအိမ် ၁၉၉ လုံးအတွက် ပစ္စည်းကိုးမျိုးပါ ပလတ်စတစ်ပုံး ၁၉၉ ပုံးတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မျိုးမင်းကလာရောက်ထောက်ပံ့ခြင်းများအပေါ် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာသူ ကျေးရွာသားများ ၂၅၀ တက်ရောက်ခဲ့ကြသည်။ လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် လေဘေးသင့်ခံခဲ့ရသည့် ပေါက်ကုန်း ကျေးရွာသို့ သွားရောက်ကြည့်ရှုခဲ့ပြီးထိခိုက်ဒဏ်ရာရရှိပြီးဆေး ကုသမှုခံယူနေသည့် လူနာသုံးဦးအားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့်ငွေကျပ် ၁၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လက်ပံတန်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ ဧပြီ ၁၈ ရက်ည နေ့ရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ရောဝတီ မြစ်နှင့်မြစ်မခ မြစ်အနီးရှိ ကျေးရွာအုပ်စု (၁၁)အုပ်စုမှ လေဘေး ခံစားရသောနေအိမ် ၅၂၇ လုံးမှ အိမ်ထောင်စုများအားထောက် ပံ့ပေးခြင်း အခမ်းအနားကို ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က လေဘေးခံစားခဲ့ကြရသော ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုလဲနေအိမ် ၆၈ လုံး၊ အမိုးလန်အိမ် ၄၅၉ လုံးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုးနှင့်ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်းငွေကျပ် ၂၄၉၃၄၄၈၈ ကိုပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## မြန်အောင်

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိလေဘေးသင့် အိမ်ထောင်စုများကို ဧပြီ ၂၀ ရက်က ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးသန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်လတ်တို့က သပြေကုန်းကျေးရွာအုပ်စု သပြေကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် မျှင်ဝါးတောင်ကျေးရွာအုပ်စုညောင်ခုံကျေးရွာ ဘုန်းကြီးကျောင်းတို့တွင် ဧပြီ ၁၈ ရက်ကလေဘေးသင့်၍ အိမ်ပြိုကျပျက်စီးခဲ့သော အိမ်ခြေ ၁၇၆ လုံးအတွက်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသောတစ်အိမ်လျှင်ငွေကျပ် သုံးသောင်းနှုန်းနှင့် အလှူငွေကျပ် ၅၂၈၀၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သောထောက်ပံ့ပစ္စည်းများကို လေဘေးသင့်အိမ်ထောင်စုများအား ပေးအပ်ခဲ့ကြသည်။

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်တို့က မြန်အောင်မြို့ ပြည်သူ့ဆေးရုံသုံးထပ် အဆောက်အအုံအသစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံတက်လူနာများကို အားပေးစကား ပြောကြားခဲ့သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အဖွဲ့သည် ကြံခင်းမြို့နယ်၌ ဧပြီ ၁၈ ရက်ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားခဲ့သည့် နေရာများသို့ ကွင်းဆင်းကြည့်ရှုပြီး ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးက သဘာဝဘေးဆိုင်ရာ ထောက်ပံ့မှု အခြေအနေများကို ပြည်သူများ သိရှိအောင်ရှင်းပြခဲ့ပြီး ကြံခင်းမြို့နယ်အတွင်း လေဘေးဒဏ်သင့်ခဲ့သော ကလို့ကွင်း၊ အုတ်တွင်း၊ ပက်မခမ်း၊ ပိန္နဲကွင်းအုပ်စုနှင့် ဘက်ရဲမြို့ပေါ်တို့အား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ သောင်ပြင်ကုန်း၊ ရှားပင်ကုန်းနှင့် ယင်းမူကုန်းကျေးရွာအုပ်စုတို့မှ ကျေးရွာလေးရွာ၌ ဧပြီ ၁၈ နှင့် ၁၉ ရက်ညနေပိုင်းတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်များအတွက် ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် အမိုးလန်ပျက်စီးခဲ့သော လူနေအိမ် အလုံး ၅၀ အတွက် တန်ဖိုးသင့်နှုန်းထားများဖြင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၁၆၁၇၁၀၀၊ ပြိုလဲနေအိမ်ငါးလုံးအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းနှင့် အိမ်ထောင်စုဝင် ၁၃ ဦးအတွက် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၂၇၃၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၄ မျိုးပလတ်စတစ်ပုံးအပါ ငါးပုံး စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၁၄၄၄၀၀ အား ဧပြီ၂၁ ရက်မွန်းတည့် ၁၂ နာရီတွင် ခရိုင်ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနရုံး ဝန်ထမ်းများသည် ရွှေတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သော မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်အတူ အဆိုပါလေဘေးသင့် ကျေးရွာများရှိ ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## သာယာဝတီ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်တွင်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုလဲသွားသည့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည့် အခမ်းအနားကို ဧပြီ ၂၁ ရက်ညနေ ၅ နာရီက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

လေဘေးသင့်ပြည်သူများအား ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သာယာဝတီမြို့နယ်အတွင်းရှိ လေဘေးကြောင့် အမိုးလန်ပျက်စီးသွားသော နေအိမ် ၄၃ လုံးအား တစ်လုံးလျှင် နှစ်သောင်းနှုန်းဖြင့်လည်းကောင်း ပြိုကျပျက်စီးသွားသော နေအိမ်ရှစ်လုံးအား တစ်လုံးလျှင် ငွေကျပ်တစ်သိန်းနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံပါ Hygiene Kit ပုံးတစ်ပုံးစီဖြင့်လည်းကောင်း လေဘေးသင့်ပြည်သူများအား ဆန်အိတ် ၂၆ အိတ်အားလည်းကောင်း ပေးအပ်ခဲ့သည်။

အဆိုပါပစ္စည်းများအား ပဲခူးတိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးငြိမ်းချမ်းမောင်က ပေးအပ်ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအားလွန်က လက်ခံယူခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**



**ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် မြန်အောင်မြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားစဉ်။**
ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)

## ဇလွန်

ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လေဘေးသင့်ပြည်သူများအား ရောဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က ဧပြီ ၁၈ ရက်တွင် လေဘေးသင့်၍ ပြိုလဲအိမ်ရှစ်လုံးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့လှူဒါန်းငွေကျပ် တစ်အိမ်လျှင် သုံးသောင်းနှုန်းဖြင့် အလှူငွေကျပ် ၂၄၀၀၀၀၊ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ပြိုလဲနေအိမ်ရှစ်လုံးနှင့် အမိုးလန်လူနေအိမ် ၆၆ လုံးရှိ အိမ်ထောင်စုဝင်များအတွက် အိမ်ဆောက်ပစ္စည်းနှင့် ဆန်ဖိုး ထောက်ပံ့ငွေကျပ် ၃၇၂၄၆၀၀ ကို လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ဇလွန်(ပြန်/ဆက်)**

## ကျိုက်လတ်

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့၌ ဧပြီ ၂၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာမှ မီးဘေးသင့်မိသားစုအား ယင်းနေ့ညနေပိုင်းက သက်ဆိုင်ရာမှ ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

### မီးလောင်ပျက်စီး

ဖြစ်စဉ်မှာ ဧပြီ ၂၀ ရက် နံနက် ၄ နာရီ မိနစ် ၄၀ ခန့်က ကျိုက်လတ်မြို့နယ်အမှတ် ၆ နယ်မြေမြစ်ကမ်းဘေးရှိ အဆောက်အအုံရှိ မီးအားမြှင့်စက်အပူလွန်ကဲရာမှ ထည့်ထားသော သစ်သားပုံးသို့ မီးကူးစက်လောင်ခဲ့ပြီးသွပ်မိုးသွပ်ကာ ကွန်ကရစ်ခင်းအဆောက်အအုံတစ်လုံး၊ သွပ်မိုးမြေစိုက်အဆောက်အအုံ တစ်လုံးနှင့် သစ်ဟောင်း၊ ဘိလပ်မြေအိမ်များ မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### အားပေးစကားပြောကြား

ဖော်ပြပါဖြစ်စဉ်ကြောင့် မီးဘေးသင့်ခဲ့သော လူနေအိမ်၊ အိမ်ထောင်စုအတွက် ခရိုင်သဘာဝဘေးစီမံခန့်ခွဲမှု ဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် နှစ်သိန်း၊ ဆန်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်သဘာဝဘေးစီမံခန့်ခွဲမှု ဦးစီဌာနရုံးမှ ဦးမင်းသူမောင်နှင့် တာဝန်ရှိသူများက မီးဘေးသင့်မိသားစုလက်ဝယ်အရောက် သွားရောက်ထောက်ပံ့အားပေးစကားပြောကြားခဲ့ကြသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်၌ လူနှင့် တိရစ္ဆာန်အသေအပျောက်မရှိခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**





**မိုးညိုမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်ရှိ ဘေးသင့်ပြည်သူများအတွက် ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။**

## ကော့မှူးမြို့နယ် သမင်ခြံကျေးရွာ၌ မီးလောင်မှုဖြစ်

ကော့မှူး ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သမင်ခြံကျေးရွာအနောက်ဘက်အခြမ်း၌ ယနေ့မွန်းလွဲပိုင်းက နေအိမ်သုံးလုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ သမင်ခြံကျေးရွာနေ ဦးကံစိန်၏ဇနီးဖြစ်သူ ဒေါ်ခင်စိန် (၇၄ နှစ် )တစ်ဦးတည်းရှိနေစဉ်ဖွဲမီးဖို၌ ရေနွေးအိုးတည်ရာမီးလောင်မှု ဖြစ်ပွားခဲ့ပြီး ဘေးအိမ်များ ကူးစက်လောင်ကျွမ်းရာ စုစုပေါင်းနေအိမ်သုံးလုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးနိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးမျိုးမင်းထက်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မီးသတ်ယာဉ်နှစ်စီး၊ အကူယာဉ်တစ်စီးနှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်းငြိမ်းသတ်ခဲ့ကြပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ထို့နောက် မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်ခင်စိန်အား ဝါးဘလောက်သောက်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ မွေ့ရာစက်ရုံ မီးလောင်မှုဖြစ်

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် ၈၉ ရပ်ကွက် စက်မှုဇုန် ကနောင်မင်းသားကြီးလမ်းရှိ Polymer Co. Ltd., မွေ့ရာစက်ရုံတွင် မေ ၂၁ ရက် နံနက် ၃ နာရီ ၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်မှုဖြစ်စဉ်သို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ၂၄ စီး၊ ရေသယ်ယာဉ်ခြောက်စီး၊ အထောက်အကူပြုယာဉ်ခုနစ်စီး၊ အုပ်ချုပ်မှုယာဉ်ကိုးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်သည့် အဆောက်အအုံသည် အမှတ် ၂၅ မြေကွက်ပေါ်ရှိ Polymer Co.Ltd., ပိုင်ရှင် ဦးမောင်မောင်သောင်းဖြစ်ပြီး မီးလောင်မှုကြောင့် စက်ရုံမန်နေဂျာ ဦးညွှန့်ရွှေအား အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။ မီးလောင်မှုဖြစ်စဉ်အား Level(2)အဖြစ် သတ်မှတ်ပြီး မီးလောင်မှုအကြောင်းအရင်းကို စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**



# ယာဉ်ကြမ်းခင်းအံ့ဝှက်တွင် သယ်ဆောင်လာသော ပိတောက်စားရွေ့နှင့် သစ်ခွဲသားများဖမ်းမိ

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၆၄ စီး၊ သွင်းကုန် ၈၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇ စီး၊ သွင်းကုန် အစီး ၁၁၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၅၁၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၁၇၁ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၅၄ ဒသမ ၆၉၀ ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၀ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မသင်္ကာဖွယ်မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးအား စခန်းတွင်းသို့ ခေါ်ယူစစ်ဆေးခဲ့ရာ အောက်ကြမ်းခင်းတွင် ဝရိန်ဖြင့်အသေပိတ်၍ သေသပ်စွာအံ့ဝှက် ပြုလုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ပိတောက်စားရွေ့ ၄၇ တုံး၊ ၁ ဒသမ ဝ၃ဝ၈ တန်၊ ပိတောက်ခွဲသား ၁၄ ချောင်း ဝ ဒသမ ဝ၂၅၂ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၁၇၁ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်းပေါင်း ၁၆၀၀ ကျော် တန်ဖိုးရှိ ဘိန်းညိုမှုန့်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် နံနက် ၁၁ နာရီခွဲက လွိုင်လင်မြို့နယ် ပင်လုံမြို့အထွက် ပင်လုံ-လဲချားသွားကားလမ်း မိုင်တိုင်အမှတ် ၁၂ အနီးတွင် မူးယစ်ဆေးဝါးသတင်းအရ စိုင်းအောင်မျိုးအေး(ခ)အောင်ကြီး မောင်းနှင်ပြီး လောက်အန်း(ခ)ရန်ရုံအန်း လိုက်ပါလာသည့် CANTER မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းညိုမှုန့် ၁၀၉ ထုပ် (ဘိန်းညိုမှုန့်အလေးချိန် ၁၀၈ ဒသမ ၅ ကီလို) တန်ဖိုးငွေကျပ်သိန်း ၁၆၂၇၅ ခန့်ကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် (၈၀/၄)အနီး မူဆယ်-မန္တလေးသွား ပြည်ထောင်စုလမ်းမပေါ်တွင် သန်းဌေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသည်။



ထို့အတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် နံနက် ၁၁ နာရီခွဲက မိုးညှင်းမြို့နယ် ဘီလူးကျေးရွာအုပ်စု ကန်သာကုန်းရပ်နေ ဝဏ္ဏကျော်၏ နေအိမ်ကို ရှာဖွေရာ ၎င်းအား နေအိမ်အတွင်း အသင့်တွေ့ရှိရပြီး ဘိန်းဖြူ ၆ ဒသမ ၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဘီလူးကျေးရွာအုပ်စု သရက်ကုန်းရပ် နတ်ကြီးတန်းလမ်းရှိ မမိုင်းပြာ(ခ)ဝင်းမော် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၈ ခွက် (ဘိန်းဖြူအလေးချိန် သုည ဒသမ ၂၈ ကီလို)၊ ဘိန်းဆီခဲ ၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၅ ပြားတို့ကိုလည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ မေ ၂၀ ရက် ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၁၇ မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် ၁၂ လမ်း ၈၀-၈၆ လမ်းကြား၊ ပွဲစားဝန်းရပ်ကွက် အကွက် (၅၁)တွင် တွေ့ရှိသူ ပြည့်ဖြိုးလင်းနှင့် မသိမ့်သိမ့်တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀ ကိုလည်းကောင်း၊ ယင်းနေ့ ၁ နာရီခွဲကလည်း မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် မဲတောကျေးရွာနှင့် ကျွန်းတိုင်ကျေးရွာအကြား ပြင်ဦးလွင်-မိုးကုတ်သွား ကားလမ်းပေါ်တွင် ဝေယံထက်(ခ) ရာဇာအောင် မောင်းနှင်ပြီး ဝဏ္ဏထွေး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ကျောင်းသားနှစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မိတ္ထီလာ မေ ၂၁**

မိတ္ထီလာတက္ကသိုလ်တွင် အဝေးသင် ရူပဗေဒဒုတိယနှစ် တက်ရောက်နေသည့် ကျောင်းသားနှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၂၄၇၀ နှင့်အတူ မေ ၂၁ ရက် နံနက် ၃ နာရီခန့်က ပြည်သာယာ (တ) ရပ်ကွက် ၆ လမ်းနှင့် ပိတောက်ရွှေဝါလမ်းထောင့်အနီးတွင် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ် ၃ နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သိပ္ပံနှင့် တပ်ဖွဲ့ဝင်များသည် YINXING 110 ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးအား စစ်ဆေးစဉ် နောက်မှလိုက်ပါလာသူမှာ ထွက်ပြေးသွားခဲ့သည်။ ကျန်တစ်ဦးကို မေးမြန်းရာ ဇောင်ချမ်းကုန်းကျေးရွာနေ သူရိန်ထွန်း(၂၃ နှစ်) မိတ္ထီလာတက္ကသိုလ် အဝေးသင် ရူပဗေဒဒုတိယနှစ် တက်ရောက်နေသူဖြစ်ကြောင်း သိရသည်။ ထွက်ပြေးသွားသူမှာ တစ်ရွာတည်းနေ အောင်ခန့်ကို ဆိုသူဖြစ်ကြောင်း သိရပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၇၀၊ မူးယစ်ဆေးဝါးရောင်းချရာမှ ရရှိသော ငွေကျပ် ၅၀၀၀၊ ဖုန်းတစ်လုံးနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရရှိမိခဲ့သည်။

သူရိန်ထွန်းအား ဆက်လက်စစ်ဆေးရာ မေ ၁၉ ရက်က သီပေါမြို့အထွက်၌ အမျိုးသားတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၇၀ အား တစ်ပြားလျှင် ငွေကျပ် ၁၁၀၀ နှုန်းဖြင့် ငွေကျပ် ၂၇၁၇၀၀၀ ဖိုးဝယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် စိတ်ကြွရူးသွပ်ဆေးပြားလက်ဝယ်တွေ့ရှိသူ သူရိန်ထွန်းနှင့် ထွက်ပြေးတိမ်းရှောင်သူ အောင်ခန့်ကိုတို့အား အမှတ် ၃ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကောင်ရာကျေးရွာရှိ အ.လ.က(ခွဲ)ကျောင်းဆောင် မီးလောင်

**မြစ်ကြီးနား မေ ၂၁**

မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ကောင်ရာကျေးရွာအုပ်စု အ.လ.က(ခွဲ) ကျောင်းဆောင်၌ မေ ၂၀ မွန်းလွဲ ၂ နာရီကျော်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးမှူးပါဝင်သော တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီကျော်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်သည့် စာသင်ကျောင်းမှာ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းတစ်ထပ်ဆောင်ဖြစ်ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

**တနိုင်း(ပြန်/ဆက်)**

# ပင်လည်ဘူးနှင့် ကောလင်းသွားလမ်းမပေါ်၌ ဘိန်းစိမ်း(ဘိန်းမည်း) ပိဿာ ၂၀ ခန့်ဖမ်းမိ

**ပင်လည်ဘူး မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးနှင့် ကောလင်းသွားလမ်းမပေါ်တွင် မေ ၂၀ ရက် ၁ နာရီခွဲခန့်တွင် ဘိန်းစိမ်း(ဘိန်းမည်း) ပိဿာ ၂၀ ခန့် ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် ၁ နာရီခွဲခန့်တွင် ပင်လည်ဘူးမြို့မစခန်းမှူး ဒုရဲမှူးသောင်းဌေး ဦးစီးအဖွဲ့နှင့် မိုးသောက်ကြယ် မူး/စိတ်တားအဖွဲ့တို့ ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ပင်လည်ဘူး-ကောလင်းသွားလမ်းမပေါ် မိုင်တိုင်အမှတ်(၄၃/၅ နှင့် ၄၃/၆) ကြား၌ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်စီးနင်းလာသူ အောင်ဇော်ဆိုသူအားမသင်္ကာ၍ စစ်ဆေးခဲ့ရာ ၎င်းထံမှ ဘိန်းစိမ်း(ဘိန်းမည်း) အထုပ် ၂၀၊ ပိဿာချိန် ၂၀ ခန့် ကာလတန်ဖိုးငွေကျပ် (သိန်းကိုးဆယ်ကျော်) ဖမ်းဆီးရမိသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ ဗန်းမောက်မြို့နယ် နန်းစားကျေးရွာနေ အောင်ဇော်အား ပင်လည်ဘူးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

**ကိုမင်း(အင်းတော်)**

# လမ်းဖြတ်ကူးသူအား ခရီးသည်တင်ယာဉ် ဝင်တိုက်မိရာ နေရာတွင်သေဆုံး

**ကျောက်တံခါး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၇/၁ နှင့် ၂ အကြား အလယ်ကျွန်းကျေးရွာ၌ မေ၂၀ ရက် ည ၁၀ နာရီခန့်က လမ်းဖြတ်ကူးသူအမျိုးသားတစ်ဦးအား ခရီးသည်တင်ယာဉ်တစ်စီးက ဝင်ရောက်တိုက်မိရာ နေရာတွင်သေဆုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့မရဲစခန်းမှ တာဝန်မှူး ရဲအုပ်ကျော်သူထက်နှင့် တပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း လှဝင်းလှိုင် (၃၈ နှစ်) ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ယာဉ်အမှတ် YGN 5G/----YUTONG ခရီးသည်တင်ယာဉ်သည် အရှိန်ပြင်းစွာမောင်းနှင်လာစဉ် ကားလမ်း၏ အနောက်ဘက်မှ အရှေ့ဘက်သို့ လမ်းဖြတ်ကူးသူ ဦးဝင်းသိန်း(ခ) ဦးပြေူး (၃၆ နှစ်) အလယ်ကျွန်းကျေးရွာ ရင်းတိုက်ကုန်းကျေးရွာအုပ်စု ကျောက်တံခါးမြို့နယ်နေသူအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်မောင်းနှင့်ယာဉ်ပေါ်ပါခရီးသည်များ ထိခိုက်ဒဏ်ရာမရရှိသော်လည်း လမ်းဖြတ်ကူးသူဦးဝင်းသိန်း(ခ) ဦးပြေူးတွင် ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းမှ ယာဉ်မောင်း လှဝင်းလှိုင်အား ဖမ်းဆီးအမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဆိုင်ကယ်မောင်းနှင်လာသူ သစ်ပိ၍သေဆုံး

**နတ်တလင်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တောင်ညိုဂေါက်ကွင်းအနီး၌ မေ ၂၀ ရက် ည ၁၀ နာရီကျော်က ရန်ကုန်-ပြည်ကားလမ်းမကြီးအတိုင်း ဖြတ်သန်းမောင်းနှင်သော ဆိုင်ကယ်တစ်စီးပေါ်သို့ ခုတ်လဲလိုက်သော သစ်ပင်ပိမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်ကားလမ်းအတိုင်း ပြည်မှ ရန်ကုန်ဘက်သို့ယာဉ်မောင်း ဦးမျိုးလွင် (၅၆နှစ်) သီတာလမ်း ဘီးလင်းတန်းရပ်ကွက် လက်ပံတန်းမြို့နေသူ မောင်းနှင်ပြီး သမီးဖြစ်သူ မဝင်းပပအောင် (၁၅ နှစ်) လိုက်ပါစီးနင်းလာသော ၃၄ယ/----- Jianshe 125 ဆိုင်ကယ်သည် မိုင်တိုင်အမှတ် ၁၃၄/၄ အနီး အရောက်တွင် တစ်ဖက်ယာဉ်ကြောလမ်းဘေးရှိ မလေးရှားပိတောက်ပင်အား လူတစ်ဦး(စုံစမ်းဆဲ)က ခုတ်လှဲစဉ် သစ်ပင်မှာ ဆိုင်ကယ်ပေါ်သို့ လဲကျခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဦးမျိုးလွင်သည် ဒဏ်ရာများရရှိကာ ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားပြီး မဝင်းပပအောင်တွင် ဒဏ်ရာများရရှိကာ အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူနေကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လမ်းဘေးသစ်ပင်အား ခုတ်လှဲသူ(စုံစမ်းဆဲ)အား အမှုဖွင့်ထားကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# မြန်မာ့ရုပ်မြင်သံကြား

၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့ အတွက် ဒုတိယတစ်နှစ်တာ** (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
၉း၀၀ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**
၉း၄၀ - MRTV Travelogue
၁၀း၀၀ - Sanday Talk
၁၁း၀၀ - လှပစုံလင်အာဆီယံတစ်ခွင်
၁၂း၃၀ - This Week's Special Interest
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **ကျွန်တော်က ခန့်ချော** ကျော်ဟိန်း၊ ခင်သီတာထွန်း (ဒါရိုက်တာ-မြတ်ထွန်းနိုင်)
၁၅း၀၀ - Sanday Talk

**ညပိုင်း**

၁၆း၃၅ - **လျှော်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့်သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း**
၁၆း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **ရောင်ပြန်** (REFLECTION) ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ ဝတ်မှုန်ရွှေရည်၊ ပက်ထရစ်ရှာ (ဒါရိုက်တာ-အကယ်ဒမီလူမင်း)
၁၇း၀၅ - SEAPJ(အရှေ့တောင်အာရှနိုင်ငံကလေးသူငယ်များဆိုင်ရာ ရုပ်ရှင်ပွဲတော်) (My Happy Family)
၁၇း၁၀ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၄၄)**
၁၇း၂၀ - **ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးနှင့်အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများကို ဒုတိယအခွင့်အရေးအဖြစ် ထိုးနှံပေးမည့်အစီအစဉ်**
၁၈း၃၅ - **မတူကွဲပြား ယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းကြစို့လား**
၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၈၃)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
 - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)
 - In&Out ပုဂံခရီးစဉ် (အပိုင်း-၂)(လေးဖြူ၊အငဲ)

---

✻ *ကျောဖုံးမှ*

သြစတြေးလျကလပ် East Coast Heat FC အသင်း၊ အုပ်စု(ခ)တွင် ထိုင်းကလပ် Bankok BTS FC ၊ မလေးရှားကလပ် Melaka United Soccer Association၊ ဗီယက်နမ်ကလပ် Sanatech Khanh Hoa FC နှင့် အင်ဒိုနီးရှားဖူဆယ်လိဂ် ပြိုင်ပွဲ၏ ဒုတိယရရှိမည့် အသင်းတို့ ပါဝင်နေသည်။ MIC FC အသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁၅ ရက်တွင် ဘရူနိုင်းကလပ် Arbisyam FC အသင်း၊ ဇူလိုင် ၁၆ ရက်တွင် ကမ္ဘောဒီးယားကလပ် U.Y.F.C Komchay-mear အသင်း၊ ဇူလိုင် ၁၇ ရက်တွင် သြစတြေးလျကလပ် East Caost Heat FC အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုပွဲများကို ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်၊ ဆီမီးဖိုင်နယ်ပွဲများကို ဇူလိုင် ၁၉ ရက်နှင့် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၅ ခုနှစ် တွင် စတင်ကျင်းပခဲ့ပြီး ယခုနှစ်တွင် အမျိုးသမီးပြိုင်ပွဲမပါဝင်ဘဲ အမျိုးသားပြိုင်ပွဲသာကျင်းပမည်ဖြစ်သည်။ ပြီးခဲ့သည့်သုံးကြိမ်တွင် မြန်မာဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် MIC အသင်းက ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တွင် နှစ်ကြိမ် ဆက်တိုက် တတိယနေရာရခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် PU အသင်းသည် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

MIC အသင်းသည် ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဧပြီ ၂၁ ရက်တွင် လေ့ကျင့်မှု စတင်ပြုလုပ်နေပြီဖြစ်ပြီး မတ်လနှင့် ဧပြီလတွင်ကျင်းပခဲ့သည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိခဲ့သည်။ **သတင်း-ရဲရင့်ရှိုင်း**

---

● *ကျောဖုံးမှ*

လက်ထောက်နည်းပြများ အဖြစ် ဦးချစ်နိုင်၊ ဦးကျော်လွင်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် မားကပ်စ်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးကျော်အောင်၊ ဆရာဝန်- ဒေါက်တာကျော်သန့်ဇင်၊ ဗီဒီယိုကျွမ်းကျင်အဖြစ် ဦးအောင်အောင်ထွန်း၊ အားကစားသမားများအဖြစ် **ဂိုး** - ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ ထွန်းနန္ဒာဦး (မြဝတီ)၊ **နောက်တန်း** - သန်းထိုက်ဇင်(အား/ကာသိပ္ပံ)၊ ကျော်သူထွန်း (ဟံသာဝတီ)၊ ဝင်းမိုးကျော် (မကွေး)၊ သူရိန်စိုး (ရန်ကုန်)၊ ရဲရင့်အောင် (ရတနာပုံ)၊ သက်ပိုင်ထွေး (ရှမ်းယူနိုက်တက်)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ **အလယ်တန်း-** မြတ်ကောင်းခန့် (ရတနာပုံ)၊ စိုးလွင်လွင် (မကွေး)၊ မြတ်ထွန်းသစ် (မကွေး)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ **ရှေ့တန်း-** ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ဇင်မင်းထွန်း (မကွေး)၊ အောင်ကောင်းမာန် (ဧရာဝတီ)နှင့် ပြည့်စုံနိုင် (ရတနာပုံ)တို့ ပါဝင်ကြသည်။

ယင်းပြိုင်ပွဲတွင် အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် မြန်မာ၊ ဘရူနိုင်း၊ ထိုင်း၊ တီမော၊ အုပ်စု (ခ) တွင် လာအို၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၂၄ ရက်တွင် ထိုင်းအသင်း၊ ဧပြီ ၂၇ ရက်တွင် တီမောအသင်း၊ ဧပြီ ၃၀ ရက်တွင် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် အကြိမ် ၃၀ မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

---

## ပရီမီယာလိဂ် ပွဲစဉ် (၃၅) ယှဉ်ပြိုင်၊ တန်းဆင်းဇုန်မှ ဝက်စ်ဘရွန်းကို လီဗာပူးတို့ အနိုင်မယူနိုင်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၃၅)အစောဆုံးပွဲစဉ်အဖြစ် ဝက်စ်ဘရွန်းနှင့်လီဗာပူးတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဝက်စ်ဘရွန်းသည် ၄-၄-၁-၁ ပုံစံဖြင့်လည်းကောင်း၊ ဧည့်သည် လီဗာပူးသည် ၄-၃-၃ကစားကွက်ဖြင့် လူစုံထုတ်မသုံးဘဲ ပွဲထွက်ခဲ့သည်။ ပွဲစပြီး ၄ မိနစ်တွင် ဒန်နီအင့်စ်က လီဗာပူးအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ချန်ဘာလိန်း၏ ဖန်တီးမှုမှတစ်ဆင့် မိုဟာမက်ဆာလက်က လီဗာပူးအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

ဆာလက်သည် ယင်းသွင်းဂိုးကြောင့် ပရီမီယာလိဂ်သွင်းဂိုး၃၁ ဂိုးရရှိခဲ့ပြီး ပရီမီယာလိဂ်တစ်ရာသီ ဂိုးစံချိန်တင်ခဲ့သည်။ အလန်ရှီးယား၊ စီရော်နယ်ဒို၊ ဆွာရက်ဇ်တို့နှင့် ၃၁ ဂိုးစံချိန်တူညီခဲ့ပြီး လက်ကျန်ပွဲစဉ်များတွင် ဆာလက်အနေဖြင့် စံချိန်ချိုးနိုင်ရန် အခွင့်အရေးရရှိခဲ့သည်။

ပွဲချိန် ၇၉ မိနစ်တွင် လီဗာမိုးက ဝက်စ်ဘရွန်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၈၈ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်စစ်မှူးရွန်ဒန်က ခေါင်းတိုက်သွင်းယူကာ ဝက်စ်ဘရွန်းအတွက် ဒုတိယဂိုးရယူခဲ့သည်။ ပွဲပြီးချိန်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် ရမှတ်တစ်မှတ်စီခွဲယူခဲ့သည်။

ပွဲစဉ်(၃၅) အပြီးတွင် ဝက်စ်ဘရွန်းက ရမှတ် ၂၅ မှတ်ဖြင့် တန်းဆင်းဇုန်အောက်ဆုံးတွင် ဆက်လက်ရန်းကန်ရမည်ဖြစ်ပြီး လီဗာပူးသည် ရမှတ် ၇၁ မှတ်ဖြင့် အဆင့် ၃ တွင် ဆက်လက်ရပ်တည်နေသည်။



အခြားပွဲစဉ်ဖြစ်သည့် ဝက်ဖို့ဒ်နှင့် ပဲလေ့စ်တို့ပွဲတွင် ဂိုးမရှိသရေဖြစ်ခဲ့ပြီး ယခုပွဲစဉ်အပြီးတွင် ဝက်ဖို့ဒ်က ၃၈ မှတ်၊ ပဲလေ့စ်က ၃၅ မှတ် ရရှိကာ ဇယားအောက်ပိုင်း၌ ရပ်တည်နေသည်။

**သီဟ**

---


## တိုက်ခန်းရောင်းရန်ရှိသည်

**အမှတ်(၆၂)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်**

- ၆ထပ်RCC အဆောက်အအုံ၊ BCC ကျပြီးအသင့်တက်ရောက်နေထိုင်နိုင်။
- 315KVA Transformer ၊ YESC Electric Meter နှင့်ကိုယ်ပိုင်မီးစက်ပါရှိ။
- Schindler ဓါတ်လှေကား(၂)စင်း၊ Security access control & CCTV system Fire protection & Fire fighting system များအပြည့်အစုံတပ်ဆင်ထား။
- တစ်ခန်းလျှင်ကြမ်းခင်းဧရိယာ 1800 Sq ft; ၁ခန်း၊ Living Room, Dining Room, Master Bedroom (၂)ခန်းနှင့် အိပ်ခန်း(၁)ခန်းပါရှိ။
- တစ်ခန်းလျှင် ကားပါကင်(၁)စီးနှုန်း၊ ကားဝင်ထွက်ရန်လွယ်ကူ။

ဆက်သွယ်ရန် 01-524 963, 01-526 928, 01-516 533~6


### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ် ၅/ပဒေသာရပ်၊ ဦးပိုင်အမှတ် ၄၅၅၊ မြေယာအမှတ် 3\139၊ မြေဧရိယာ ဝဒသမဝ၅၅ဧကရှိ မြေကွက်အား မြေငှားဂရန်သစ်လျှောက် ထားနိုင်ရေး ဒေါ်သက်သက်ဇော် ၉/မနမ(နိုင်) ၀၉၈၉၀၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

### တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်နေ ဦးလက်စ် လီမွေး၏သား ဦးစောဆာပီးလီး (ခ)ဦးစောဟဲဗင် ၁၂/အစန(နိုင်)၁၃၈၈၀၅ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစောဆာပီးလီး(ခ)ဦးစောဟဲဗင်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ်(၁)ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ ငါးထပ်တိုက်၏အကျယ်အဝန်း(အလျားပေ ၁၁ ½×အနံ ၄၇ပေ)ရှိ ပထမထပ်(ခြေရင်း ခန်း)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်အောင် ၁၂/ဒပန(နိုင်)၀၁၃၂၈၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B)အထက်တန်းရှေ့နေ**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန(၂၀၁၈)ခု၊ (ဧပြီလ - စက်တင်ဘာလ)(၆)လအတွင်း တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီရုံးအမှတ်(၄)၊ နေပြည်တော်သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၆-၄-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၅-၂၀၁၈ရက် (ညနေ ၃ နာရီ)
**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၆၇-၃၄၁၁၅၁၀၊ ၀၆၇-၃၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

### ဒေါ်သန္တာဝင်း ၁၂/ဒဂတ(နိုင်)၀၁၁၂၈၅ သိစေရန်

Dr. သိန်းဆွေ ၁၂/အစန(နိုင်)၁၀၆၂၄၄ နှင့် ဒေါ်သန္တာဝင်းသည် ၁၉-၁-၂၀၁၇ ရက်က လသာမြို့နယ်တရားရုံး၊ တရားသူကြီးရှေ့မှောက်တွင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းစဉ် ဒေါ်သန္တာဝင်းအနေဖြင့် "နှစ်ဦးပိုင်ပစ္စည်းများကိုစွန့်လွှတ်၍ ပိုင်ဆိုင်မှုတွင်ပါဝင်ပတ်သက်ခြင်းမရှိကြောင်း၊ ကွာရှင်းပြတ်စဲပြီးနောက်တွင် မည်သည့်အနှောင့်အယှက်အဟန့်အတားမပြုလုပ်ရန်" လက်မှတ်ရေးထိုးကြပြီးဖြစ်၍ Dr. သိန်းဆွေပိုင် "အေးရိပ်မွန်ဆေးခန်း" အပါအဝင် စီးပွားရေး၊ လူမှုရေး၊ လုပ်ငန်းနှင့်ဂုဏ်သိက္ခာတို့ကို ထိခိုက်အနှောင့်အယှက် အဟန့်အတားမပြုလုပ်ပါရန်သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**Dr. သိန်းဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမော် B.Sc, PGDL**
**Advocate of the Supreme Court**
**Sr.10674**
**Hlaing Int'l Law Firm**
**55-25 Barr Street, Kyauktada T/S, Yangon**
**Ph:09 51 56683,09 420448599**

**ဒေါ်စန္ဒာထွန်း**
**(အထက်တန်းရှေ့နေ)**
**စဉ်-၄၅၉၄၈**


### လမ်းမတန်းနေရာကောင်းရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်းမပေါ် ပေ(၆၀×၆၀) 2BN ရေ၊ မီး၊ ကြိုးဖုန်း မြေပိုင်မြေ၊ ပိုင်ရှင်အမည်ပေါက်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၀၅၈၃၆**


### ပျောက်ဆုံးကြောင်း

ကျွန်မ နန်းအေးပွင့် ၃/ကကရ(နိုင်)၂၅၀၄၄၀ ၏ Passport စာအုပ်နံပါတ် (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၃၂၄၅၁၈**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကျုံပျော်မြို့နယ် တရားရုံးတော်
### ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဦးမျိုးမင်းဇော် **နှင့်** ၁။ ကိုအောင်သန်းဇော်
၂။ ကိုသက်ဦး
၃။ ဦးစိန်ငွေး
၄။ ဦးမြအေး

**တရားလို** **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဖက်သောင်ကျေးရွာအုပ်စု၊ သက္ကယ်ကုန်းကျေးရွာနေ (၃)တရားပြိုင် ဦးစိန်ငွေးနှင့်(၄)တရားပြိုင် ဦးမြအေး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဦးမျိုးမင်းဇော်က နွားဖိုးငွေ(၁၉၀၀၀၀၀ိ/-)(ငွေကျပ်တစ်ဆယ့် ကိုးသိန်း)အနက်မှ ကျန်ငွေ(၁၄၀၀၀၀၀ိ/-)(ငွေကျပ်တစ်ဆယ့်လေးသိန်း)တိတိရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၃ရက် (၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဧပြီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်ဖူးဝေ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကျုံပျော်မြို့နယ်တရားရုံး**

# ဂါဇာအရှေ့ပိုင်းတွင် အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ ရုန်းရင်းဆန်ခတ်ဖြစ်ပွားကာ လေးဦးသေဆုံးပြီး ၄၅၀ ကျော် ဒဏ်ရာရ

ဂါဇာ မေ ၂၁

**ဂါဇာကမ်းမြောင်အရှေ့ဘက်နှင့် အစ္စရေးနယ်စပ်အနီးတွင် သောကြာနေ့က ပါလက်စတိုင်းဆန္ဒပြသူ ရာပေါင်းများစွာနှင့် အစ္စရေးတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခများ အပြင်းအထန်ဖြစ်ပွားခဲ့ရာ ပါလက်စတိုင်း ပြည်သူလေးဦးသေဆုံးပြီး လူ ၄၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးကုသမှုအဖွဲ့က ပြောကြားခဲ့သည်။**

ပြီးခဲ့သည့် မတ်လ ၃၀ ရက်တွင် လူထုစုဝေးမှုများနှင့် ဆန္ဒပြဆန့်ကျင်မှုများ ဖြစ်ပွားခဲ့ချိန်ကတည်းက အစ္စရေးတပ်မတော်သည် ပါလက်စတိုင်းနိုင်ငံသား ၁၇ ဦးကို ပစ်သတ်ခဲ့ပြီး လူ ၄၀၀၀ ထက်မနည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ၎င်းတို့အနက် သုံးပုံတစ်ပုံကျော်ခန့်မှာ သေနတ်များဖြင့် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သည်ဟု အယ်လ်ကွီဒရာက ပြောကြားခဲ့သည်။

ရာနှင့်ချီသော ပါလက်စတိုင်းနိုင်ငံသားများသည် သောကြာနေ့အစောပိုင်းတွင် ဂါဇာကမ်းမြောင် အရှေ့ဘက်ရေိယာများဆီသို့ ချီတက်ခဲ့ကြသည်။ အဆိုပါ ဧရိယာသည် အစ္စရေးနယ်စပ်နှင့် နီးကပ်စွာ တည်ရှိသည်။

သောကြာနေ့ချီတက်မှုသည် ပါလက်စတိုင်းနိုင်ငံသား အုပ်စုကွဲများ၊ နိုင်ငံရေးဆိုင်ရာ ဩဇာအာဏာရှိသူများက စီစဉ်ခဲ့သည့် ရက်သတ္တခြောက်ပတ်ကြာ လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယင်းလှုပ်ရှားမှုသည် ပြီးခဲ့သည့် မတ်လ ၃၀ ရက်ကတည်းက စတင်ခဲ့ပြီး အစ္စရေးနိုင်ငံက လွတ်လပ်ရေးကြေညာခဲ့မှု နှစ် ၇၀ ပြည့် နှစ်ပတ်လည်နေ့အပြီး နောက်တစ်ရက်ဖြစ်သည့် မေ ၁၅ ရက်တွင် ပြီးဆုံးနိုင်မည်ဟု သိရသည်။

ပါလက်စတိုင်း နိုင်ငံသားများက ယင်းလှုပ်ရှားမှုကို Great March of Return ဟု ခေါ်တွင်ခဲ့သည်။ ဂါဇာကမ်းခြေဒေသအပေါ် ၁၀ နှစ်ကျော်ကြာအောင် အစ္စရေးက ပိတ်ဆို့မှုများ ချမှတ်ခဲ့မှုကို အဆုံးသတ်စေရေး ပိုမိုဖိအားပေးရန်နှင့် ၎င်းတို့၏ နေရပ်ပြန်ခွင့်အတွက် အလေးအနက်တောင်းဆိုရန် ယင်းလှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သောကြာနေ့က အစ္စလာမ္မစ် ဟားမားစ်လှုပ်ရှားမှု ပေါ်လစ်ဗျူရိုအဖွဲ့အကြီးအကဲ အစ္စမေးလ် ဟာနီယာက မြောက်ပိုင်းဂါဇာကမ်းခြေဒေသရှိ ဆန္ဒဖော်ထုတ်သူများအား ပါလက်စတိုင်း နိုင်ငံသားများသည် ဘယ်သောအခါမှ အရှုံးပေးလိမ့်မည် မဟုတ်ကြောင်းကို လူထုစုဝေး ချီတက်မှုများအတွင်း ပြသခဲ့သည်ဟု ပြောကြားခဲ့သည်။ **ဆင်ဟွာ**




# နောက်ထပ် နျူကလီးယားစမ်းသပ်မှုများ ရှိတော့မည်မဟုတ်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ပြောကြား




**ပြုံယမ်း မေ ၂၁**

မြောက်ကိုရီးယားနိုင်ငံသည် စနေနေ့မှစတင်ကာ နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုများကို ဘယ်သောအခါမှ လုပ်ဆောင်တော့မည် မဟုတ်ကြောင်းနှင့် နျူကလီးယား ဒုံးကျည်စမ်းသပ်သည့် နေရာများကိုပါ ပိတ်သိမ်းတော့မည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားဗဟိုရုပ်မြင်သံကြားက စနေနေ့တွင် သတင်းဖော်ပြခဲ့သည်မှာ ကင်သည် သောကြာနေ့က ပြုံယမ်းရှိ အာဏာရအလုပ်သမားပါတီဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးတွင် ထိုသို့ ကြေညာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

မြောက်ကိုရီးယားသည် တာလတ်နှင့် တာဝေးပစ် ဒုံးကျည်များသာမက တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်များကိုပါ နျူကလီးယားစမ်းသပ်မှု လုံးဝ ထပ်မံလုပ်ဆောင်တော့မည် မဟုတ်ကြောင်း ကင်က ပြောကြားခဲ့သည်။ မြောက်ပိုင်းဒေသရှိ နျူကလီးယားစမ်းသပ်သည့်နေရာ၌ မစ်ရှင်ဆောင်ရွက်နေမှုများမှာလည်း အဆုံးသတ်သွားပြီဖြစ်သည်ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ နျူကလီးယားစမ်းသပ်မှုများကို အပြီးစွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ရခြင်းမှာ မြောက်ကိုရီးယားသည် နျူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်မှု၊ သယ်ယူပို့ဆောင်မှုနှင့် တိုက်ခိုက်မှုဆိုင်ရာ ဆောင်ရွက်ချက်များ ပြီးပြည့်စုံသွားပြီဖြစ်သောကြောင့် ဖြစ်သည်ဟု ကင်က ဆိုသည်။

ကော်မတီအစည်းအဝေးတွင် ပါဝင်သူများသည် နျူကလီးယားနှင့် တိုက်ချင်းပစ် ဒုံးကျည်စမ်းသပ်မှုများကို ရပ်ဆိုင်းကာ မြောက် ဟမ်ဂျုံးပြည်နယ် ပန်ဂျီရီရှိ နျူကလီးယားစမ်းသပ်သည့် နေရာများကို ပိတ်ပစ်ရန်ဆုံးဖြတ်ချက်ကို တစ်ခဲနက် အတည်ပြုခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းမှုကို အာမခံနိုင်စေရန်အတွက် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကာ ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေးကို ပြန်လည်တည်ဆောက်ရေးအတွက် အာရုံစိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

# ဒမတ်စကတ်မြို့အပြင်ဘက်ရှိ ဧရိယာသစ်ဆီမှ သူပုန်များ စတင်ထွက်ခွာ

**ဒမတ်စကတ် မေ ၂၁**

ဆီးရီးယားမြို့တော် ဒမတ်စကတ်မြို့အပြင်ဘက်ရှိ သူပုန်များ စနေနေ့တွင် ဧရိယာသစ်မှ စတင်ထွက်ခွာနေပြီဖြစ်ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။ အတိုက်အခံတိုက်ခိုက်ရေးအုပ်စုများနှင့် ရုရှားကျောထောက်နောက်ခံပေးထားသည့် အစိုးရအင်အားစုများအကြား သဘောတူညီမှုအသစ်တစ်ရပ် ပြုလုပ်ခဲ့ပြီးနောက်တွင် ထိုသို့ သူပုန်များ ထွက်ခွာလာကြခြင်းဖြစ်သည်။

အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏ မိသားစုဝင်များအား သယ်ဆောင်လာသည့် ဘတ်စ်ကားများသည် ဒမတ်စကတ်အရှေ့မြောက်ဘက်မှ ၃၅ မိုင်ခန့်ဝေးကွာသည့် အရှေ့ကွာလာမမ်ရှိ အယ်လ်ရူဟေဘာမြို့မှ စတင်ထွက်ခွာနေကြပြီဖြစ်ကြောင်း ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

နိုင်ငံပိုင်ရုပ်မြင်သံကြားက တိုက်ခိုက်ရေးအဖွဲ့ဝင် ၃၂၀၀ ခန့်နှင့် ၎င်းတို့၏ ဆွေမျိုးမိသားစုများသည် စနေနေ့တွင် အယ်ရူဟေဘာမြို့နှင့် အနီးအနားရှိ အယ်လ်နာဆီရီယာနှင့် ဂျေရုတ်မြို့များမှ ထွက်သွားကြလိမ့်မည်ဟု ခန့်မှန်းရကြောင်း သတင်းဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

# မြောက်ကိုရီးယားကို အနီးကပ်စောင့်ကြည့်သွားမည်ဟု ဂျပန်ဝန်ကြီးချုပ် ပြော

**တိုကျို မေ ၂၁**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နျူကလီးယားစမ်းသပ်မှုကို စွန့်လွှတ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ကြေညာခဲ့မှုကို လှိုက်လှဲစွာကြိုဆိုကြောင်း၊ သို့သော်လည်း ဂျပန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယား၏ ခြေလှမ်းများကို အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အကယ်၍ မြောက်ကိုရီးယား၏ ယခုအပြုအမူသည် ပြည့်စုံပြီး အမှန်တကယ်အစစ်ဆေးခံနိုင်သော၊ ပြောင်းလဲမှုမရှိသော နျူကလီးယား အဖျက်လက်နက်စွန့်လွှတ်မှုတစ်ခုဆီသို့ ဦးတည်နေခြင်းဖြစ်ပါက ၎င်းအနေဖြင့် အထူးသတိထားစောင့်ကြည့်သွားမည်ဟု စနေနေ့က သတင်းထောက်များအား ပြောကြားခဲ့သည်။

ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ယခုရက်သတ္တပတ်အစောပိုင်းတွင် ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေး၌ မြောက်ကိုရီးယားတွင် ဖြစ်နိုင်ဖွယ်ရှိသည့် အပြောင်းအလဲများနှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

အခြေခံမူဝါဒများအပေါ် အခြေပြုလျက် ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့ အတူတကွ လက်တွဲလုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း အာဘေးက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



**နိုင်ငံတကာ သတင်းတိုထွာ**

## အသားငါးတင်ပို့ကုန်များကို အင်ဒိုနီးရှားသို့ ဘရာဇီး ဆက်လက်တင်ပို့မည်

**ရီယိုဒီဂျနေရိုး ဧပြီ ၂၁**

အစားအသောက်လုံခြုံရေးနှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများ မြင့်တက်လာသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများက အရေးကြီးသည့် ကန့်သတ်ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ဘရာဇီးသည် အင်ဒိုနီးရှားသို့ အသားငါးတင်ပို့မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခုရက်ပိုင်းအတွင်း ပြောကြားခဲ့သည်။

ကုန်သွယ်ရေးဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုများသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိလာပြီဖြစ်ပြီး ဘရာဇီး စိုက်ပျိုးရေးနှင့် မွေးမြူရေးထောက်ပံ့ရေးဝန်ကြီး ဘလိုင်ရိုမက်ဂီက အင်ဒိုနီးရှား နည်းပညာအုပ်စုသည် ဘရာဇီး၌ သားသတ်ရုံအချို့ကို ထားရှိရန် လုပ်ဆောင်နေကြောင်း ထပ်မံပြောကြားခဲ့သည်။

ဘရာဇီးသည် အသားငါးတင်ပို့ကုန်များကို တရုတ်နှင့် ရုရှားတို့တွင် နောက်ထပ် ဈေးကွက်ချဲ့ထွင်သွားရန် အစီအစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း ဘလိုင်ရိုမက်ဂီက ပြောကြားခဲ့သည်။

ဆင်ဟွာ

---

## သြစတြီးယား၌ ရထားချင်းတိုက်မိမှုကြောင့် လူ ၅၄ ဦး ဒဏ်ရာရရှိ

**ဗီယင်နာ ဧပြီ ၂၁**

သြစတြီးယားနိုင်ငံ ဆယ်လ်ဘတ်မြို့တွင်းရှိ မီးရထားဘူတာရုံတစ်ရုံ၌ သောကြာနေ့က ရထားမတော်တဆတိုက်မိမှု ဖြစ်ပွားခဲ့ရာ လူ ၅၄ ဦးခန့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ရထားမတော်တဆတိုက်မိမှုသည် သောကြာနေ့ နံနက်စောစောတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဂျာမနီနယ်စပ်အနီးရှိ ဘူတာရုံ၌ ရထားတစ်စင်းက အခြားရထားတစ်စင်းကို တိုက်မိခဲ့ခြင်းဖြစ်ပြီး လူ ၅၄ ဦးခန့်တို့ အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

ရထားတစ်စင်းမှာ ညရထားဖြစ်သည်ဟု သိရသည်။ ရထားမတော်တဆတိုက်မိချိန်တွင် ရထားပေါ်ရှိ ခရီးသည်များစွာတို့မှာ အိပ်မောကျနေခဲ့ကြကြောင်း သိရသည်။ ရထားသည် မတော်တဆတိုက်မိခဲ့ချိန်တွင် အရှိန်ပြင်းထန်ခြင်း မရှိဘဲ အရှိန်လျှော့ခုတ်မောင်းနေခဲ့သည်ဟု ဖော်ပြထားသည်။

ဆင်ဟွာ

---

# အကျိုးဖြစ်ထွန်းမှု မရှိရင် ထိပ်သီးဆွေးနွေးပွဲကနေ နုတ်ထွက်မယ်လို့ ထရန့်ဆို

**ကလျာမိုးမြင့်**



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ ပြုလုပ်ဖို့ စီစဉ်ထားတဲ့ ဆွေးနွေးပွဲတွေဟာ အကျိုးရလဒ်တစ်စုံတစ်ရာဖြစ်ထွန်းမှု မရှိဘူးဆိုရင် အစည်းအဝေးမပြီးခင်မှာပဲ ထထွက်လာခဲ့မှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ ထရန့်နဲ့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ ပူးတွဲပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်မှာ ၎င်းတို့နှစ်ဦးက နျူကလီးယားလက်နက်ဖျက်သိမ်းသွားရေးနဲ့ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံအပေါ် အကြီးအကျယ်ဖိအားပေးမှုတွေကိုတော့ ဆက်ပြီးလုပ်သွားရဦးမှာပဲလို့ အသိပေးခဲ့ပါတယ်။

လတ်တလောမှာ မစ္စတာအာဘေးဟာ ဆွေးနွေးပွဲတွေပြုလုပ်ဖို့ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါမှာရှိတဲ့ မာအေလာဂိုအပန်းဖြေစခန်းကို ရောက်ရှိနေပါတယ်။ ဒီမတိုင်ခင် အစောပိုင်းမှာ စီအိုင်အေဒါရိုက်တာ မိုက်ပွန်ပီအိုဟာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ တွေ့ဆုံဖို့အတွက် မြောက်ကိုရီးယားကို တိတ်တဆိတ်ခရီးစဉ်တစ်ခု သွားရောက်ခဲ့တယ်လို့ မစ္စတာထရန့်က အခိုင်အမာပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်က အမေရိကန်သမ္မတဟာ ခေါင်းဆောင်ကင်ကို ဒုံးပျံလူသား (little rocket man) လို့ ခေါ်ခဲ့ပါတယ်။ လောလောဆယ်မှာ မစ္စတာပွန်ပီအိုဟာ အမေရိကန်နဲ့ ကောင်းမွန်ချောမွေ့တဲ့ ဆက်ဆံရေးအခြေအနေမှာရှိနေပြီး တွေ့ဆုံမှုဟာ ချောချောမောမောနဲ့ ပြီးဆုံးသွားခဲ့တယ်လို့ ထရန့်က တွစ်တာပေါ်မှာ ရေးသားဖော်ပြထားပါတယ်။ မစ္စတာပွန်ပီအိုရဲ့ ဒီခရီးစဉ်ဟာ ၂၀၀၀ ပြည့်နှစ်ကစပြီး အမေရိကန်နဲ့ မြောက်ကိုရီးယားနှစ်နိုင်ငံအကြား အမြင့်ဆုံးထိပ်တန်းအရာရှိများ ထိတွေ့ဆက်ဆံမှုမှတ်တမ်းတစ်ခု ဖြစ်ခဲ့ပါတယ်။

သမ္မတထရန့်ဟာ လာမယ့်ဇွန်လမှာ ခေါင်းဆောင်ကင်နဲ့အတူ ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပသွားမယ်လို့ ခန့်မှန်းရပြီး ထိပ်သီးအစည်းအဝေးကျင်းပသွားမယ့်နေရာအပါအဝင် အသေးစိတ်အချက်အလက်တွေကိုတော့ ဖော်ပြခြင်း မရှိသေးပါဘူး။ ဘာပဲဖြစ်ဖြစ် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းကတော့ လာမယ့်ရက်သတ္တပတ်မှာ မစ္စတာကင်နဲ့ တွေ့ဆုံသွားဖို့ စီစဉ်ထားပြီးပါပြီ။ ကြာသပတေးနေ့က စကားပြောဆိုခဲ့စဉ်မှာ မစ္စတာမွန်က မြောက်ကိုရီးယားဟာ နျူကလီးယားလက်နက်ကို လုံးဝလျှော့ချသွားရေးအတွက် အသင့်ဖြစ်နေကြောင်း ပြောခဲ့ပြီးပြီလို့ ဆိုခဲ့ပြီး ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးဖြစ်မြောက်ဖို့နဲ့ ထရန့်နဲ့ ကင်တို့ရဲ့ထိပ်သီးအစည်းအဝေး ဖြစ်မြောက်အောင်မြင်ဖို့ ခိုင်မာသေချာအောင် ဖန်တီးနိုင်စွမ်းရှိတဲ့ ဖြေရှင်းဆောင်ရွက်မှုတွေနဲ့ ရဲရင့်တဲ့ စိတ်ကူးနိုင်စွမ်းတွေကို အစွမ်းကုန်ထုတ်သုံးကြဖို့ တောင်းဆိုတိုက်တွန်းလျက်ရှိပါတယ်။

### ထရန့်နဲ့ ခေါင်းဆောင်ကင်ရဲ့ထိပ်သီး အစည်းအဝေးနဲ့ပတ်သက်ပြီး ဘာတွေ ပြောကြသလဲ

အကယ်၍ ဆွေးနွေးပွဲဟာ အောင်မြင်မှု ရမှာမဟုတ်ဘူးလို့ ထင်ရပြီဆိုတာနဲ့ ဒါကို ရှေ့ဆက်သွားတော့မှာ မဟုတ်ဘူး။ ပြီးတော့ အကယ်၍ အစည်းအဝေးကိုတော့ ဆက်လုပ်နေတယ်၊ ဒါပေမယ့် ဘာမှအကျိုးမဖြစ်ထွန်းဘူးဆိုရင် အစည်းအဝေးကနေ ထွက်လာရလိမ့်မယ်လို့ ပူးတွဲသတင်းစာရှင်းလင်းပွဲမှာ ထရန့်က ပြောကြားခဲ့ပါတယ်။

မြောက်ကိုရီးယားက နျူကလီးယားလက်နက်လျှော့ချတဲ့ အနေအထားကို မရောက်မချင်း အမြင့်ဆုံးဖိအားပေးမှုတွေကို ဆက်လုပ်သွားမယ်။ ကျွန်တော် ယခင်ကပြောခဲ့ဖူးသလိုပဲ မြောက်ကိုရီးယားအနေနဲ့ နျူကလီးယားလက်နက်လျှော့ချမှုဟာ ပြီးပြည့်စုံပြီး၊ အစစ်ဆေးခံနိုင်လောက်တဲ့ ခိုင်မာမှုမျိုးရှိမယ်၊ နဂိုပုံစံမျိုးမဟုတ်တော့တဲ့ အနေအထားမျိုးတွေရှမယ်ဆိုတဲ့အခါ မြောက်ကိုရီးယားအတွက်ဟာ တောက်ပတဲ့ အနာဂတ်လမ်းကြောင်းတစ်ခု ရှိနေမှာဖြစ်တယ်။ ဒါဟာ မြောက်ကိုရီးယားအတွက်ရော၊ ကမ္ဘာကြီးအတွက်ပါ ကြီးကျယ်ခမ်းနားတဲ့ နေ့တစ်နေ့ ဖြစ်လာစေလိမ့်မယ်လို့ ထရန့်က ဆိုပါတယ်။

### နောက်ထပ်ဆွေးနွေးဖြစ်တဲ့ အကြောင်းအရာများ

ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး သမ္မတထရန့်နဲ့ ဝန်ကြီးချုပ် အာဘေးတို့ဟာ လွတ်လပ်ပြီး မျှတသော၊ အပြန်အလှန်သဘောသက်ရောက်တဲ့ ကုန်သွယ်ရေးစာချုပ်တွေ ချုပ်ဆိုသွားကြရေး ဆွေးနွေးပွဲတွေ စတင်ပြုလုပ်ဖို့ကိုလည်းပဲ သဘောတူညီခဲ့ကြပါတယ်။ ထရန့်ပြောပုံအရဆိုရင် အမေရိကန်ဟာ ဂျပန်နဲ့ တခြားသော ကုန်သွယ်ရေးစာချုပ်မှာပါဝင်တဲ့ အဖွဲ့တွေက ၎င်းမငြင်းဆန် မတွန်းလှန်နိုင်တဲ့ သဘောတူစာချုပ်တစ်ခုကို မကမ်းလှမ်း၊ မဖန်တီးနိုင်သရွေ့ ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေးစာချုပ် (TPP) မှာ ပြန်ပြီးပါဝင်လာဖို့ကို ဆန့်ကျင်နေဦးမှာပဲလို့ သိရပါတယ်။ အမေရိကန်သမ္မတဟာ သံမဏိနဲ့ အလူမီနီယမ်တင်ပို့ကုန်တွေကို အခွန်စည်းကြပ်ကောက်ခံရာမှာ ဂျပန်ကို ကင်းလွတ်ခွင့် မပေးခဲ့ပါဘူး။ အမေရိကန်ရဲ့ တခြားမဟာမိတ်တွေကိုသာ အခွန်ကင်းလွတ်ခွင့် ပေးခဲ့တာပါ။

မြောက်ကိုရီးယားနဲ့ ပတ်သက်ပြီး ပြောဆိုရာမှာ မစ္စတာအာဘေးက ၎င်းအနေနဲ့ ၁၉၇၀ ပြည့်နှစ်နဲ့ ၁၉၈၀ ပြည့်နှစ်များအတွင်းမှာ မြောက်ကိုရီးယားက ပြန်ပေးဆွဲသွားခဲ့တဲ့ ဂျပန်နိုင်ငံသားတွေ လွတ်မြောက်ရေးအတွက် အကူအညီပေးဖို့ သမ္မတထရန့်ကို တိုက်တွန်းတောင်းဆိုထားတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီအချိန်တွေအတွင်းမှာ မြောက်ကိုရီးယားထောက်လှမ်းရေးအေးဂျင့်တွေကို ဂျပန်ဘာသာစကားနဲ့ ရိုးရာဓလေ့တွေကို သင်ကြားလေ့ကျင့်ပေးဖို့အတွက် ဂျပန်နိုင်ငံသား ၁၃ ဦးကို ဖမ်းဆီးသွားခဲ့တယ်လို့ မြောက်ကိုရီးယားက ဝန်ခံခဲ့ပြီးဖြစ်ပါတယ်။ အမှန်တကယ် ဖမ်းဆီးခံလိုက်ရတဲ့ အရေအတွက်ဟာ ဒီထက်ပိုတယ်လို့ ဂျပန်က ယုံကြည်နေပါတယ်။

ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူတွေထဲက တချို့ဟာ နောက်ဆုံးမှာတော့ ဂျပန်ကို ပြန်ရောက်နေကြပါပြီ။ တခြားသူတွေကတော့ သေဆုံးသွားကြပြီလို့ ပြုံယမ်းက ပြောဆိုခဲ့ပေမယ့် ဒါကို ဂျပန်က လက်မခံသေးပါဘူး။ ဖမ်းဆီးခံရသူတွေထဲမှာ အသက်အငယ်ဆုံးဖြစ်တဲ့ မီဂူမီယိုကိုတာဟာ အသက် ၁၃ နှစ်မှာ အေးဂျင့်တွေရဲ့ ဖမ်းဆီးသွားခြင်း ခံလိုက်ရတာဖြစ်တယ်လို့ သိရပါတယ်။

တောင်ကိုရီးယားနိုင်ငံကလည်း ၁၉၅၀ ကနေ ၁၉၅၃ ခုနှစ်အထိ ဖြစ်ပွားခဲ့တဲ့ ကိုရီးယားစစ်ပွဲအတွင်းမှာ တောင်ကိုရီးယား ငါးဖမ်းလုပ်သားအများစုပါဝင်တဲ့ တောင်ကိုရီးယားနိုင်ငံသား ၅၀၀ ခန့်ကို မြောက်ကိုရီးယားက ဖမ်းဆီးခေါ်ဆောင်သွားခဲ့တာနဲ့ပတ်သက်ပြီး ပြောကြားခဲ့ပါတယ်။ ဖမ်းဆီးခေါ်ဆောင်သွားသူတွေကို ဝါဒဖြန့်လှုပ်ရှားမှုတွေ သို့မဟုတ် ထောက်လှမ်းရေးအဖွဲ့ဝင်တွေအဖြစ် အသုံးပြုခဲ့တယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်ခဲ့ပါတယ်။


ထရန့်က အမေရိကန်ဟာ ဂျပန်နိုင်ငံသားတွေကို အမိမြေဆီ ပြန်ပြီးခေါ်ဆောင်လာနိုင်ဖို့အတွက် ကျားကုတ်ကျားခဲလုပ်ဆောင်သွားမယ်လို့ အလေးအနက် ကတိပေးအပ်ခဲ့ပါတယ်။ ဒီလိုပဲ အမေရိကန်ဟာ အမေရိကန်နိုင်ငံသား သုံးဦးကို ပြန်ရရှိဖို့အတွက်လည်း ကြိုးစားနေတယ်လို့ ဆိုပါတယ်။ လတ်တလောမှာ စကားပြောဆိုဆွေးနွေးမှုတွေဟာ အခြေအနေကောင်းနေတဲ့အတွက် ဒါကို ဆောင်ရွက်နိုင်ဖို့ အခွင့်အရေးကောင်းကောင်းရှိတယ်လို့ ထင်မြင်စရာ ဖြစ်ပါတယ်။


### မိုက်ပွန်ပီအိုရဲ့တွေ့ဆုံမှုနဲ့ ပတ်သက်ပြီး သိရှိရသမျှ


အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်ရဲ့နေရာမှာ မစ္စတာပွန်ပီအိုကို အစားထိုးဖို့ အဆိုပြုထားပြီးနောက်မှာ ၎င်းရဲ့ လျှို့ဝှက်ခရီးစဉ်သွားရောက်မှု ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ ထရန့်နဲ့ ကင်ရဲ့ ထိပ်သီးအစည်းအဝေးဖြစ်မြောက်ရေးအတွက် ကြိုတင်ပြင်ဆင်ဖို့ ဆိုတာထက်ပိုပြီး တခြားဘယ်လိုအသေးစိတ်အကြောင်းအရာတွေကိုမှ သိရှိရခြင်း မရှိသေးပါဘူး။ ဒီမိုကရက်တစ်တွေရဲ့ ကန့်ကွက်ဆန့်ကျင်မှုတွေ ခိုင်မာအားကောင်းနေတာ မှန်ပေမယ့်လည်း လာမယ့်ရက်သတ္တပတ်တွေမှာ ရီပတ်ဘလစ်ကန်တွေ ထိန်းချုပ်ထားတဲ့ ဆီးနိတ်လွှတ်တော်က မစ္စတာပွန်ပီအိုကို အမေရိကန်ထိပ်တန်းသံတမန်အဖြစ် အတည်ပြုခန့်အပ်တော့မယ်လို့ ခန့်မှန်းရပါတယ်။


နိုင်ငံခြားဆက်ဆံရေးကော်မတီဆိုင်ရာ ထိပ်တန်းဒီမိုကရက်တစ်အဖွဲ့ဝင် ဆီးနိတ်လွှတ်တော်အမတ် ရောဘတ်မီနန်ဒက်ဇ်က မစ္စတာ ပွန်ပီအိုရဲ့ အတိတ်ကာလကို အစွဲအလမ်းကြီးတဲ့ စိတ်ခံစားမှုဟာ အမေရိကန်ရဲ့တန်ဖိုးကို ထင်ဟပ်စေအောင်ဆောင်ရွက်နိုင်မယ်မထင်ဘူးလို့ ဝေဖန်မှတ်ချက်ချခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ထိပ်သီးဆွေးနွေးပွဲကိုတော့ ဇွန်လအစောပိုင်း ဒါမှမဟုတ် ဒီထက်နည်းနည်းလေးပိုပြီး စောစောကျင်းပနိုင်ဖို့ မျှော်မှန်းထားပြီဖြစ်ပါတယ်။ ဆွေးနွေးပွဲတွေကျင်းပမယ့်နေရာကိုတော့ မြောက်နဲ့ တောင်ကိုရီးယားနှစ်နိုင်ငံအကြားမှာရှိတဲ့ စစ်မဲ့ဇုန်မှာ ဒါမှမဟုတ် အခြားအာဆီယံနိုင်ငံတစ်ခုခုမှာ ဒါမှမဟုတ် ကြားနေဥရောပနိုင်ငံတစ်ခုခုမှာ ပြုလုပ်သွားနိုင်ဖွယ်ရှိတယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းတွက်ချက်ထားပါတယ်။ ။


**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**
















# ‘၁၃၈၀ ခုနှစ်’ မဟုတ်ပါ

**မောင်ခင်မင်(ဓနုဖြူ)**

“ဦး ... နေကောင်းလား၊ ကျွန်တော်ပါ”

“ဟေ... တူတော်မောင်ပါလား၊ တကူးတကန့်လာတာဆိုတော့ ...”

“ဟုတ်ပါတယ် ဦးရယ်၊ နှစ်သစ်ကူးတဲ့ နှစ်ဆန်းတစ်ရက်နေ့မှာပဲ ဇဝေဇဝါဖြစ်စရာ တစ်ခုပေါ်လာလို့ ဦးဆီချက်ချင်း ထလာတာပါ”

“ဘယ်လိုကွဲ့၊ ဘာတွေဇဝေဇဝါဖြစ်လို့လဲ”

“ဒီလိုဦးရဲ့၊ ကျွန်တော်ကလည်း စကားအသုံးအနှုန်းတွေကို သတင်းစာတို့၊ ရုပ်မြင်သံကြားတို့မှာ ရေးတာ၊ ပြောတာတွေကို ဂရုစိုက်ပြီး နားထောင်တတ်တာ ဦးလည်း သိသားပဲ”

“ကဲ ... ဆိုပါဦး”

“နှစ်ဆန်းတစ်ရက်နေ့မှာကိုပဲ တစ်နေရာတည်းမှာ အသုံးအနှုန်းနှစ်မျိုး ကွဲနေတာကြားရလို့ ဦးရဲ့”

“ဟင် ... ဘယ်အသုံးအနှုန်းပါလိမ့်”

“ကျွန်တော်ပြောပြပါ့မယ်၊ နှစ်ဆန်းတစ်ရက်နေ့မှာ မနက် ၈ နာရီ သတင်းဖွင့်လိုက်တော့ မြန်မာ့ရုပ်မြင်သံကြားက သတင်းကြေညာတာ နားထောင်ရတာပေါ့”

“အေး ... ဒီတော့”

“အခုက မြန်မာသက္ကရာဇ် ၁၃၇၉ ကနေ ၁၃၈၀ ကို ကူးပြောင်းတာ မဟုတ်လား ဦး”

“ဟုတ်တယ်လေ”

“သတင်းကြေညာတဲ့ အမျိုးသားကလေးက ‘၁၃၈၀ ခုနှစ်’ လို့ ကြေညာသွားတယ် ဦးရဲ့”

“အင်း ... ဒီတော့”

“သတင်းပြီးတော့ ဦးသိတဲ့အတိုင်း နိုင်ငံတော်သမ္မတကြီးရဲ့ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား အသံလွှင့်တယ်၊ ပြီးတော့ နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်တဲ့ အမိန့် သုံးခုကို ကြေညာသွားတယ် မဟုတ်လား”

“ဟုတ်တယ်လေ၊ ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့် အမိန့်နှစ်ခုပါတယ်”

“အဲဒီ အမိန့်တွေကို ပါးစပ်ကလည်း ကြေညာတယ်၊ အမိန့်စာလည်း ပြတယ်”

“အင်း”

“အဲဒီမှာကျတော့ ‘၁၃၈၀ ပြည့်နှစ်’ လို့ အမိန့် သုံးခုစလုံးမှာ သုံးတယ်”

“သကြံန်အကြိုနေ့တုန်းက ရန်ကုန်မြို့တော် မဏ္ဍပ်မှာ ရန်ကုန်တိုင်းဝန်ကြီးချုပ်က အဖွင့်စကားပြောတော့လည်း ‘၁၃၈၀ ပြည့်နှစ်’ လို့ပဲ သုံးတယ်”

“ဟုတ်ပါပြီ”

“နောက်နေ့သတင်းစာတွေမှာ ရက်စွဲတပ်တော့ တချို့က ၁၃၈၀ ပြည့်နှစ်လို့ တပ်တယ်၊ တချို့ ၁၃၈၀ ခုနှစ်လို့ တပ်တယ်”

“ဪ”

“ရုပ်မြင်သံကြားက အဲဒီည သတင်းကြေညာတဲ့အခါကျတော့ ပထမနေ့ကလို ၁၃၈၀ ခုနှစ်လို့ မကြေညာတော့ဘူး၊ ၁၃၈၀ ပြည့်နှစ်လို့ပဲ ကြေညာတယ်”

“အင်း ဒီတော့”

“ဒီတော့ သတင်းစာမှာရော၊ တီဗွီမှာရော ခုနှစ်ဖြစ်လိုက်- ပြည့်နှစ်ဖြစ်လိုက်နဲ့ တစ်နေရာတည်းက ရေးတာ၊ လွှင့်တာ နှစ်မျိုးဖြစ်နေတာဆိုတော့ ကျွန်တော်လည်း ဇဝေဇဝါဖြစ်သွားတာပေါ့ ဦးရယ်၊ ဒါကြောင့် ဘယ်ဟာမှန်သလဲဆိုတာ ကွဲကွဲပြားပြား သိချင်လို့ပါ”

“ခက်တာပဲကွယ်၊ တကယ်တော့ ဒီကိစ္စဟာ နဂိုကတည်းက ရှင်းနေပြီးသားပါ၊ ခုနှစ်သက္ကရာဇ်တွေ၊ မြန်မာသက္ကရာဇ်ဖြစ်ဖြစ်၊ ခရစ်နှစ်ဖြစ်ဖြစ် သုညနဲ့ဆုံးတဲ့နှစ်ဆိုရင်- ပြည့်နှစ်လို့သုံးရတယ်၊ သုညနဲ့မဆုံးဘဲ ၁ ကနေ ၉အထိ တစ်ခုခုနဲ့ဆုံးရင် - ခုနှစ်လို့ သုံးရတယ်ဆိုတာ မြန်မာတွေ အစဉ်အဆက်သုံးခဲ့တဲ့ အသုံးအနှုန်း အမှန်ပဲလေ”

“ဟုတ်ကဲ့ပါ”

“ကဲ... သမိုင်းနဲ့ ချီပြီးပြောရရင် သီပေါမင်း ပါတော်မူတဲ့ မြန်မာခုနှစ်ကို ဘယ်လိုရေးကြ၊ ပြောကြသလဲ”

“၁၂၄၇ ခုနှစ်လို့သုံးပါတယ် ဦး”

“ဟုတ်ပါပြီ၊ ကဲ... မင်းလည်းသမိုင်းယူခဲ့တာပဲ၊ ရေနံမြေ အရေးတော်ပုံတို့၊ တတိယကျောင်းသားသပိတ်တို့ဖြစ်တဲ့ မြန်မာခုနှစ်ကိုရော”

“၁၃၀၀ ပြည့်လို့ သုံးပါတယ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံလို့ ခေါ်ပါတယ်”

“ဒါ- အရင်ကတည်းကသုံးခဲ့တဲ့ အစဉ်အလာလေ၊ ‘၁၃၀၀ ခုနှစ်’ လို့မသုံးပါဘူး... ‘၁၃၀၀ ပြည့်’ လို့ပဲသုံးပါတယ်”

“ဟုတ်ကဲ့ပါ”

“ခရစ်နှစ်လည်း ဒီလိုပါပဲ၊ ရန်ကုန်တက္ကသိုလ် တည်ထောင်တဲ့နှစ်ကို ၁၉၂၀ ပြည့်နှစ်လို့ သုံးတယ်၊ ၂၀ ရာစုကုန်တဲ့ နှစ်ကရော ဘယ်လိုခေါ်ခဲ့ကြသလဲ”

“၂၀၀၀ ပြည့်နှစ်လို့ ခေါ်ပါတယ် ဦး”

“၂၀၀၀ ခုနှစ်လို့ မခေါ်ပါဘူး၊ သုညနဲ့မဆုံးတဲ့ ခုနှစ်တွေကျတော့ မြန်မာသက္ကရာဇ်ဆိုရင် ၁၃၁၅ ခုနှစ်၊ ၁၃၇၉ ခုနှစ် ဆိုတာမျိုးသုံးတာပဲ၊ ခရစ်နှစ်ဆိုရင်လည်း ၁၉၄၈ ခုနှစ်၊ ၂၀၁၅ ခုနှစ် ဆိုတာမျိုး သုံးတာပဲလေ”

“နောက်ပိုင်းမှာ အသုံးအနှုန်းတွေ ကွဲကုန်လို့လား မသိဘူး၊ နိုင်ငံတော်ကောင်စီ လက်ထက်တုန်းက အဲဒီ အသုံးအနှုန်းနဲ့ ပတ်သက်ပြီး အမိန့်ထုတ်ထားတာရှိတယ်လေ၊ သုညဆုံးတဲ့နှစ်ကို - ပြည့်နှစ်လို့သုံးပါ၊ သုညမဆုံးတဲ့နှစ်ကို - ခုနှစ်လို့သုံးပါလို့ ထုတ်ထားတာ၊ နိုင်ငံတော်ကောင်စီအမိန့်က အခုအထိတည်နေဆဲပဲလေ၊ အဲဒီအမိန့်အတိုင်း လိုက်နာပြီးရေးဖို့လိုတာပေါ့၊ မှန်လည်း မှန်နေတာလေ”

“ဟုတ်ကဲ့ပါ ဦး”

“ဒါတောင် လွန်ခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်တုန်းက ပြဿနာတက်သေးတယ်၊ မင်းတို့ မှတ်မိမလား မသိဘူး၊ အဲဒီတုန်းက နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလိုဗဟိုအဖွဲ့အစည်းကထုတ်တဲ့ အမိန့်တွေမှာ ၂၀၁၀ ပြည့်နှစ်လို့ ရေးတယ်၊ ဝန်ကြီးဌာနတချို့က ထုတ်တဲ့အမိန့်တွေမှာကျတော့ ၂၀၁၀ ခုနှစ်လို့ရေးတယ်၊ တစ်ခါတစ်ခါ သတင်းစာတစ်စောင်ထဲမှာ ရုံးနှစ်ရုံး၊ ဌာနနှစ်ခုက ထုတ်တဲ့ အမိန့်နှစ်ခုမှာ တစ်ခုက ပြည့်နှစ်လို့သုံးပြီး တစ်ခုက ခုနှစ်လို့သုံးတာ တစ်ပြိုင်တည်းတွေ့နေရင်တော့ မင်းပြောသလို ဇဝေဇဝါဖြစ်စရာပေါ့၊ တကယ်တော့ - ပြည့်နှစ်လို့ နိုင်ငံတော်သမ္မတရုံးက သုံးတဲ့အတိုင်း ကျန်တဲ့ရုံးတွေက လိုက်သုံးဖို့လိုတာပေါ့၊ ဘယ်လိုကြောင့် နှစ်မျိုးဖြစ်နေတယ်ဆိုတာတော့ တို့လည်း မပြောတတ်တော့ဘူးကွယ်”

“နားလည်ပါပြီ ... ဦး”

“ဒီပြဿနာက မြန်မာနှစ်ဖြစ်ဖြစ်၊ ခရစ်နှစ်ဖြစ်ဖြစ် ဆယ်နှစ်တစ်ခါပေါ်တဲ့ ပြဿနာလို့တောင် ပြောရမလား မသိဘူး”

“ဟုတ်တယ်နော် ဦး”

“ကြုံတုန်းပြောရဦးမယ်၊ သတင်းစာတို့၊ ရေဒီယိုတို့၊ တီဗွီတို့ဆိုတာ တစ်နိုင်ငံလုံးကစံပြုရတဲ့ အသုံးအနှုန်းတွေကို သုံးတဲ့ဌာနတွေလို့ အများကအလေးထားတဲ့ ဌာနတွေပါ၊ ဘာသာစကားတစ်ခုမှာ နေရာဒေသအလျောက် အသုံးအနှုန်းတွေ ကွဲပြားနေရင် အရင်တုန်းကတော့ ရေဒီယိုပေါ့၊ အခုတော့ တီဗွီလည်း ပါတာပေါ့၊ အဲဒီလို ရေဒီယိုတို့၊ တီဗွီတို့ဆိုတဲ့ နိုင်ငံတော်ရဲ့ မီဒီယာတွေက ထုတ်လွှင့်တဲ့စကားကို စံစကား (Standard Language) လို့ သတ်မှတ်ပြီး အဲဒီစံနဲ့ညီအောင် သုံးနှုန်းရတာဟာ ဘာသာစကားကိုစနစ်တကျလေ့လာတဲ့ ပညာရှင်တွေကျင့်သုံးတဲ့ အစဉ်အလာပဲကွဲ့၊ ဒါကြောင့် အဲဒီဌာနတွေမှာ အသံလွှင့်တဲ့ကိစ္စဆောင်ရွက်တဲ့သူတွေဟာ သိပ်အရေးကြီးပါတယ်”

“ဟုတ်ကဲ့ပါ”

“သတင်းပဲဖြစ်ဖြစ်၊ ကြေညာချက်ပဲဖြစ်ဖြစ် အသံလွှင့်တော့မယ်ဆိုရင် မလွှင့်ဘဲ အဲဒီစာမူကို အသုံးအနှုန်းတွေ မှန်ကန်ရဲ့လား၊ စံနဲ့ညီရဲ့လားဆိုတာ စိစစ်တဲ့ ပညာရှင်အဖွဲ့ဖွဲ့ထားပြီး စိစစ်မယ်ဆိုရင်တော့ အခုမင်းပြောတဲ့ ‘ခုနှစ်လား၊ ပြည့်နှစ်လား’ ဆိုတဲ့ ပြဿနာမျိုးတွေပေါ်လာစရာ မလိုတော့ဘူးလေ”

“ဟုတ်ကဲ့ပါ ဦး မှတ်ထားပါ့မယ်”

“ခုအထိ အဲဒီမီဒီယာတွေမှာ ‘ဦးသန်းထွန်းမှ ဖိတ်ကြားပါတယ်’ တို့၊ ‘အလှူတော်အား ကျင်းပပါတယ်’ တို့ ပြောနေကြတုန်းပဲ မဟုတ်လား၊ တကယ်စကားပြောရင် ‘အား’ ရော၊ ‘မှ’ ရော ဘယ်သူမှ မပြောတော့ပါဘူး၊ ‘ဦးသန်းထွန်းက မိန့်ကြားပါတယ်’ အလှူတော်ကို ကျင်းပပါတယ်လို့ ‘က’ တွေ၊ ‘ကို’ နဲ့ ပြောကြတာပဲလေ၊ တကယ်မပြောတဲ့ ‘အား’ တွေ ‘မှ’ တွေ အခုအထိ မပျောက်သေးဘူးကွဲ့၊ ဒါကြောင့် မလွှင့်ခင်၊ မထုတ်ခင် စိစစ်တဲ့အဖွဲ့က စိစစ်ရင် အကြောင်းအရာအချက်အလက်စိစစ်ရုံနဲ့မလုံလောက်ဘူး၊ အဲဒီအသုံးအနှုန်းတွေကိုပါ စိစစ်မှအများစံပြုနိုင်တဲ့ အသုံးအနှုန်းမျိုးဖြစ်မှာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“သကြံန်နဲ့ဆက်စပ်ပြီး သတိရလို့ပြောရဦးမယ်၊ အသုံးအနှုန်းကိစ္စပါပဲ၊ အမှားတစ်ခုခုပါးစပ်ထဲ ရောက်သွားပြီးရင် ပြင်ဖို့တော်တော် ခက်သွားတဲ့အကြောင်းပါ၊ ဒီနှစ်ပြည်နယ်တွေနဲ့ တိုင်းဒေသကြီးတွေသကြံန်ဖွင့်ပွဲ၊ ပိတ်ပွဲတွေမှာ ယိမ်းအဖွဲ့တွေ ကဖို့၊ ဆိုဖို့ သီချင်းတစ်ပုဒ်တစ်ညီတည်း သတ်မှတ်ထားပုံရတယ်၊ အားလုံးအဲဒီသီချင်းနဲ့ပဲ ဖွင့်ကြ၊ ပိတ်ကြတယ်”

“မန်းတောင်ရိပ်ခို သီချင်းလား ဦး”

“ဟုတ်တယ်၊ ဆရာမြို့မငြိမ်းရေးတဲ့ သီချင်း၊ အင်မတန်ကောင်းတဲ့ သီချင်းပေါ့၊ ဒီသီချင်းပေါ်တာ နှစ် ၇၀ လောက်ရှိပြီ၊ ခုထိမရိုးဘူးလေ”

“ဟုတ်ကဲ့ပါ”

“အဲဒီသီချင်းမှာ သံပြိုင်အပိုဒ်ကလေးပါတယ်၊ မင်းရတယ် မဟုတ်လား”

“ ‘မြနန္ဒာ ရေညိုညိုရစ်ကာသန်း၊ ရွှေမန်းတောင်ရိပ် တူတူခိုသူ ပျိုဖြူတွေရယ်’ ဆိုတဲ့ အပိုဒ်လား ဦး ”

“ဟုတ်တယ်၊ မင်းဆိုတာစာသားမှန်ပါတယ်၊ ဒါပေမယ့် ‘ရေညိုညိုရစ်ကာသန်း’ ဆိုတဲ့ အသုံးကိုတစ်ချိန်က နာမည်ကျော် ရုပ်ရှင်မင်းသားကြီးတစ်ယောက်က ‘နေညိုညိုရစ်ကာသန်း’ လို့မှားပြီးဆိုခဲ့တာ၊ ခုအထိ တော်တော်များများ ‘နေညိုညို’ လို့ပဲလိုက်ဆိုနေကြတော့ အမှားပြင်ဖို့ မလွယ်တော့ဘူးလေ”

“ဟုတ်ကဲ့ပါ”

“ဒီစာသားရဲ့မူရင်းက ရှေးကဗျာကလေးပါ ‘အသက်ကလေးရယ်တဲ့ ရှည်စေလို မြနန္ဒာရေညိုသန်းတယ်၊ မန်းတောင်ရိပ်ခို’ ဆိုတဲ့ ကဗျာလေ၊ အဲဒီစာသားကို ဆရာမြို့မငြိမ်းက ‘ရေညိုညိုရစ်ကာသန်းတယ်’ လို့ လှလှပပ ယူထားတာပါ”

“ ‘ရေညိုညို’ ဆိုတာ ကြည်လင်စိမ်းမြတဲ့ ရေလို့ဆိုလိုတာလေ၊ ‘ညို’ ဆိုတာ ‘ကြည်လင်တဲ့ အဓိပ္ပာယ်ပဲ’၊ ရှေးကဗျာတွေမှာ ‘နန္ဒာရေညို’ တို့၊ ‘ရေညို’ ရစ်ဆိုင်းတို့ မကြာခဏသုံးတယ်၊ အဲဒါကို အဓိပ္ပာယ်မသိတော့ ညိုတယ်ဆိုရင် ရေတော့ မဖြစ်နိုင်ဘူး၊ နေညိုတာပဲဖြစ်ရမယ်လို့ အတွေးမှားပြီး စမှားတဲ့သူက ဆိုလိုက်တာထင်ပါရဲ့၊ ဒီသကြံန်မှာလည်း မှားဆိုတဲ့သူတွေထဲမှာ မြို့မငြိမ်းရဲ့ ဇာတိ၊ အဲဒီသီချင်း မွေးဖွားတဲ့ မန္တလေးက သကြံန်မဏ္ဍပ်က လူတွေတောင် ပါနေတယ်ကွယ့်၊ ပြီးတော့ အဲဒီသီချင်းမှာ ဖွဲ့ထားတဲ့ ‘မြနန္ဒာ’ ဆိုတဲ့ မဟာနန္ဒာကန်ကလည်း နေညိုတဲ့ အနောက်ဘက်မှာမှ မဟုတ်တာ၊ ပြီးတော့ ‘ရေ’ မို့လို့ ရစ်သန်းတယ်လို့ ဖွဲ့တာပေါ့၊ ‘နေ’ က ဘယ်ရစ်နိုင်ပါ့မလဲ၊ ပြောစရာတွေတော့ အများကြီးပေါ့ကွယ်၊ အမှားကြာရင် အမှန်ပြင်ဖို့ ခက်တာပြောတာပါ”

“ကျေးဇူးတင်ပါတယ် ... ဦး၊ ၁၃၈၀ ခုနှစ်ဆိုတဲ့ အသုံးမှားတဲ့အကြောင်း ကျွန်တော်သဘောပေါက်ပါပြီ၊ ဇဝေဇဝါ မဖြစ်တော့ပါဘူး”

> **“ခက်တာပဲကွယ်၊ တကယ်တော့ ဒီကိစ္စဟာ နဂိုကတည်းက ရှင်းနေပြီးသားပါ၊ ခုနှစ်သက္ကရာဇ်တွေ၊ မြန်မာသက္ကရာဇ်ဖြစ်ဖြစ်၊ ခရစ်နှစ်ဖြစ်ဖြစ် သုညနဲ့ ဆုံးတဲ့နှစ်ဆိုရင်- ပြည့်နှစ်လို့သုံးရတယ်၊ သုညနဲ့မဆုံးဘဲ ၁ ကနေ ၉အထိ တစ်ခုခုနဲ့ဆုံးရင် - ခုနှစ်လို့ သုံးရတယ်ဆိုတာ မြန်မာတွေ အစဉ်အဆက်သုံးခဲ့တဲ့ အသုံးအနှုန်း အမှန်ပဲလေ”**

# အသည်းထိခိုက်ပျက်စီးခြင်းကင်းဝေးဖို့ အဝမလွန်အောင် နေထိုင်စို့

**ကလျာမိုးမြင့်**

ဗြိတိန်မှာနေထိုင်ကြတဲ့ သက်လတ်ပိုင်း အရွယ်ရှစ်ဦးမှာ တစ်ဦးလောက်ဟာ ပြင်းထန်တဲ့ အသည်းရောဂါပုံစံတစ်မျိုး ဖြစ်ပွားမှုရှိနိုင်တဲ့ အလားအလာတွေ ရှိနေတယ်လို့သိရပြီး အကြောင်းရင်းကတော့ အဲဒီလူတွေဟာ အဝလွန်နေကြလို့ဖြစ်တယ်လို့ ကျန်းမာရေးသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

ဗြိတိန် Biobank သုတေသနပရောဂျက်က သက်လတ်ပိုင်းအရွယ် အယောက် ၃၀၀၀ နီးပါးကို တစ်ဦးချင်း စစ်ဆေးမှုတွေ ပြုလုပ်လိုက်တဲ့အခါ ဒီထဲက ၁၂ ရာခိုင်နှုန်းဟာ အသည်းရောင်ပြီး အသည်းအဆီဖုံးနေကြတာကို ထိတ်လန့်ဖွယ်တွေ့ရှိခဲ့ရပါတယ်။

Bratain Liver Trustအဖွဲ့က ဒီလိုတွေ့ရှိရတဲ့ အခြေအနေတွေက အသည်းကြွပ်ခြင်းနဲ့ အသည်းအလုပ် မလုပ်တော့ခြင်းကတော့ အသက်ဆုံးရှုံးရသည် အထိ ဖြစ်လာနိုင်တဲ့အတွက် အထူးသတိထားဖို့ လိုအပ်နေကြောင်း သတိပေးလိုက်တဲ့တွေ့ရှိမှုရလဒ်ဖြစ်တယ်လို့ သတိပေးခဲ့ပါတယ်။

အသည်းရောဂါဗေဒကျွမ်းကျင်ပညာရှင်တွေက အသည်းအဆီဖုံး ရောဂါဟာ တိတ်တဆိတ်ကူးစက်ပျံ့နှံ့လာနေတဲ့ ကပ်ရောဂါဖြစ်ပွားမှုတစ်ခုလိုပဲလို့ ပြောပါတယ်။ ဒါဟာ သိပ်ပြီး စိုးရိမ်စရာကောင်းတယ်၊ ဘာကြောင့်လဲဆိုတော့ အသည်းရေရှည်ထိခိုက်ပျက်စီးမှု အခြေအနေမရောက်ခင် အချိန်အထိ ရောဂါလက္ခဏာတွေပေါ်ထွက်လာလေ့မရှိတဲ့ အတွက်ကြောင့်ပဲ။ သို့သော်လည်း ရောဂါဖြစ်ပွားကြောင်း အချိန်မီသိရှိခဲ့မယ်ဆိုရင်တော့ အခြေအနေတွေကို အကောင်းအတိုင်းပြန်ဖြစ်အောင် ကုသလို့ရနိုင်ပါတယ်လို့ ပညာရှင်များက ဆိုပါတယ်။

အသက် ၅၂ နှစ်ရှိပြီဖြစ်တဲ့ ဖရန်ဆက်စ်ကာရိုးလ်ဟာ အောက်စဖို့ဒ်မှာ နေထိုင်သူဖြစ်ပြီး လွန်ခဲ့တဲ့ ခုနစ်နှစ်အကြာက ၎င်းမှာ အသည်းအဆီဖုံး ရောဂါရှိခဲ့ကြောင်း ပြောပြခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကာရိုးလ်ရဲ့ကိုယ်အလေးအချိန်ဟာ ၁၁၆ ကီလိုရှိခဲ့ပါတယ်။ အသည်းမှာ ရောဂါရှိနေပြီဆိုတာကို သိလိုက်ရတဲ့အချိန်မှာ သိပ်ကိုတုန်လှုပ်သွားခဲ့ပြီး တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။



ကာယလေ့ကျင့်ခန်းတစ်မျိုးမျိုးကို ပုံမှန်လုပ်ပြီး ကျန်းမာရေးနဲ့ ညီညွှတ်တဲ့ နေထိုင်စားသောက်မှုပုံစံကိုရယူကာ ကိုယ်အလေးချိန်ကို လျှော့ချနိုင်အောင် ကာရိုးလ်က အသည်း အသန်ကြိုးစားခဲ့ပါတယ်။ အဆီဖုံးနေတဲ့အသည်းက ပုံမှန်အခြေအနေကို ပြန်ရောက်ရှိသွားချိန်မှာတော့ အကြီးအကျယ် ဝမ်းမြောက်ခဲ့ရပါတယ်။

ဖရန်ဆက်စ်ကာရိုးလ်ဟာ အခုချိန်မှာ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေတဲ့ သင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးနေပြီး ကျန်းမာပျော်ရွှင်စွာရှိနေပြီ ဖြစ်ပါတယ်။

**ဘီဘီစီ**

ခ ရီး သွား ဆောင်း ပါး

# တောနော် သဘာဝရေတံခွန်ဆီသို့

**မောင်မောင်မြင့်ဆွေ**

ဦးချပြီး ခေါင်းပြန်အမော့၊ မြင်ကွင်းတွင် ချမ်းသာကြီးစေတီက အထင်းသား ပေါ်လွင်နေသည်။ ပြာလဲ့သောကောင်းကင်နောက်ခံဖြင့် သပ္ပာယ်စွာဖူးမြော်ရသော ချမ်းသာကြီးစေတီက ကြည်ညိုဖွယ်ရာအတိပင်။ စိတ်အေးချမ်းမြေ့စွာ ခံစားမှုနှင့်အတူ ဖူးမြော်နေရာမှထကာ ရင်ပြင်ပတ်လည်တွင် လှည့်လည်ကြည်ညိုမိသည်။ ကော့ကရိတ်မြို့ကိုရောက်ခိုက် မြို့၏ကျက်သရေဆောင် ချမ်းသာကြီးဘုရားကို ကျွန်တော်တို့ လာရောက်ဖူးမြော်ခြင်းဖြစ်သည်။

**တင်လှူ**

ချမ်းသာကြီးစေတီကို တောင်ပေါ်ကျောင်းဆရာတော် ဦးအဂ္ဂ၏ ဒကာအရင်းဖြစ်သည့် ဝန်ထောက်ဦးရွှေကြည်က ၁၈၇၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က တည်ထားခဲ့ခြင်းဖြစ်ပြီး အမြင့်သံတောင် ၄၂ တောင်ရှိကာ ၁၈၈၀ ပြည့်နှစ် ဧပြီ ၂၂ ရက်က ထီးတော်တင်လှူခဲ့ခြင်းဖြစ်ကြောင်း မှတ်သားခဲ့ဖူးသည်။

ကျွန်တော်တို့ ရင်ပြင်ပေါ်မှနေပြီး ကော့ကရိတ်မြို့ကို ကြည့်ရှုမိသည်။ ကော့ကရိတ်မြို့က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့်အတူ တိုးတက်စည်ကားလာသည်။ ဒေါနတောင်၏အနောက်ဘက်တွင် တည်ရှိပြီး ဂျိုင်းမြစ်၊ ဟောင်သရောမြစ်တို့က ရစ်ခွေစီးဆင်းနေရာ တောင်တန်းမြစ်များနှင့် ကော့ကရိတ်မြို့တို့က ပန်းရစ္စာ တည်ရှိနေသည်။



ဓာတ်ပုံ-ကေဇင်

**တည်ရှိခဲ့**

တကယ်တော့ ကော့ကရိတ်သည် မွန်ဘာသာစကားဖြစ်ပြီး ကော့မှာ ကုန်း၊ ကရိတ်မှာ လက်ပံပင်ဖြစ်ရာ ကော့ကရိတ်သည် လက်ပံပင်ကုန်းဟု အဓိပ္ပာယ်ရသည်။ ရှေးအခါက ကော့ကရိတ်မြို့တည်ရှိရာဒေသသည် လက်ပံပင်များပေါက်ရာကုန်းမြေအဖြစ် တည်ရှိခဲ့ကြောင်း မှတ်တမ်းအချို့တွင် လေ့လာသိရှိခဲ့ရသည်။ ကော့ကရိတ်မြို့သည် ၁၉၁၁ ခုနှစ်က မွန်ပြည်နယ် ကျိုက္ခမီခရိုင်အတွင်း တည်ရှိခဲ့သော်လည်း ၁၉၅၅ ခုနှစ်တွင် ကရင်ပြည်နယ်အတွင်း သတ်မှတ်တည်ရှိခဲ့သည်။ ကော့ကရိတ်မြို့အကြောင်းတွေးနေရင်း ကော့ကရိတ်မြို့အနီး နောင်တလာရွာဇာတိ အောင်ဆန်းသူရိယ စောမြင့်အား သတိရစိတ်ဖြစ်မိသည်။ တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရသော ပုဂ္ဂိုလ်ဖြစ်ပြီး လေးစားဂုဏ်ယူရသည့်သူတစ်ဦးဖြစ်သည်။

ကျွန်တော်တို့ ချမ်းသာကြီးစေတီကိုဖူးမြော်ပြီးနောက် ပြန်ထွက်လာခဲ့ကြသည်။ ကော့ကရိတ်မြို့သည် ကော့ကရိတ်-မြဝတီ အာရှလမ်းမကြောင့် သွားလာရေးကောင်းမွန်တိုးတက်လာပြီး စိုက်ပျိုးရေးနှင့်ကူးသန်းရောင်းဝယ်ရေးတို့လည်း အဆင်ပြေလာသည်။

**တိုးတက်လာ**

ကျွန်တော်တို့ ကော့ကရိတ်မြို့အနီး တောနော်သဘာဝရေတံခွန်ရှိရာသို့ သွားရောက်ရန် ကားဖြင့်ထွက်ခဲ့ကြသည်။ ကော့ကရိတ်-မြဝတီ အာရှလမ်းမအတိုင်းလာခဲ့ရာ ကားလမ်းက ကောင်းမွန်ပြီး မော်တော်ယာဉ်အသွားအလာလည်း ရှင်းနေသဖြင့် ပတ်ဝန်းကျင်မြင်ကွင်းကို ကောင်းစွာလေ့လာခွင့်ရသည်။ ဒေါနတောင်တန်းကို ခပ်လှမ်းလှမ်းတွင် စိမ်းညို့စွာတွေ့မြင်ရပြီး ကရင်တိုင်းရင်းသားကျေးရွာအချို့ကိုလည်း လှမ်းမြင်ရသည်။ နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသခံတိုင်းရင်းသားတို့၏ လူမှုဘဝ တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်ခွင့် ရရှိလာပြီဖြစ်သည်။ အာရှကားလမ်းမ ဖြတ်သန်းဖောက်လုပ်ထားရာ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာရေးလည်း တိုးတက်လာသည်ကို သတိပြုမိသည်။

**လမ်းလျှောက်**

ကော့ကရိတ်မြို့မှ ကားဖြင့်ထွက်လာသော ကျွန်တော်တို့ မိနစ်အနည်းငယ်အကြာ၌ပင် တောနော်သဘာဝရေတံခွန်ဆီ သွားရာလမ်းသို့ ရောက်ရှိလာသည်။ ကော့ကရိတ်-မြဝတီ အာရှကားလမ်းမ၏ ကော့ကရိတ်မြို့ဘက်ခြမ်းတွင် တောနော်ရေတံခွန်တည်ရှိပြီး ကားလမ်းမဘေးမှတစ်ဆင့် ကားဖြင့် ၁၀ မိနစ်ခန့် မောင်းနှင်ရသည်။ ဖြည်းဖြည်းချင်း မောင်းဝင်ခဲ့ရာ မကြာမီ တောနော်သဘာဝရေတံခွန်တည်ရှိရာအနီးသို့ ရောက်ရှိလာသဖြင့် ကျွန်တော်တို့ ကားပေါ်မှဆင်းကာ လမ်းလျှောက်ခဲ့ကြသည်။

တကယ်တော့ တောနော်သဘာဝရေတံခွန်ကို အပန်းဖြေစခန်းအဖြစ် စတင်ဖွင့်လှစ်ထားသည်မှာ မကြာသေး။ ကျွန်တော်တို့ရောက်သွားချိန်တွင် ရေတံခွန်သို့ အပန်းဖြေလာရောက်သူ အနည်းငယ်သာ တွေ့မြင်ရသည်။ လူသိမများသေး၍လားမသိ။ ပူပြင်းသည့်ရာသီတွင် လာရောက်အပန်းဖြေစရာကောင်းသည့် နေရာသစ်တစ်ခုပင်ဖြစ်သည်။

**သဘာဝရေတံခွန်**

ကျွန်တော်တို့ တောနော်ရေတံခွန်ရှိရာသို့ ရောက်ရှိခဲ့ကြသည်။ ကျောက်တောင်၊ လိုဏ်မြောင်များအကြား စီးဆင်းနေသော ရေတံခွန်ကို လှမ်းမြင်ရသည်။ ဒေါနတောင်တန်းမှစီးဆင်းလာသော ရေများဖြစ်ပြီး အဆင့်များစွာ စီးဆင်းဖြစ်ပေါ်နေသော သဘာဝရေတံခွန်တစ်ခုလည်းဖြစ်သည်။ ယခု တန်ခူး၊ ကဆုန်လများ၌ပင် ရေတံခွန်မှ ရေများစီးဆင်းမှုရှိနေရာ အပူဒဏ်ကိုရှောင်လိုသူများအတွက် အိုအေစစ်တစ်ခုသဖွယ် တည်ရှိနေခြင်းဖြစ်သည်။

ရေတံခွန်စီးဆင်းရာနေရာသို့ဆင်းရန် ကျောက်တောင်ကမ်းပါးများ ရှိနေခြင်းကြောင့် သံလက်တန်းများ၊ အဆင်းအတက်လှေကားများ ပြုလုပ်ပေးထားကာ ထိုသို့ လုပ်ပေးထားသဖြင့် သွားလာရသည်မှာ အဆင်ပြေလေသည်။ ကျွန်တော်တို့ ရေတံခွန်တွင် ရေမချိုးတော့ဘဲ လက်ဖြင့်ခပ်ယူကြည့်ရာ ကြည်လင် အေးစက်နေသည်ကို မြင်တွေ့ခံစားရသည်။ ရေတံခွန်မှ ရေစီးသံသဲ့သဲ့ကို ကြားနေရသည်။ သို့သော် စီးဆင်းသံက အရှိန်ပြင်းပြင်းတော့မဟုတ်၊ လာရောက်အပန်းဖြေသူအချို့သာရှိရာ ဆူညံမှုမရှိ၊ အမှတ်တရ ဓာတ်ပုံရိုက်နေသူများ၊ ရေတံခွန်သဘာဝရှုခင်းကို လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံမှတ်တမ်း ရိုက်ကူးနေသူအချို့နှင့် ကိုယ်တိုင်ဓာတ်ပုံရိုက်နေသူအချို့ကို လှမ်းမြင်ရသည်။

**မြင်တွေ့ရ**


ကျွန်တော်တို့ ရေတံခွန်စီးဆင်းရာအပေါ်ဘက် ကျောက်ဆောင်တစ်ခုပေါ်သို့ သံလှေကားထစ်များကို အားပြုတက်ရောက်ခဲ့ကြသည်။ ရေတံခွန်၏နေရာအချို့ကို အပေါ်စီးမှ မြင်တွေ့ရသည်ဖြစ်ရာ မြင်ကွင်းက ပြောင်းသွားသည်။ ရေတံခွန်စီးဆင်းရာအချို့နေရာများကို တောင်ကျချောင်းငယ်တစ်စင်းသဖွယ် မြင်တွေ့ရသည်။ ရေစီးကျသည့် ရေအိုင်ရှိရာနေရာတွင် လူတစ်ဦးစ၊ နှစ်ဦးစ ရေဆင်းချိုးနေသည်ကိုလည်း လှမ်းမြင်ရသည်။

တောနော်ရေတံခွန်ဝန်းကျင်က တိတ်ဆိတ်အေးချမ်းပြီး စတင် ဖွင့်လှစ်ထားသည်မှာ မကြာသေးသောကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိသေးချေ။ ရေတံခွန်တွင် လာရောက်အပန်းဖြေသူများ တစ်နေရာမှတစ်နေရာ သွားလာရန် လှေကားထစ်များ တပ်ဆင်ပေးထားသည်မှအပ ကျန်အရာအားလုံးကို သဘာဝအတိုင်း ထားရှိပေးထားသည်ကို သတိပြုမိသည်။

**လူသိများလာနိုင်**

တောနော် သဘာဝရေတံခွန်သည် ကရင်ပြည်နယ်အတွင်း သဘာဝအပန်းဖြေစရာ နေရာသစ်တစ်ခုဖြစ်ရာ မကြာမီ ခရီးသွားများအတွက် ခရီးစဉ်သစ်တစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ ကျွန်တော်တို့ တောနော်ရေတံခွန်တွင် အချိန်အတန်ကြာ လေ့လာပြီးနောက် ပြန်လာခဲ့ကြသည်။ တောနော်ရေတံခွန်သည် ကော့ကရိတ်မြို့အနီးတွင်တည်ရှိပြီး မြဝတီမြို့မှ ကားဖြင့်လာလျှင်လည်း မိနစ် ၃၀ ခန့်သာကြာသည်ဖြစ်ရာ သွားလာရေး အဆင်ပြေသည်။ ကော့ကရိတ်-မြဝတီ အာရှလမ်းမကြောင့် နောက်ပိုင်းတွင် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ လာရောက်ရန်လည်း ရှိနေသည်ဖြစ်ရာ လူသိများလာမည့် သဘာဝရေတံခွန်အဖြစ် ရောက်ရှိလာနိုင်လေသည်။

နိုင်ငံတစ်ဝန်း သဘာဝအလှတရားများနှင့် ပြည့်နေသလို ကရင်ပြည်နယ်တွင်လည်း သဘာဝလိုဏ်ဂူများ၊ ရေတံခွန်များ၊ တောတောင်အလှတရားများဖြင့် စည်ဝေလျက်ရှိရာ ယခု တောနော်သဘာဝရေတံခွန်ကြောင့် ခရီးသွားဧည့်သည်များ စိတ်ဝင်တစား ပိုမိုလာရောက်ကြဦးမည်ဟု တွေးနေမိသည်က အမှန်ပင်။ ။



ဓာတ်ပုံ-ကေဇင်

"ကော့ကရိတ်သည် မွန်ဘာသာစကားဖြစ်ပြီး ကော့မှာ ကုန်း၊ ကရိတ်မှာ လက်ပံပင် ဖြစ်ရာ ကော့ကရိတ်သည် လက်ပံပင်ကုန်းဟု အဓိပ္ပာယ်ရသည်။ ရှေးအခါက ကော့ကရိတ်မြို့တည်ရှိရာဒေသသည် လက်ပံပင်များ ပေါက်ရာကုန်းမြေအဖြစ် တည်ရှိခဲ့ကြောင်း မှတ်တမ်းအချို့တွင် လေ့လာသိရှိခဲ့ရသည်။ ကော့ကရိတ်မြို့သည် ၁၉၁၁ ခုနှစ်က မွန်ပြည်နယ် ကျိုက္ခမီခရိုင်အတွင်း တည်ရှိခဲ့သော်လည်း ၁၉၅၅ ခုနှစ်တွင် ကရင်ပြည်နယ်အတွင်း သတ်မှတ်တည်ရှိခဲ့သည်"



ဓာတ်ပုံ-ကေဇင်

မြန် မာ့ ရိုး ရာ အား က စား

# ပြည်ပလေးနိုင်ငံမှ လက်ဝှေ့ကျော်များ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့်

# Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲများ လားရာ

**မောင်စိန်လွင်(မြန်မာ့အလင်း)**

**လတ်တလော မြန်မာတို့၏ ရိုးရာလက်ဝှေ့သည် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှကြည့်လျှင် အတက်ဘက်သို့ ဦးတည်နေလား၊ အကျဘက်သို့ ဦးတည်နေလား၊ သို့လော သို့လော အတွေးများဖြင့် ငြင်းခုံမှုများ ရှိနေသည်။ အတက်ဘက်သို့ကြည့်မည်ဆိုလျှင် ရိုးရာလက်ဝှေ့လောကသို့ စီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်လာကြသည်။ ကလပ်အသင်းသစ်များ တည်ထောင်ပေးကြသည်။ ပွဲဖြစ်မြောက်ရေးအတွက် ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့မှုများ ရှိလာကြသည်။ သို့သော် မြန်မာ့ရိုးရာလက်ဝှေ့လောကအနေဖြင့် အမှန်တကယ်ပဲ တိုးတက်နေပြီလား တွေးစရာ၊ ငြင်းခုံစရာတွေက ရှိနေဆဲ။ အကြောင်းမှာ မျိုးဆက်သစ်များ ပေါ်ထွန်းမှုနှင့် ပထမတန်းလက်ဝှေ့ကျော်များ နည်းပါးလာမှုက သက်သေပြနေသည်။**


ကြယ်စင်ဖြိုး(ရိုးရာပုဂံ)


နတ်ဖလတ်(ထိုင်း)

မြန်မာ့ရိုးရာလက်ဝှေ့လောကကို ခြုံကြည့်လျှင် အတက်ဘက်သို့ ဦးတည်နေသည်ဟု တွေးသူများရှိသည်။ ကျင်းပလာသည့် ပြည်တွင်း၊ ပြည်ပပွဲများအပေါ်ကြည့်လျှင် မှန်သော်လည်း ယနေ့ ရိုးရာလက်ဝှေ့လောကတွင် ပြည်ပလက်ဝှေ့ကျော်များကို လက်ရည်တူယှဉ်ပြိုင်နိုင်သည့် ပြည်တွင်းလက်ဝှေ့သမားများ မရှိသလောက် ရှားပါးနေသည်၊ အခက်ကြုံနေကြသည်ကို ပွဲစီစဉ်သူများက ဖွင့်ဟလာကြသည်။ ထိုးကြေးပင်တန်းတူညီမျှမှုမရှိတော့ဘဲ ပြည်တွင်းလက်ဝှေ့ကျော်များက အနိမ့်ဘက်မှ လိုက်လံထိုးသတ်နေကြရသည့် ကာလတစ်ခုသို့ပင် ရောက်နေသည်။ ပွဲစီစဉ်သူများအနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ရှုထောင့်မျိုးစုံမှ အခြေအနေအပေါ်မူတည်သုံးသပ်ကာ စီစဉ်နေကြရကြောင်း ရိုးရာလက်ဝှေ့လောကတစ်ခွင်မှ ကြားသိနေရသည်။

ယခု လာမည့် ဧပြီ ၂၉ ရက်တွင် ပြည်တွင်း ပြည်ပ လက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင်ကြမည့် Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲများ စတင်ကျင်းပတော့မည်ဖြစ်သည်။ ယင်းပြိုင်ပွဲသည် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပြည်ပနိုင်ငံများဖြစ်သော ထိုင်း၊ တရုတ်၊ လာအိုနှင့် ဘရာဇီးနိုင်ငံတို့မှ လက်ဝှေ့ကျော်များ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကြီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး MMTS နှင့် H & S Group တို့က တာဝန်ယူကာ 50th Media က အဓိက ကူညီထောက်ပံ့ပေးထားသည်။ ပြိုင်ပွဲကြီးတွင် ထူးခြားမှုတစ်ရပ်အနေဖြင့် တွေ့မြင်ရမည်မှာ အိမ်နီးချင်း တရုတ်နိုင်ငံမှ မွေထိုင်းလက်ဝှေ့ကျော်တစ်ဦး လာရောက်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်သည်။

အဆိုပါ Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇင်ဦးက "ပရိသတ်ကို ရသစုံကျွေးနိုင်မယ်လို့ ထင်တယ်၊ ပြိုင်ပွဲရဲ့ထူးခြားမှုက တစ်ဆင့်ချင်းတစ်ဆင့်ချင်းတက်ပြီး နောက်ဆုံး ဗိုလ်စွဲနိုင်တဲ့အခြေအနေလေး လုပ်ထားတယ်၊ မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေအနေမျိုးစုံ ပြောနေတဲ့ဘက်မှာ ဒီအဖွဲ့အနေနဲ့ အလဲထိုးပွဲတွေလုပ်သလို၊ အမှတ်ပေးပွဲတွေလည်း ရှုထောင့်တစ်မျိုးအနေနဲ့ ထည့်သွင်းကျင်းပသွားတာဖြစ်တယ်၊ ရိုးရာလက်ဝှေ့အနေနဲ့ ပြည်တွင်းမှာ ရှန်းကန်ရတာတွေရှိသလို ပြည်ပမှာ ရှန်းကန်ရတာတွေလည်းရှိတယ်၊ ဒီပြိုင်ပွဲမှာ ထူးခြားတာက တစ်ကြိမ်တစ်ခါမှ လာမကစားဖူးသေးတဲ့ တရုတ်မွေထိုင်းကစားသမား ပါလာတယ်၊ ဒါကို ကြိုဆိုရပါမယ်၊ ဒီပြိုင်ပွဲက အမှတ်ပေးစနစ်နဲ့ သွားမှာဖြစ်တယ်၊ ပွဲစီစဉ်တဲ့သူတွေကို အထူးကျေးဇူးတင်ရမှာဖြစ်ပါတယ်၊ ထူးခြားတာက ဒီခါးပတ်ပွဲက နိုင်ငံခြားက အရည်အချင်းရှိတဲ့သူတွေ ပါလာမယ်ဆိုတော့ ဝိတ်တန်းနဲ့ထိုးတဲ့ ခါးပတ်ပွဲတစ်ခုကို ကျွန်တော်တို့ လက်ဝှေ့သမားလေးတွေ နိုင်ငံဂုဏ်ဆောင်စေချင်တယ်"ဟု ပြောကြားသည်။


ရဲတံခွန်(အဖြူရောင်သွေးသစ်)


မူလာ(ဘာရာဇီး)

Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ယခုလာမည့် ဧပြီ ၂၉ ရက်တွင် ကွာတားပွဲစဉ်-၁ ကို စတင်ကျင်းပမည်ဖြစ်ပြီး တစ်လခြား ကျင်းပသွားမည်ဖြစ်ကာ မေ ၁၃ ရက်တွင် ကွာတားပွဲစဉ်-၂ကို ကျင်းပသွားမည်ဖြစ်သည်။ ဇွန် ၃ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံး ဗိုလ်လုပွဲစဉ်များကို ဇူလိုင် တစ်လနားကာ သြဂုတ် ၁၂ ရက်တွင် ကျင်းပသွားမည် ဖြစ်သည်။

"မြန်မာ့ရိုးရာလက်ဝှေ့လောကမှာ ခုနောက်ပိုင်း ပထမတန်း လက်ဝှေ့သမား ပေါ်ထွန်းလာမှုက နှေးကွေးနေပါတယ်၊ ဒီပြိုင်ပွဲကြီးကျင်းပရတဲ့ ရည်ရွယ်ချက်ကလည်း ရှားပါးလာတဲ့ ပထမတန်းလက်ဝှေ့မောင်တွေ ပေါ်ထွက်လာဖို့ပါ၊ အခုကျင်းပမယ့် Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးမှာ နာမည်မရသေးသော်လည်း နောင်အလားအလာရှိမယ့် တက်သစ်စလက်ဝှေ့သမားလေးတွေကို ထည့်သွင်းပွဲထုတ်ထားပါတယ်"ဟု အဆိုပါပြိုင်ပွဲကြီးကို ဦးဆောင်စီစဉ်သူ ကိုစိုင်းဇော်ဇော်က ပြောသည်။

ပထမဆုံးယှဉ်ပြိုင်ထိုးသတ်မည့် ဧပြီ ၂၉ ရက် ကွာတားဖိုင်နယ်တွင် ကြယ်စင်ဖြိုး(ရိုးရာပုဂံ)နှင့် နတ်ဖလတ်(ထိုင်း)၊ ရဲတံခွန်(အဖြူရောင်သွေးသစ်)နှင့် မူလာ(ဘာရာဇီး)၊ ဆန်းသူဦး(တိုက်ဂါး)နှင့် သီယာဂို(ဘာရာဇီး)၊ ကျော်ထက် (ယူနိုက်တက်)နှင့် ဆလန်ဒန်(လာအို)၊ ယျူခလိန်းမင်း(မြိုင်ကလေး ဘိလပ်မြေစက်ရုံ)နှင့် နောင်အို့(လာအို)၊ ဆလိုင်းချမ်းမြေ့ကို (ရွှေဘားလား/ဘားအံ)နှင့် စောဖိုးထွန်း(သတ္တိ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။ ယင်းပြိုင်ပွဲကြီးတွင် မြန်မာ့ရိုးရာလက်ဝှေ့သမားများထဲမှ လတ်တလော နာမည်ရနေသော်လည်း အကျဘက်သို့ဦးတည်နေသော လက်ဝှေ့သမားများကို ထည့်သွင်းထားခြင်းမရှိဘဲ လက်ဝှေ့သက်တမ်းနုသေးသော်လည်း အတက်ဘက်သို့ဦးတည်နေသော လူငယ်လက်ဝှေ့သမားလေးများကို နေရာပေးထားသည်ကို တွေ့ရသည်။ ထို့အပြင် ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ဝိတ်တန်းငယ်များနှင့် အမျိုးသမီးတန်းများကိုလည်း ထပ်မံထည့်သွင်းရန် စီစဉ်လျက်ရှိပြီး ရုံဝင်ကြေးအနေဖြင့် ငွေကျပ် ၅၀၀၀၊ ၁၅၀၀၀ နှင့် ၂၀၀၀၀ သတ်မှတ်ထားသည်။

"လက်ဝှေ့ Nation အနေနဲ့က ဒါ ပထမဆုံး ကျင်းပတာပါ၊ ရိုးရိုးစိန်ခေါ်ပွဲအနေနဲ့ကတော့ သုံးကြိမ်လောက် ကျင်းပပြီးပါပြီ၊ ရွှေခါးပတ်ပြိုင်ပွဲက နှစ်တိုင်းလုပ်တယ်၊ အဲဒီပွဲကတော့ ဆုကြေးနည်းတဲ့အတွက် ပထမတန်းအဆင့်တွေက ဝင်မပြိုင်ကြဘူးပေါ့၊ ဒီပွဲလုပ်ရတဲ့ အဓိကရည်ရွယ်ချက်က လက်ဝှေ့သမားတွေ ရှားပါးလာတယ်၊ ပထမတန်း နာမည်ကြီးတွေ လက်ချိုး ရေလို့ ရလာပြီ၊ ချန်ပီယံတွေ အများကြီးပေါ်ထွက်ဖို့ လိုလာပြီ၊ ကျွန်တော်နှစ်စဉ်လုပ်တဲ့ ရွှေခါးပတ်ပွဲကလည်း ဇူလိုင်လမှလုပ်မှာဆိုတော့ ဝေးသေးတယ်၊ ရွှေခါးပတ်ထက် ကြေးကိုမြင့်မြင့်ပေးပြီးတော့ နာမည်ကြီးတွေပါအောင် ဒီပြိုင်ပွဲကို စီစဉ်တာပါ၊ ပြည်ပကလည်း ပါချင်တယ်၊ သူတို့ကလည်း မြန်မာ့ရိုးရာဆုတံဆိပ်ကို လိုချင်တဲ့သူတွေရှိတယ်။ ဒီပွဲမှာ ရွှေခါးပတ်ပွဲထက် ဆုကြေး အများကြီးမြှင့်ပေးထားတယ်၊ ရွှေခါးပတ်မှာ ရှုံးတဲ့သူကထိုးကြေးရတယ်၊ နိုင်တဲ့သူက မရဘူး၊ ဖိုင်နယ်မှ ဆုကြေးငွေရတာ၊ ဒီပြိုင်ပွဲမှာတော့ ပွဲစဉ်အလိုက် ရှုံးရှုံးနိုင်နိုင် ဆုငွေတစ်ခါတည်းပေးလိုက်မှာ၊ နိုင်တဲ့သူက ဆက်တက်သွားမယ်၊ ပြိုင်ပွဲတစ်လျှောက်လုံး ဆုကြေးငွေရနေမှာပါ၊ တစ်ဆင့်တစ်ဆင့် တက်လာတဲ့သူကတော့ ဆုကြေးငွေ ပိုရမှာပါ"ဟု ကိုစိုင်းဇော်ဇော်က ဆက်လက်ပြောကြားသည်။

ယင်း Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးတွင် ၆၇-၇၁ ကီလိုတန်း၊ ၆၂-၆၆ ကီလိုတန်းနှင့် ၅၇-၆၁ ကီလိုတန်း သုံးတန်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ၅၇-၆၁ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ထိုးသတ်ကြေး ခုနစ်သိန်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ၁၀ သိန်း၊ ဖိုင်နယ်တွင် ချန်ပီယံရရှိသူကို ၂၅ သိန်းနှင့် ဒုတိယဆုရရှိသူကို ၁၅ သိန်း ချီးမြှင့်မည်ဖြစ်သည်။ ၆၁-၆၆ ကီလိုတန်း ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ ထိုးသတ်ကြေး ရှစ်သိန်း၊ ဆီမီးဖိုင်နယ်တွင် ၁၂ သိန်းနှင့် ဒုတိယရရှိသူက သိန်း ၂၀ ရရှိမည်ဖြစ်ကာ ဗိုလ်စွဲအနိုင်ရသူက ကျပ်သိန်း ၃၀ ရရှိမည်ဖြစ်သည်။ အလားတူ ၆၇ ကီလိုမှ ၇၁ ကီလိုတန်း ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ ငွေကျပ် ၁၀ သိန်း၊ ဆီမီးဖိုင်နယ်၌ ငွေကျပ် ၁၅ သိန်းနှင့် ဒုတိယဆုရရှိသူမှာ ငွေကျပ် ၂၅ သိန်း ရရှိမည်ဖြစ်ကာ ဗိုလ်စွဲအနိုင်ရသူက ကျပ်သိန်း ၄၀ ရရှိမည်ဖြစ်သည်။

သို့ဖြစ်၍ အိမ်ရှင်မြန်မာ အပါအဝင် ပြည်ပလေးနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးမှ ဝိတ်တန်းအလိုက် ဘယ်သူချန်ပီယံဖြစ်လာမည်ကို လက်ဝှေ့ဝါသနာရှင်များ စောင့်မျှော်ကြည့်ရှုရတော့မည် ဖြစ်ပါကြောင်း။ ။

**"ယနေ့ ရိုးရာလက်ဝှေ့လောကတွင် ပြည်ပလက်ဝှေ့ကျော်များကို လက်ရည်တူယှဉ်ပြိုင်နိုင်သည့် ပြည်တွင်းလက်ဝှေ့သမားများက မရှိသလောက်ရှားပါးနေသည်။ အခက်ကြုံနေကြသည်ကို ပွဲစီစဉ်သူများက ဖွင့်ဟလာကြသည်။ ထိုးကြေးပင် တန်းတူညီမျှမှုမရှိတော့ဘဲ ပြည်တွင်းလက်ဝှေ့ကျော်များက အနိမ့်ဘက်မှ လိုက်လံထိုးသတ်နေကြရသည့် ကာလတစ်ခုသို့ပင် ရောက်နေသည်။ ပွဲစီစဉ်သူများအနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ရှုထောင့်မျိုးစုံမှ အခြေအနေအပေါ် မူတည်သုံးသပ်ကာ စီစဉ်နေကြရကြောင်း ရိုးရာလက်ဝှေ့ လောကတစ်ခွင်မှ ကြားသိနေရသည်"**


ဆန်းသူဦး(တိုက်ဂါး)


သီယာဂို(ဘာရာဇီး)

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ရွှေ့ပြောင်းအလုပ်သမားများအားလုံးအတွက် ရွှေအိပ်မက် ဖုန်းအက်ပလီကေးရှင်း

ခင်ရတနာ

ထိုင်းနိုင်ငံတွင်ရောက်ရှိနေကြသည့် မြန်မာအလုပ်သမားများအတွက် မရှိမဖြစ်ထည့်သွင်းထားသင့်သည့် ဖုန်းအက်ပလီကေးရှင်း တစ်ခုရှိသည်။ ယင်းမှာ ရွှေအိပ်မက် အက်ပလီကေးရှင်းဖြစ်သည်။ ရွှေအိပ်မက် အက်ပလီကေးရှင်းသည် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာအလုပ်သမားများအတွက် အနီးစပ်ဆုံးသော ကူညီပေးနေသည့် အက်ပလီကေးရှင်းတစ်ခုဖြစ်လာပြီး ထိုင်းနိုင်ငံအစိုးရ၊ မြန်မာနိုင်ငံအစိုးရ၊ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ အခက်အခဲများအတွက် ကူညီပေးနိုင်မည့် အက်ပလီကေးရှင်းတစ်ခုဖြစ်သည်။

ရွှေအိပ်မက်အက်ပလီကေးရှင်းကို မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အကူအညီပေးနိုင်ရန်အတွက် အစ်ဆာရာအဖွဲ့က အသစ်တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများနှင့် သက်ဆိုင်သည့် သတင်းထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ အလုပ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ အလုပ်သမားများ၏ အခွင့်အရေးများ၊ အလုပ်သမားဥပဒေများနှင့် အလုပ်ရှာဖွေရေးအေဂျင်စီများ၊ အလုပ်ရှင်နှင့် အလုပ်သမား ကူညီရေးအဖွဲ့အစည်းများ၏ အကြောင်းအရာများအားလုံးကို ရွှေအိပ်မက်အက်ပလီကေးရှင်းတွင် လေ့လာဖတ်ရှုနိုင်သည်။

အစ်ဆာရာအဖွဲ့သည် လွတ်လပ်စွာ သီးခြားရပ်တည်နေသည့် အဖွဲ့အစည်းဖြစ်ပြီး အကျိုးအမြတ်မယူဘဲ အလုပ်သမားများ၏ အကျိုးစီးပွားကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။ အစ်ဆာရာရုံးခွဲများသည် ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် တည်ရှိသည်။ လူကုန်ကူးမှုနှင့် အဓမ္မလုပ်အားစေခိုင်းမှု ပြဿနာများကိုလည်း ကူညီဖြေရှင်းပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၏ ဘာသာစကားတစ်ခုဖြစ်သော အစ်ဆာရာသည် လွတ်လပ်ခြင်းဟု အဓိပ္ပာယ်ရပြီး အားလုံးလိုလားကြသည့် လွတ်လပ်မှု၏ အကျိုးအမြတ်ကို အလုပ်သမားများ အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားများ တန်းတူရရှိခံစားနိုင်စေရေးအတွက် အစ်ဆာရာမှ ဆောင်ရွက်ပေးနေကြောင်း သိရှိရသည်။

လုပ်သားများအား မတရားခိုင်းစေခြင်း၊ လုပ်ခလစာ အပြည့်အဝမရရှိခြင်းနှင့် အခြားသောပြဿနာများကို ဖြေရှင်းရာတွင် အစ်ဆာရာမှ ဖြေရှင်းပေးခဲ့ရမှု ရာနှင့်ချီ၍ရှိခဲ့ပြီး ကုန်ပစ္စည်းထုတ်လုပ်မှု အဆင့်ဆင့်နှင့် ကွင်းဆက်များတွင် လုပ်အားခေါင်းပုံဖြတ်မှုများကို လျှော့ချနိုင်စေရန်အတွက် ရည်ရွယ်လုပ်ဆောင်နေကြောင်း အစ်ဆာရာမြန်မာမှ သိရှိရသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများ၏ အရေးကိစ္စများအားလုံးကို အစ်ဆာရာအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး လူကုန်ကူးမှုနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုများကို အစဉ်စောင့်ကြည့်လေ့လာနေသည့် အဖွဲ့အစည်းလည်းဖြစ်သည်။ အလုပ်သမားများအနေဖြင့် အခမဲ့ ခေါ်ဆိုနိုင်သော ဖုန်းနံပါတ်ဖြစ်သည့် ၁၈၀၀၀၁၀၁၈၀ သို့လည်းကောင်း၊ အစ်ဆာရာမြန်မာ၏ လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်စာမျက်နှာမှလည်းကောင်း၊ လိုင်းနှင့် ဗိုင်ဘာ ဖုန်းနံပါတ်ဖြစ်သည့် ၀၈၀၄၅၆၅၆၀ သို့လည်းကောင်း၊ ယခုနောက်ဆုံးထုတ်ထားသည့် ဖုန်းအက်ပလီကေးရှင်းဖြစ်သည့် ရွှေအိပ်မက် အက်ပလီကေးရှင်းမှလည်းကောင်း အလုပ်သမားများနှင့် တိုက်ရိုက်ဆက်သွယ်ခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။

### အလုပ်သမားတွေရဲ့ အချက်အလက်လုံခြုံမှု

ရွှေအိပ်မက် အက်ပလီကေးရှင်းအပါအဝင် အခြား ဆက်သွယ်ရန်နည်းလမ်းများအားလုံးတွင် အချက်အလက်နှင့် ကိုယ်ရေးကိုယ်တာလုံခြုံမှုကို အစ်ဆာရာက တာဝန်ယူထားကြောင်းသိရသည်။ အစ်ဆာရာသည် အလုပ်သမားများ၏ လုံခြုံရေးနှင့် အခွင့်အရေးကို အလေးထားပြီး အလုပ်သမားများ၏ အချက်အလက်များ မပေါက်ကြားစေရန်အတွက် လျှို့ဝှက်ထိန်းသိမ်းပေးထားခြင်းဖြင့် လုပ်ငန်းခွင်အတွင်း တိုင်ကြားမှုများကြောင့် ကြုံတွေ့ရမည့်အန္တရာယ်ကို တားဆီးပေးထားသည်။ အလုပ်ရှင် သို့မဟုတ် အခြားအဖွဲ့အစည်းများကို ပြောကြားရန်အတွက် လိုအပ်လာပါကလည်း အလုပ်သမားများ၏ သဘောတူခွင့်ပြုချက်ရရှိမှသာ ပြောကြားရသည့် စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်နေကြောင်း သိရှိရသည်။

### ဘယ်အချိန်တွေ ဆက်သွယ်မလဲ

အစ်ဆာရာမြန်မာ အပါအဝင် ရွှေအိပ်မက်အက်ပလီကေးရှင်း၊ အခမဲ့ဖုန်းများအားလုံးသည် ပိတ်ရက်မရှိ အချိန်မရွေး ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် နေရာများ ဖြစ်ကြသည်။ အစ်ဆာရာမှ ကူညီမှုများအတွက် ရွှေ့ပြောင်းအလုပ်သမားများအားလုံးသည် အခကြေးငွေ လုံးဝပေးဆောင်ရန်မလိုဘဲ အစ်ဆာရာက အစအဆုံး အခမဲ့ လိုက်လံကူညီဖြေရှင်းပေးမည်ဖြစ်ကြောင်း အစ်ဆာရာမြန်မာမှ တာဝန်ရှိသူများက ပြောကြားသည်။

### ရွှေအိပ်မက် အက်ပလီကေးရှင်း

ရွှေအိပ်မက် အက်ပလီကေးရှင်းတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ ထင်မြင်ယူဆချက်များ၊ အတွေ့အကြုံများနှင့် ခံစားချက်များအားလုံးကို မှတ်ချက်ရေးသားနိုင်ပြီး အခြားသူများ ရေးသားထားသည်ကိုလည်း အမှတ်ပေးနိုင်သည်။ ထို့အပြင် အလုပ်သမားအချင်းချင်း ဆက်သွယ်မှုများလည်း ရရှိပြီး တစ်ဦးအခက်အခဲကို တစ်ဦးက ကူညီဆောင်ကြဉ်းပေးနိုင်သည့်အနေအထား ဖြစ်လာစေရန်လည်း ဖန်တီးပေးထားသည်။ အချို့အလုပ်သမားများ၏ ရေးသားအကြံပြုချက်များသည် ကျန်အလုပ်သမားများ ရွှေ့ပြောင်းသွားလာနိုင်စေရေး၊ အလုပ်အကိုင်ရှာဖွေရေးနှင့် ဝန်ဆောင်မှုများရရှိအောင် ဆောင်ရွက်နိုင်ရေးတို့တွင် အထောက်အကူဖြစ်စေသည်ကို မြင်တွေ့ရပြီး အချို့အချက်အလက်များသည် အလုပ်သမားများ၏ အခက်အခဲများအတွက် ကူညီပေးနိုင်သည့် လူမှုအဖွဲ့အစည်းများထံ ရောက်ရှိသွားပြီး ဒုက္ခဆင်းရဲများကိုလည်း ကျော်လွှားနိုင်ခဲ့သည်ကို မြင်တွေ့ရသည်။

### ရွှေအိပ်မက်ကို ရယူပါ

ဖုန်းအတွင်းရှိ Play Store မှတစ်ဆင့် ရွှေအိပ်မက်သို့မဟုတ် golden dreams ဟု ရိုက်ထည့်ရှာဖွေရုံဖြင့် ရွှေအိပ်မက်အက်ပလီကေးရှင်းကို ဒေါင်းလုပ်ရယူနိုင်သည်။ ရွှေအိပ်မက်ကို အလွယ်တကူ သုံးစွဲနိုင်ရန်အတွက် ဖုန်းအချင်းချင်း ကူးယူမှုများလည်း ပြုလုပ်နိုင်သည်။ ရွှေအိပ်မက်အကောင့်သီးသန့်ဖွင့်၍ သုံးနိုင်သလို ဖေ့စ်ဘုတ်ခ်အကောင့်နှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်သည်။ အကောင့်အမည်၊ အချက်အလက်များနှင့် ဖုန်းနံပါတ်ကို ရိုက်နှိပ်ခြင်းဖြင့် ရွှေအိပ်မက်အက်ပလီကေးရှင်းကို စတင်အသုံးပြုနိုင်မည်ဖြစ်သည်။ သို့သော် ရွှေအိပ်မက်သည် အခြားအက်ပလီကေးရှင်းများကဲ့သို့ အချက်အလက်များကို ဖော်ပြပေးမည်မဟုတ်ဘဲ မိမိဆန္ဒအရသာလျှင် အမည်ကိုဖော်ပြမည် သို့မဟုတ် အမည်မသိအနေဖြင့် ရွေးချယ်အသုံးပြုနိုင်သည်။

ရွှေအိပ်မက် အက်ပလီကေးရှင်းတွင် ကဏ္ဍများစွာပါဝင်ပြီး အလုပ်သမားများ အများစုကြည့်ရှုကြသည့်ကဏ္ဍမှာ သတိပေးချက်များနှင့် အပတ်စဉ် အလုပ်သမားသတင်း၊ မြန်မာအလုပ်သမားနှင့်သက်ဆိုင်သည့် သတင်းများဖတ်ရှုရန်ကဏ္ဍတို့ဖြစ်သည်ကို မြင်တွေ့ရသည်။ မေးခွန်းများဖြေကြားရန်ကဏ္ဍတွင် နေ့စဉ် မေးခွန်းမေးမြန်းနေကြသူများရှိပြီး အစ်ဆာရာမှ ပြန်လည်ဖြေကြားခြင်းနှင့် အလုပ်သမားများ အချင်းချင်း ပြန်လည်ဖြေကြားခြင်းတို့ကိုလည်း တွေ့ရသည်။

### မြန်မာအလုပ်သမားများ၏ မေးမြန်းမှုအများဆုံး


မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ မေးမြန်းမှုအများဆုံး မေးခွန်းများကိုလည်း ရွှေအိပ်မက် အက်ပလီကေးရှင်းတွင် မြင်တွေ့ရသည်။ အဓိကအားဖြင့် လုပ်ခမရသည်မှာ လေးလခန့်ရှိပြီ၊ အလုပ်ရှင်မှ ခြောက်လကျော်ပြီးချိန်တွင် လုပ်အားခပေါင်းပေးမည် စသည်ဖြင့် လုပ်အားခပြဿနာများ ဖြစ်နေသည်။ အမှန်တွင် အလုပ်သမားတိုင်းသည် လုပ်ခလစာအား တစ်လတစ်ကြိမ် ရပိုင်ခွင့်၊ တောင်းခံပိုင်ခွင့်ရှိပြီး မရရှိပါက အလုပ်ရှင်သည် ဥပဒေချိုးဖောက်နေခြင်းဖြစ်ကာ တိုင်ကြားနိုင်သည်ကို သိရှိထားသင့်သည်ဟု တတ်ကျွမ်းသူများက ဖြေကြားချက်ကိုလည်း မြင်တွေ့ရသည်။

အခြား မေးမြန်းမှုအများဆုံးမေးခွန်းမှာ မြန်မာနိုင်ငံကိုပြန်ချင်တယ်၊ ဘယ်လိုလုပ်ရမလဲဟူသည့် မေးခွန်းဖြစ်ပြီး အဖြေများမှာ လက်ရှိအလုပ်မှထွက်ပြီးလျှင် ထွက်စာနှင့် ဝေါ့ခ်ပါမစ် ပယ်ဖျက်စာများကို အလုပ်ရှင်ထံမှ တောင်းယူရမည်။ ထိုစာရွက်စာတမ်းများကို နယ်စပ်ဖြတ်ကျော်ချိန်တွင် ပြသရမည်၊ အလုပ်လုပ်ခွင့်မပယ်ဖျက်ဘဲ နိုင်ငံများအတွင်းမှ ထွက်ခွာပါက တားမြစ်စာရင်းတွင် ဝင်သွားပြီး နှစ်အတော်ကြာ ပြန်လည်လာရောက်အလုပ်လုပ်ကိုင်ခွင့် ဆုံးရှုံးမည် စသည်ဖြင့် ဖြေကြားထားသည်ကို တွေ့ရသည်။

တတိယမေးမြန်းမှုအများဆုံးမှာ အိမ်ပြန်စရိတ်မရရှိသည့် ပြဿနာများဖြစ်ပြီး အများစုသည် အလုပ်သမားအခွင့်အရေးများကို သိနားလည်မှု အားနည်းနေသည့် အနေအထားကို မြင်တွေ့ရသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် အလုပ်တွင် အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခြင်း၊ အလုပ်စာချုပ်ကို အလုပ်ရှင်မှ ဖျက်သိမ်းခြင်း၊ အလုပ်စာချုပ် သက်တမ်းကုန်ဆုံးခြင်းတို့တွင် မိမိတို့နိုင်ငံသို့ ပြန်စရိတ်အားလုံးအတွက် အလုပ်ရှင်မှ ထောက်ပံ့ပေးရမည်ဖြစ်ပြီး အကယ်၍ အလုပ်ရှင်မှ အိမ်အပြန်စရိတ် မပေးအပ်ပါက အဆင့်ဆင့် တိုင်ကြားတောင်းခံနိုင်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ပြင်ပသို့ ရောက်ရှိနေကြသည့် မြန်မာအလုပ်သမားများသည် မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လက်အောက်ရှိ အလုပ်သမားဌာနများသို့ ၂၄ နာရီ အချိန်မရွေး ဆက်သွယ်နိုင်ပြီး လူကုန်ကူးမှု အရေးပေါ်တိုင်ကြားရန်အတွက် ဖုန်းနံပါတ် ၀၉-၄၉၅၅၅၆၆၆၊ ၀၉-၄၉၅၅၅၇၇၇၊ ၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့ကို ဆက်သွယ်နိုင်ကြသည်။ လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက်မျှဝေရာစင်တာ ၀၁-၆၆၆၆၁၉ သို့လည်းကောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ ဆက်သွယ်နိုင်သည့် အရေးပေါ်ဖုန်းနံပါတ် ၀၇၆-၄၃၀၁၈၄ နှင့် ၀၁၆-၅၀၁၈၇ တို့ကိုလည်း ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ ။



# ကောင်းမှုတော်ဘုရားကျောက်စာလာ မှတ်သားဖွယ်ရာများ

ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)

ကောင်းမှုတော်စေတီတော်မြတ်ကြီးသည် စစ်ကိုင်းမြို့၏ အနောက်မြောက်ဘက် ငါးမိုင်အကွာတွင် တည်ရှိသည်။ ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်းဆက် သီရိသုဓမ္မရာဇာ မဟာဓိပတိဘွဲ့ခံ သာလွန်မင်းတရားကြီးက မြန်မာနှစ် ၉၉၈ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်၊ တနင်္လာနေ့တွင် စတင်ပန္နက်ချ တည်ထားတော်မူသည်။ သီရိလင်္ကာနိုင်ငံ အနုရာဓပူရမြို့ ဒေဝါနံပိယတိဿမင်း တည်ထားသည့် စပါးစုပုံဟန်ထူပါရုံစေတီတော်ကြီးကို အတုယူကာ တည်ထားခြင်းဖြစ်ပြီး ဘုရားရှင်၏ လက်ဝဲအောက်စွယ်တော်၊ မြသပိတ်တော်၊ ဓာတ်တော်၊ မွေတော်များစွာနှင့် ရတနာပစ္စည်းများစွာကို ထည့်သွင်း ဌာပနာထားသည်။ ကောင်းမှုတော်စေတီတော်ကြီးသည် စေတီအမြင့် ၁၈၈ ပေ၊ ထီးတော်အမြင့် ၂၆ပေ စုစုပေါင်း ၂၁၄ ပေမြင့်မားသည်။ စေတီလုံးပတ် ၈၈၀ ပေ ၅ လက်မ၊ အချင်း ၂၈၀ ပေ ၉ လက်မ၊ ထီးတော်အချင်း ၁၇ ပေ ၇ လက်မ၊ လုံးပတ် ၅၄ ပေ ၈ လက်မ၊ ထီးတော်ကြေးချိန် ၃၄၄၀ ပိဿာ ရှိသည်။ စေတီတော်အောက်ခြေ ပန်းတင်ခုံ အထက်တွင် အစောင့်နတ်ရုပ်ပေါင်း ၁၂၀ ရှိပြီး စေတီတော်ပတ်လည်တွင် ဆီမီးပူဇော်ရန် ကျောက်တိုင်ပေါင်း ၁၀၀၀ စိုက်ထူထားသည်။

**သမိုင်းမော်ကွန်းကျောက်စာတော်**

ကောင်းမှုတော်ဘုရားကြီး၏ သမိုင်းမော်ကွန်းကျောက်စာတော်ကို သာလွန်မင်းတရားကြီး၏ သားတော် စစ်ကိုင်းငါးထပ်ကြီးဘုရားဒါယကာ ပင်းတလဲမင်း၏ လျှောက်ထားတောင်းပန်ချက်အရ စစ်ကိုင်းတောင်တွင် သီတင်းသုံးတော်မူသော တောင်ဖီလာဆရာတော်ကြီးက ရေးသားတော်မူခဲ့သည်။ အရှင်ကုန္ဒဂုတ္တမထေရ်ကြီးကြပ်၍ ကျောက်ထက်အက္ခရာတင်ခဲ့ရာ ရှေးခေတ်ရေး သမိုင်းမော်ကွန်း ကျောက်စာတော်သည် စေတီတော်ကြီး၏ ရင်ပြင်အရှေ့မြောက် (တနင်္ဂနွေ) ထောင့်တွင် ယနေ့တိုင် အထင်အရှား ရှိနေသည်။ ကျောက်စာတော်၏ အမြင့် ၈ ပေ ၇ လက်မ၊ အထက် အကျယ် ၅ ပေ ၉ လက်မ၊ အောက် အကျယ် ၅ ပေ ၈ လက်မ၊ ထုထည်ထိပ် ၁၀ လက်မ၊ အလယ် ၁၁ လက်မ၊ အောက် ၁၂လက်မ ရှိသည်။ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကျောက်စာသည် မူလထိုးဖြစ်ပြီး ရှေ့မျက်နှာစာဘက်တွင် စာကြောင်းရေ ၈၆ ၊ ကျောဘက်တွင် စာကြောင်းရေ ၉၀ ပါရှိသည်။ ပါဠိ၊ မြန်မာနှစ်ဘာသာနှင့် လင်္ကာစကားပြေရော၍ ရေးထိုးထားသော သံပိုင်းအမျိုးအစား ဖြစ်သည်။

**အာသီသဂါထာ နှစ်ဂါထာ**

ရာဇမဏိစူဠာကျောက်စာကို ဇယတု အောင်မြင်ပါစေသတည်းနှင့် အစပြုထားသည်။ ထို့နောက် အောက်ပါ အာသီသဂါထာ နှစ်ဂါထာကို ဆက်လက်ရေးထိုးထားသည်။

၁။ ဇယတံ ပဝရော ရာဇာ၊
သန္တာနံ ဇယဒါယကော၊
ဇိနသာနနုဘာဏသ၊
စိရံပါလေတု သာသနံ။

အောင်မြင်သူတို့တွင်၊ မြတ်တော်မူသော၊ သူတော်ကောင်းတို့အား၊ အောင်မြင်မှုကိုပေးနိုင်သော၊ မင်းသည်၊ အဆုံးအပိုင်းအခြားမရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူသော၊ ငါးမာန်အောင်မြင်ဘုရားရှင်၏ တစ်ခါ တစ်ဖန် ကြုံရန်ခဲကတ် အမြတ်ရတနာ သာသနာတော်ကို၊ အနှစ်ငါးထောင် ရှည်မြင့်ကြာအောင်၊ စောင့်ရှောက်နိုင်ပါစေသတည်း။

၂။ ကိန္နာဒိ မောလိပိ လန္ဓံ၊
ပုပ္ဖါနဂ္ဂံ ဇိနဏ္ဍာဇံ၊
ကတ္ဝာ ဘူသီခရေ ကာသံ၊
သီသေ ပါသာဏပဏ္ဏာကံ။

ရေမြေသနင်း ပြည့်ရှင်မင်းသည်၊ ရှေးဦးစွာ၊ ပန်းတို့တွင်၊ အမြတ်ဆုံးဖြစ်သော၊ ငါးမာန်အောင်မြင် ဘုရားရှင်၏ မေတ္တာရေကြောင့်ဖြစ်ပေါ်လာသော၊ မကိုဋ်ပန်းကို၊ ပန်ဆင်ခြင်းကို၊ ပြုပြီး၍၊ ပြုပြီးသည့်နောက်၊ အထွတ်အထိတ်ဖြစ်သော၊ မြေမွန်မြေမြတ်၌၊ ကျောက်စာကို၊ ရေးထွင်းခြင်းကို၊ ပြုလေပြီ။

ဘုရားလောင်းသုမေဓာရှင်ရသေ့သည်၊ ဒီပင်္ကရာမြတ်စွာဘုရားထံ မိမိကိုယ်မိမိ တံတားအဖြစ်လှူဒါန်း၍ ဘုရားဆုပန်ဆင်ပုံ၊ ဒီပင်္ကရာမြတ်စွာဘုရားက နိယတ ဗျာဒိတ်ပေးပုံ၊ ဗျာဒိတ်ရပြီး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းမြောက်ဖြစ်သော ကမ္ဘာတကာတို့ ထက်မြက်သော ဤဘဒ္ဒကမ္ဘာ၌ ဘုရားပွင့်တော်မူ၍ သတ္တဝါတို့၏ အကျိုးငှာ တရားဒေသနာဟောကြားခဲ့ပုံကို ပဏာမဖော်ပြထားပါသည်။

သာသနာတော်သုံးပါးတည်ရာ ရာမညတိုင်းတွင်ရှိသော ဟံသာဝတီပြည်ကြီးကိုအုပ်စိုးသော ဆင်ဖြူများရှင်၏ ဘုန်းတန်ခိုးကြီးမားပုံ၊ ထိုမင်းသည် ဟံသာဝတီပြည်ကြီးတွင် ဗုဒ္ဓသာသနာတော်ကို ကောင်းစွာပြုစုထောက်ပံ့သည့်အပြင် သာသနာတော်မရောက်မပေါက်၊ မထွန်းကားသေးသော ရှမ်းကိုးပြည်ထောင်စု အစရှိသော အပြည်ပြည်တို့၌ ဗုဒ္ဓသာသနာတော်ကို တည်စေခဲ့ပုံ၊ သမုဒ္ဒရာခြားသည့် သိင်္ဃိုကျွန်း (သီရိလင်္ကာ)မှ ဘုရားရှင်၏ သပိတ်တော်၊ စွယ်တော်ပို့ဆက်လာရပုံ၊ သိင်္ဃိုမင်းအစရှိသည့် မင်းတို့က သမီးကညာဆက်သလာရပုံ သမုဒ္ဒရာ အခြားရှိသော ဇမ္ဗူဒိပ်ကျွန်းတစ်ကျွန်းလုံးကို အစိုးရသောဆင်ဖြူသခင်တို့၏သခင်၊ ရွှေနန်းသခင်တို့သခင်၊ မဟာစေတီစသောများစွာသောကောင်းမှုတို့၏ ဒါယကာ ဆင်ဖြူများရှင်ဟု အမွှမ်းတင်ရေးထိုးကာ သာလွန်မင်းသည် ထိုဆင်ဖြူများရှင်၏ မြေးရင်းဖြစ်ပုံတို့ကို ကျောက်စာကြောင်းရေ ၅ မှ ၈ အတွင်းဖော်ပြရေးထိုးထားသည်။

ရာဇမဏိစူဠာဒါယကာ သာလွန်မင်းတရားကြီးသည် မုတ္တမသုံးဆယ့်သုံးမြို့ ပုသိမ် သုံးဆယ့်သုံးမြို့ ဟံသာဝတီသုံးဆယ့်သုံးမြို့ဖြစ်သော ကိုးဆယ့်ကိုးမြို့တို့ဝန်းရံလျက် တန်ခိုးအင်အားကြီးမားသော ရာမညဒေသ၏ အချက်အချာ ဟံသာဝတီနေပြည်တော်တွင် မင်္ဂလာနန်းတည်ဆောက်၍ သက္ကရာဇ် ၉၉၅ ခုနှစ်တွင် ဘိသိက်ခံယူတော်မူပုံတို့ကို ကျောက်စာစာကြောင်းရေ ၁၉၊၂၀ တို့တွင် ဖော်ပြထားပါသည်။ ဟံသာဝတီနေပြည်တော်တွင် ဘိသိက်ခံနန်းတက်သည့် ခုနှစ်ကိုပိဋကတ်သင်္ချာဖြင့် ပါဏ ဆိဒြ ဆိဒြ ကလိယုဂ ဟု ဖော်ပြထားသည်။ ပါဏ=၅၊ ဆိဒြ=၉၊ ဆိဒြ=၉ ဖြစ်၍ ၅၉၉ဖြစ်ပါသည်။ သို့သော် ပိဋကတ်သင်္ချာသဘောအရ ပြောင်းပြန်ယူရပါသည်။ ထို့ကြောင့် ဟံသာဝတီနေပြည်တော်ကို နန်းတက်သည့်နှစ်မှာ သက္ကရာဇ် ၉၉၅ ဖြစ်သည်။

ဟံသာဝတီကို နေသားတကျ စီမံပြီးနောက် တမ္ဗဒီပ၊ သုနာပရန္တတိုင်းကြီးနှစ်တိုင်း၏ထိပ် အချက်အချာကျသော ရတနာပူရ အင်းဝမြို့တွင် ထီးနန်းစိုက်၍ သားစဉ်မြေးဆက် သာသနာကို ပြုစုမည် ဟူသော ရည်ရွယ်ချက်ဖြင့် ရတနာပူရအင်းဝနေပြည်တော်တွင် ရွှေပြာသာဒ်နှင့်တကွ နန်းတော်ဆယ်ဆောင်ကို ငါးလနှင့်အပြီးဆောက်၍ ရာဇဘိသိက်ခံကာ သီရိသုဓမ္မရာဇာ မဟာဓိပတိ ဟူသော ဘွဲ့ကိုခံလျက် နန်းတက်အုပ်စိုးကြောင်းကို စာကြောင်းရေ ၂၃-၂၄တို့တွင် ဖော်ပြထားသည်။ ကျောက်စာစာကြောင်းရေ ၂၄-၂၅ တွင် သာလွန်မင်း နန်းတက်သောအခါ ဘိုးတော် ဆင်ဖြူများရှင်မှ နောင်တော် အနောက်ဘက်လွန်မင်း တိုင်အောင် နန်းစဉ်ဥစ္စာ၊ ရတနာများစာရင်းကို လျှောက်ထားရသည်ဟု ဖော်ပြထားသည်မှာ သာလွန်မင်းတရားကြီး၏ ပွင့်လင်းမြင်သာမှုပင်ဖြစ်သည်။ ထိုနှစ်မှာပင် ရွှေတိုက်တော်မှ ကုဋေပေါင်းများစွာသော ရွှေ၊ ငွေများကို ထုတ်ယူ၍ ဘုရားဆင်းတုတော်ပေါင်းများစွာ သွန်းလုပ်သည်ဟု စာကြောင်းရေ ၂၅-၂၆တွင်ဖော်ပြထားသည်။

ရာဇမဏိစူဠာစေတီတော် တည်ရန်မြေနေရာကို ဧရာဝတီမြစ်၏ မြောက်ဘက်၊ အဝရွှေမြို့တော်မှ နှစ်ဂါဝုတ်မျှအကွာ တန့်တော်အရပ်ကို ဘူမိနက်သန်မှန်သည်ဟု ရွေးချယ်တော်မူသည်။ ဘုရားတည်ရန် ဌာပနာတိုက်ပြီးစီးသောအခါ ကြီးကျယ်ခမ်းနားသော သဘင်ကို စီရင်တော်မူပြီး နိုင်ငံတော်၏ ရပ်နီးရပ်ဝေးမှ အရိယာသံဃာတို့ကိုပင့်ဖိတ်ပြီး ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာရှစ်ပါးစသော များစွာသော အလှူတို့ကို လှူတော်မူ၏။ ဌာပနာရန် အမြဲကိုးကွယ်တော်မူသော စွယ်တော်၊ ဆံတော်တို့အပါအဝင် အတိုင်းတိုင်း အပြည်ပြည်မှ ပင့်ဆောင်တော်မူသည့် မရေမတွက်နိုင်သော ဓာတ်တော်၊ မွေတော်၊ ဆံတော်၊ ရတနာစေတီ၊ ရတနာဆင်းတုတော်တို့ကို ရတနာတို့ဖြင့်ပြီးသော မဏ္ဍပ်၌ သက္ကရာဇ် ၉၉၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့၌ သဘင်ကြီးစွာကျင်းပ၍ ဆရာတော်များ၊ မင်းညီမင်းသားများ၊ မင်းဆွေမင်းမျိုးများ ပဒေသရာဇ်ထီးဆောင်းမင်းများ၊ မှူးမတ်များနှင့် ပူဇော်တော်မူပါသည်။ ထိုသို့ ပူဇော်တော်မူစဉ် ပုလဲအဆင်းနှင့်တူသော မွေတော်သည် မင်းနှင့်တကွသော ပရိသတ်အလယ်၌ ကောင်းကင်သို့ တက်၍ ပြာဋိဟာပြတော်မူသည်ဟု ရေးသားထားပါသည်။ စေတီတည်ရန်မြေနေရာရှာဖွေသည်မှ ဌာပနာပြီးစီးသည်အထိ ကျောက်စာ၊ စာကြောင်းရေ ၂၆ မှ ၄၀ အတွင်း တွေ့ရှိနိုင်ပါသည်။

**စေတီတော်မြတ်ကြီး၏ပမာဏနှင့် ပုံသဏ္ဌာန်**

ကောင်းမှုတော် စေတီတော်မြတ်ကြီး၏ပမာဏနှင့် ပုံသဏ္ဌာန်မှာ အချင်းသံတောင် တစ်ရာ့ခြောက်ဆယ်တစ်မိုက် လက်လေးသစ်၊ အစောက် သံတောင် တစ်ရာ့တစ်တောင် အတိုင်းအရှည်ရှိသည်ဟု စာကြောင်းရေ ၄၀-၄၁ တွင် ဖော်ပြထားသည်။

သာလွန်မင်းကြီးသည် ရာဇမဏိစူဠာစေတီဝန်းကျင်တွင် မှန်ကင်းအထွတ်ရှိသည့် ရွှေကျောင်းကြီး လေးကျောင်း၊ ကျောင်းရံလေးဆယ်တို့ကို ဆောက်လုပ်လှူဒါန်းတော်မူသည်။ လောဟပါသာဒ ပြာသာဒ်ကျောင်းကြီးနှင့်တူသော သံဃိကရွှေကျောင်းတန်ဆောင်းလေးဆောင်နှင့် သုဓမ္မာနတ်သဘင်ကဲ့သို့ ကြီးကျယ်တင့်တယ်သော ရွှေဇရပ်နှစ်ဆောင်တို့ကို တံတိုင်းသုံးထပ်ကာရံကာ ရေတွင်း၊ ရေကန်၊ ဥယျာဉ်တို့ တည်ဆောက်ထားကြောင်းကို စာကြောင်းရေ ၄၃ တွင်ဖော်ပြထားသည်။

ဒီပင်္ကရာဘုရားရှင်ထံ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံတော်မူပုံအစပျိုး၍ အပဏ္ဏက ဇာတ်တော်အစ၊ ဝေဿန္တရာဇာတ်တော်အဆုံး ဇာတ်တော်ပေါင်း ၆၀၀တို့ကို ရေးခြယ်ထားပါသည်။ သင်္ဂါယနာသုံးတန်၊ ပေါဠကာရုဋ္ဌ ဟူသော ပေဠက်ပေါ်တွင် ကမ္ပည်းတင်သည့် စတုတ္ထသင်္ဂါယနာကျင်းပပုံ၊ သီဟိုဠ်ကျွန်းမှ သပိတ်တော်နှင့် စွယ်တော်တို့ဟံသာဝတီရောက်ပုံ၊ ဟံသာဝတီမှ ကေတုမတီ၊ ကေတုမတီမှ အဝရွှေမြို့တော်သို့ရောက်ရှိတော်မူပုံ၊ ကာမသုဂတ ခုနစ်ဘုံ၊ အပယ်လေးဘုံတို့ကို ကျမ်းဂန်နှင့်အညီ ရေးထိုးစေ၍ ဒေသသုံးဘာသာများဖြစ်သော မြန်မာဘာသာ၊ မွန်ဘာသာ၊ ယွန်းဘာသာတို့ဖြင့် ကမ္ပည်းရေးထိုးစေသည်။ စေတီ၏ရင်ပြင်တော်ထောင့်လေးထောင့်တို့၌လည်း ကြီးစွာသော ခေါင်းလောင်းကြီး လေးလုံး၊ စည်ကြီးလေးလုံးတို့ကိုတန်ဆောင်းလေးဆောင်တို့၌ထားတော်မူပုံ အစရှိသည် တို့ကို စာကြောင်းရေ ၄၄မှ ၄၇ထိ ဖော်ပြထားပါသည်။ ကျောက်စာစာကြောင်းရေ ၄၇မှ ၅၅ထိသည် သာလွန်မင်းတရားကြီး၏ နိုင်ငံတော်တစ်ဝန်း ဘုရား၊ ကျောင်း၊ ဇရပ်တို့ လှူဒါန်းတော်မူပုံ၊ နိုင်ငံတော်အတွင်း ပြိုပျက်သမျှသော စေတီပုထိုးတို့ကို ပြင်ဆင်၍ ရွှေအပြည့်ချလျက် ကြည်ညိုဖွယ်ဖြစ်အောင် လုပ်ဆောင်တော်မူပုံ၊ လုပ်ဆောင်၍ပြီးတိုင်း အလှူကြီးပေး၍ သာဓုခေါ်တော်မူပုံတို့ကို ရေးထိုးထားပါသည်။

သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်၌ ပဥ္စင်းလောင်း ၁၀၀၀ ကို သာသနာ့ဘောင်သို့ သွတ်သွင်းတော်မူသည်။ ထိုနှစ်မှာပင် မြန်မာနိုင်ငံတော်၌ ပထမဦးဆုံးသော စာတော်ပြန်ပွဲတော်ကြီးကို ကျင်းပတော်မူသည်ဟု ရှေးစာဟောင်းများတွင် တွေ့ရပါသည်။ ရွှေချူညောင်ရွက်ဆွဲသော၊ ကြာယပ်ဗိတာန်ကြက်ခြင်း အစရှိသည်တို့ဖြင့် တန်ဆာဆင်အပ်သော မဏ္ဍပ်တွင် ပိဋကတ်တော်တို့ကို ရှစ်နှစ်ပတ်လုံး ရေးကူးစေသည်။ ရေးကူးပြီးသော ပိဋကတ်ကျမ်းများကို အဝ၊ စစ်ကိုင်း ၊ ပင်းယ၌ရှိသော ပရိယတ္တိစာပေကျမ်းဂန်များတွင် တစ်ဖက်ကမ်းခတ်တတ်မြောက်သော ဆရာတော်တို့ဖြင့် အကြိမ်များစွာ တည်းဖြတ်စေပြီးမှ နိတ္တုန်ရွှေအပြည့်မွမ်းမံပြီး အလွန်ကောင်းမွန်သည့် အဝတ်အထည်၊ ကတ္တီပါတို့ဖြင့်ထုပ်၍ ရွှေဖြင့်ပြီးသော ပိဋကတ်တိုက်၌ ထားတော်မူကြောင်းတို့ကို စာကြောင်းရေ ၅၅ မှ ၆၁ တွင် လေ့လာနိုင်ပါသည်။

**သာလွန်မင်းတရားကြီး ကုသိုလ်တော်များ**

တစ်ဖန်စာကြောင်းရေ ၆၁ မှ ၆၃တွင် သာလွန်မင်းတရားကြီး ကုသိုလ်တော်များနှင့် နတ်ရွာစံကြောင်းကို ဖော်ပြထားပါသည်။ သာသနာတော်သက္ကရာဇ် နှစ်ထောင့်တစ်ရာ့ကိုးဆယ့်နှစ်နှစ်၊ မြန်မာသက္ကရာဇ် တစ်ထောင့်တစ်ဆယ်ခုနှစ် တော်သလင်းလပြည့်ကျော်တစ်ရက်၊ သောကြာနေ့၌ ဘေးလောင်းတော်ဆင်ဖြူများရှင်ကဲ့သို့ ဒိသာဇယကျမ်းနှင့်အညီ ဘိသိက်ခံခြင်း၊ ထီးဖြူဖွင့်ခြင်း၊ ဦးကင်ဖွင့်ခြင်း မင်္ဂလာတို့ကို ကျင်းပပြီး သီရိနန္ဒာဓမ္မရာဇာ ပဝရာဓိပတိဟူသော အမည်တော်ဖြင့် ပင်းတလဲမင်းနန်းတက်တော်မူပုံကို ကောင်းမှုတော်ဘုရားကျောက်စာကျောဘက် စာကြောင်းရေ ၆ မှ ၁၁ တွင် ရေးထိုးထားပါသည်။

**ရေကြောင်းသဘင်**

ပင်းတလဲမင်းနန်းတက်ပြီး ရာဇမဏိစူဠာ စေတီတော်ကို ထီးတော်တင်ရန် ကိုးလတိတိ စီမံဆောင်ရွက်တော်မူပါသည်။ လက်အောက်ခံ ပြည်ထောင်များရှိ သီလဝန္တ၊ ဂုဏဝန္တရဟန်း၊ သံဃာတို့ကို ပင့်ဖိတ်၍ နေပြည်တော်ရှိ သံဃိကကျောင်းတို့တွင် သီတင်းသုံးစေကာ လုပ်ကျွေးပြုစုတော်မူကြောင်းကို ကျောက်စာကျောဘက် စာကြောင်းရေ ၁၁ တွင် ရေးထိုး ထားသည်။ ထို့နောက် ကျောဘက်စာကြောင်းရေ ၁၄ မှ ၂၀ ထိ ရာဇာမဏိစူဠာမဟာစေတီတော်ကို ထီးတော်တင်ရန် ရေကြောင်းသဘင် စီရင်တော်မူဟန်ကို ရေးဖွဲ့ထားပါသည်။ ပင်းတလဲမင်းသည် နန်းတော်မှ မာန်အောင်ဆိပ်သို့ မိဖုရားခေါင်နှင့်အတူ ဆင်၊ မြင်း၊ ရဲမက်၊ ဗိုလ်ပါ ခြံရံလျက် ရတနာတို့ဖြင့်ပြီးသော ပြာသာဒ်ဝေါတော်ဖြင့် ထွက်တော်မူ၏။ မာန်အောင်ဆိပ်သို့ရောက်သော် ပြာသာဒ်သုံးဆောင်ရှိသော ရတနာကရဝိက်ရွှေဖောင်တော်နှင့် လှော်ကား၊ လက်သင်၊ ရွှေလှေ၊ ရွှေလောင်းများခြံရံ၍ ဧရာဝတီမြစ်ကို ကူးတော်မူသည်။

ကျောဘက် ကျောက်စာ စာကြောင်းရေ ၂၁ မှ ၃၄ သည် ဖောင်တော်စကြာ ဇေယျပူရဆိပ်ကမ်း ဆိုက်ကပ်ပြီး စူဠာမဏိကောင်းမှုတော်စေတီမြတ်ကြီးသို့ ကြည်းကြောင်းသဘင် ဆင်ယင်ဟန်ကို ဖော်ပြထားသည်။ ပင်းတလဲမင်းတရားကြီးသည် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်၊ အိမ်ရှေ့မင်းနှင့်တကွ မင်းဆွေမင်းမျိုးနှင့် ပြည်ထောင်မင်းများခြံရံလျက် လေးကျွန်းသခင် စကြာရှင်အလား ကြီးစွာသောမင်း၏ တင့်တယ်ခြင်းဖြင့် ခမည်းတော် သာလွန်မင်းဆောက်လုပ်ခဲ့သည့် ကောင်းမှုတော်သဘင်နန်းတော်သို့ ကြွမြန်းတော်မူသည်။

**ထီးတော်တင်သဘင် အခမ်းအနား**

ထီးတော်တင်သဘင် အခမ်းအနားကို ကျောဘက်ကျောက်စာကြောင်းရေ ၃၅ မှ ၄၇ တွင်ဤသို့ ရေးထိုးထားပါသည်။ ထီးတော်တင်ပွဲ အခမ်းအနားကျင်းပရာတွင် ပရိသတ်ကို ဖျော်ဖြေရန် လက်ဝှေ့၊ လက်ပန်း၊ ကျွမ်း၊ ပန်းတရားတိုင်တက်၊ ခားမျိုး စသည့်ပွဲများ ကျင်းပပြီး ကိန္နရာအကနှင့် ဖျော်ဖြေကာ များစွာသော ပွဲလမ်းသဘင်တို့ကိုလည်း ကျင်းပတော်မူသည်။ သာသနာတော် ၂၁၉၃ ၊ ကောဇာသက္ကရာဇ် ၁၀၁၁ ခုနှစ် ကဆုန်လဆန်း ၈ ရက် တနင်္ဂနွေနေ့၌ ထီးတော်မြတ်ကို တင်လှူပူဇော်တော်မူပါသည်။ ထီးတော်သည် ကြေးပိဿာချိန် ၃၄၄၀ရှိပြီး ရောင်လျှံအထွတ် ငါးဆင့်ရှိကာ အချင်း သံတောင် တစ်ဆယ်၊ အမြင့် သံတောင် လေးတောင်ခြောက်သစ်၊ အချက် (ဗဟို) သံတောင် ခြောက်တောင်နှစ်သစ် ရှိသည်။

ထီးတော်တင်ပြီးသောအခါ မြို့တော်ဝန်းကျင်မှ သံဃာတော်များနှင့် ပြည်ထောင်များမှ ကြွလာကြသော သံဃာတော်တို့အား တိစီဝရိတ်၊ သင်္ကန်းစသော ပရိက္ခရာရှစ်ပါး၊ ကော်ဇော၊ ကမ္ဗလာ၊ သက္ကလပ်၊ ရမထည်၊ ခါသာ၊ ဖျင်အုပ်၊ ဆွမ်း၊ အဖျော် စသည်တို့ကို ခုနစ်ရက်ပတ်လုံး လှူတော်မူသည်။ စေတီတော် မဟာရံအပြင်ဘက် လေးမျက်နှာ၌ တန်ဆောင်း နှစ်ဆောင်စီဆောက်၍ ကျောက်ပြင်ကြီးများတွင် အမတ်ကတော်များကို နံ့သာရည် သွေးစေကာ နံ့သာရည်တို့ကို ကျောက်အိုးကြီးများတွင် ထည့်စေပြီး စေတီတော်သို့ လာရောက်ဖူးမြော်သူများကို လိမ်းစေသည်။ တံခါးလေးမျက်နှာတွင်လည်း များစွာသော အလှူဝတ္ထုတို့ကို ဝန်ခန့်ထား၍ လှူစေတော်မူကြောင်းတို့ကို ကျောဘက် ကျောက်စာကြောင်းရေ (၄၈ မှ ၅၂)တွင် ရေးထိုးထားပါသည်။

**အလှူစာရင်း**

ရာဇမဏိစူဠာ စေတီတော်မြတ်ကြီး သာသနာ ငါးထောင် တည်စိမ့်သောငှာ ဆီမီးဝတ်၊သင်ပုတ်ဝတ်အတွက် စေတီတော်မြတ်ကြီးအား လှူတော်မူသောမြေများကို ကျောဘက်ကျောက်စာကြောင်းရေ ၅၃ မှ ၆၃ ထိဖော်ပြထားပါသည်။ စေတီတော်၌ ခပ်သိမ်းသော အမှုကြီးငယ်ကို စီရင်စိမ့်သောငှာ လှူတော်မူသော ကျွန်များစာရင်း၊ စေတီတော်ကို အမြဲမပြတ် တီးမှုတ်ပူဇော်ရန် တူရိယာငါးမျိုးနှင့် ထိုတူရိယာတို့ကို တီးမှုတ်ပူဇော်ရန် လှူသောကျွန်အမည်များစာရင်း၊ စေတီတော်အား ပြုပြင်ထိန်းသိမ်းရန် လှူတော်မူသော လက်မှုပညာသည်စာရင်း၊ စေတီတော်အားအမြဲစောင့်ရှောက်သုတ်သင်စိမ့်သောငှာ လှူတော်မူသော ကျွန်စာရင်း၊ မြတ်စွာဘုရားရှင်အား ရှင်အာနန္ဒာလုပ်ကျွေးပြုစုသကဲ့သို့ စေတီတော်ကို အမြဲလုပ်ကျွေးစောင့်ရှောက်မည့် သံဃာတော်အား ပစ္စည်းလေးပါး အထောက်အပံ့ဖြစ်စေရန် လှူတော်မူသော မြေစာရင်း၊ ပိဋကတ်တော်ကိုစောင့်ရှောက်မည့် ကျွန်များနှင့် ယင်းတို့အတွက်ပေးသော လယ်မြေစာရင်း၊ သံဃိက ကျောင်းတန်ဆောင်း လေးဆောင်တွင် အမြဲစောင့်ရှောက်ရန် လှူတော်မူသော ကျွန်များနှင့် ယင်းတို့၏ စားမြေစာရင်းတို့ကို ကျောဘက် ကျောက်စာ၊ စာကြောင်း ရေ ၆၃ မှ ၈၁ တွင်ရေးသားထားသည်။ ပင်းတလဲမင်းတရားကြီးသည် ဘုရားဆုပန်ထားသော ဆုကြီးပန်မင်းဖြစ်ကြောင်းကို ကျောဘက်ကျောက်စာကြောင်းရေ ၈၅ တွင် ဖော်ပြထားသည်။ ဤကျောက်စာသည် မင်္ဂလာဥဒါန်းတွင်မည့် ကမ္ပည်းတွင်မည့် သားစဉ်မြေးဆက် မှတ်သားထိုက်သည့် မော်ကွန်းကျောက်စာ သံပိုင်းဖြစ်ကြောင်းကို ကျောဘက်ကျောက်စာကြောင်းရေ ၈၆ တွင် ကမ္ပည်းထိုးထားပါသည်။ ကျောဘက်ကျောက်စာ စာကြောင်းရေ ၈၆ မှ၉၀ ထိသည်ကျောက်စာ၏ နိဂုံးချုပ်ဖြစ်ပြီး ရာဇမဏိစူဠာစေတီတော်၏ နယ်မြေအပိုင်းအခြားကို ဖော်ပြထားခြင်းဖြစ်သည်။

**နှစ်ပေါင်း ၃၆၇ နှစ် ကြာမြင့်ပြီ**

ရာဇမဏိစူဠာကျောက်စာကို သက္ကရာဇ်၁၀၁၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက် ကြာသပတေးနေ့တွင် ပြီးပြည့်စုံ၏ဟု ကျောက်စာအဆုံးတွင် ရေးထိုးထားရာ ဤကျောက်စာသည် နှစ်ပေါင်း ၃၆၇ နှစ် ကြာမြင့်ပြီဖြစ်သော သမိုင်းဝင်ကျောက်စာတစ်ချပ်ဖြစ်သည်။ ရာဇမဏိစူဠာ ကျောက်စာကို လေ့လာခြင်းဖြင့် မြန်မာမင်းတို့၏ ဘုန်းတန်ခိုးအာနုဘော်ကြီးမားပုံ၊ အလှူအတန်းရက်ရောပုံ၊ ရတနာသုံးပါး၌ သဒ္ဓါတရားထက်သန်ပုံ၊ ပိဋကတ် စာပေ ကျမ်းဂန်များကို အားပေးချီးမြှောက်ပုံတို့ကို အားကျဖွယ်ရာသိရှိရသည်။ ညောင်ရမ်းခေတ်ဘုရင်များ၏ ထွက်တော်မူပုံ၊ ရေကြောင်းချီတော်မူပုံ၊ ကြည်းကြောင်း ချီတော်မူပုံတို့ကိုလည်း ခမ်းခမ်းနားနား လေ့လာသိရှိရပါသည်။ ရှေးမြန်မာတို့၏ ဗိသုကာလက်ရာ ပန်းချီ အနုပညာလက်ရာမြောက်ပုံများ၊ သွေးပြီးနံ့သာရည်များကို ဘုရားဖူးလာသူများအား လိမ်းကျံစေသော ညောင်ရမ်းခေတ်၏ ချစ်စဖွယ်ယဉ်ကျေးမှုအလေ့အထနှင့် ညောင်ရမ်းခေတ်ပျော်ပွဲ ရွှင်ပွဲများအကြောင်းကိုလည်း ကောင်းမှုတော်ဘုရားကျောက်စာမှ လေ့လာမှတ်သားရပါသည်။ ထို့ကြောင့် ကောင်းမှုတော်ဘုရားကျောက်စာသည် မျိုးဆက်သစ်လူငယ်များအတွက် အမျိုး၊ ဘာသာ၊ သာသနာကို ဂုဏ်ယူအားထားကြည်ညိုစေသော ၊ ဇာတိသွေး၊ ဇာတိမာန်၊ အမျိုးသားရေးအားမာန်များတက်ကြွစေသော၊ မြန်မာ့ရှေးဟောင်းဗိသုကာလက်ရာကို မြတ်နိုးတန်ဖိုးထားစေသော၊ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းကျောက်စာတစ်ချပ်ဖြစ်ကြောင်း လေ့လာရေးသားတင်ပြလိုက်ရပေသည်။ ။


*(ပါဠိဂါထာများနှင့်ပါဠိဝေါဟာရများကိုဘာသာပြန်ဆိုပေးတော်မူသော ဆရာတော် ဦးနန္ဒမာလာ-ဒီပါအေးစာသင်တိုက်နှင့် ဘဒ္ဒန္တသုနေဘိဝံသ-မဟာဂန္ဓာရုံကျောင်းတိုက်တို့အား ဤဆောင်းပါးဖြင့် ပူဇော်ပါ၏)*

# အဆင့်မြင့်ပညာနှင့် သုတေသနများ

ဒေါက်တာမျိုးကြွယ် (AUAA)

၂၀၁၈ ခုနှစ် ဧပြီ ၁၇ ရက်ထုတ် The Global News Light of Myanmar အင်္ဂလိပ်ဘာသာသတင်းစာ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သီးနှံ စိုက်ပျိုးရေးပို့ကုန်များမှ အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ရရှိ ဆိုသည့်သတင်းနှင့်အတူ ငါးနှင့် ရေထွက် ပို့ကုန်များမှ ဒေါ်လာ ၇၁၁ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းပို့ကုန်မှ ဒေါ်လာ သန်း ၆၀၊ ကျောက်မျက်ရတနာပို့ကုန်များမှ ဒေါ်လာ ၁ ဒသမ ၇၈ ဘီလီယံနှင့် သစ်တောထွက် ပစ္စည်းပို့ကုန်များမှ ဒေါ်လာ ၂၁၁ သန်းခန့် ရရှိသည်ဟု ဖတ်ရှုလိုက်ရသည်။


ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းပို့ကုန်၊ သစ်တော ထွက်ပစ္စည်းပို့ကုန်၊ သဘာဝတွင်းထွက်ပစ္စည်း ပို့ကုန်များမှ ဒီထက်ပို၍ Export ပို့ဆောင်နိုင်သည့် အခြေခံကောင်းများ၊ အခွင့်အလမ်းများ၊ အလားအလာကောင်းများ ရှိနေပါသေးသည်။ ထိုပို့ကုန်များအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး (R&D- Research and Development) များဖြင့် အားဖြည့်ဆောင်ရွက်လိုက်ပါက ဒီထက်မက ပို့ဆောင်ပေးနိုင်ပါမည်။ R&D ကို တက္ကသိုလ်များနှင့် သုတေသနဌာနများက ပြုလုပ်ပေးရပါသည်။ နိုင်ငံတကာရှိ တက္ကသိုလ်တိုင်းတွင် သုတေသနအခြေပြုတက္ကသိုလ် (Research-based University)ဖြစ်ဖို့ဆိုလျှင် ဘွဲ့လွန်ကျောင်းသား အထူးသဖြင့် သုတေသနကို မိမိကိုယ်တိုင် တီထွင်ဖန်တီးပြုလုပ်နိုင်စွမ်းရှိသော မဟာသိပ္ပံ၊ ပါရဂူဘွဲ့ တက်ရောက်နေသူကျောင်းသား ကျောင်းသူများစွာ တက္ကသိုလ်တိုင်းတွင် ရှိနေရပါလိမ့်မည်။




နိုင်ငံအလိုက် စုစုပေါင်း သုတေသနနှင့် ဖွံ့ဖြိုးမှုအသုံးစရိတ်များ (R & D) (2011)

အချို့နိုင်ငံများမှ တက္ကသိုလ်များဆိုလျှင် ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူအချိုးမှာ တစ်ဝက်စီအထိ ရှိပါသည်။ မြန်မာနိုင်ငံရှိ အဆင့်မီ စံပြတက္ကသိုလ်အချို့တွင် ဘွဲ့လွန်သင်တန်းကြီးကြပ်မှုဌာန(Graduate School)နှင့် နိုင်ငံတကာဆက်ဆံရေးဌာန (International Relations Department)စတင်ဖွင့်လှစ်၍ အဆင့်မြင့် ဘွဲ့လွန်သုတေသနများကို အားဖြည့်သင့်ပါသည်။

ထိုတက္ကသိုလ်ကျမ်း ကြီးကြပ် ဆရာ ဆရာမများမှာလည်း နိုင်ငံတကာကဲ့သို့ သုတေသနဘက်ကို အချိန်ပေးထားသော မိမိကိုယ်တိုင်ပါရဂူဘွဲ့ရများ ဖြစ်သည့်အပြင် အထူးပြုဘာသာရပ် ဘာသာစိတ်အလိုက် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ များစွာရှိနေရပါလိမ့်မည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ နေ့စဉ်လောက်နီးပါး လာရောက်ကြသော နိုင်ငံတကာအဖွဲ့အစည်း၊ တက္ကသိုလ် အသီးသီးမှ ပညာရှင်များ၏ ပြောကြားချက်များအရလည်း ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်တောဘက်ဆိုင်ရာ ဘာသာရပ်များကို အထူးဦးစားပေးအဖြစ် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိနေပါသည်။




လူဦးရေ တစ်သိန်းလျှင်ရှိသော မဟာသိပ္ပံ၊ ပါရဂူကျောင်းသားအရေအတွက်

မြန်မာနိုင်ငံတွင် ဘာသာရပ်အားလုံးရှိ မဟာသိပ္ပံ၊ ပါရဂူ ကျောင်းသား ကျောင်းသူ ဦးရေမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အလွန်ပင်နည်းနေသလို သုတေသနနှင့် ဖွံ့ဖြိုးရေး အသုံးစရိတ်မှာလည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အလွန်နည်းနေသည်ကို ဖော်ပြပါပုံများတွင် တွေ့နိုင်ပါသည်။

ပို့ကုန်အမည်သစ်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များအပြင် ထွက်ရှိလာသော ပို့ကုန်ပစ္စည်းများကို ဈေးအနှိမ်ခံရမှုမရှိဘဲ မှန်ကန်စွာ ဈေးရရှိနိုင်မှု (Market Oriented Economy) မှသည် ဈေးကွက်အခြေခံ စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးရပါမည်။ ဥပမာ- တက္ကသိုလ်ပေါင်းစုံ စိုက်ပျိုးစီးပွားရေးပညာရှင်များစွာ ပါဝင်သော သင်ကြားရေး၊ သုတေသနပြုခြင်း၊ စူးစမ်းလေ့လာခြင်းများ ပြုလုပ်ရပါမည်။

ကျွန်တော်တို့နိုင်ငံတွင် စိုက်ပျိုးစီးပွားရေး ကျွမ်းကျင်သော ပညာရှင်များ၊ ပါမောက္ခများမှာ လက်ချိုးရေတွက်၍ရပါသည်။ ထိုဘာသာရပ်နှင့် နီးနွယ်၍ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး (Development Marketing System)၊ မှန်ကန်တိကျ ပြတ်သားခိုင်မာသော မူဝါဒချမှတ်အကောင်အထည်ဖော်ရေး (Agricultural Policy)၊ နိုင်ငံတကာကုန်သွယ်ရေး စသည်ဖြင့် ကျွမ်းကျင်အောင် ပြည်တွင်းပြည်ပမှ ပညာရှင်များဖြင့် သင်ကြားပေးရပါမည်။

၂၀၁၈ ခုနှစ် မတ် ၆ ရက်က ကျင်းပခဲ့သည့် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှာကြားသည့်အတိုင်း 'စိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံဖြစ်ရန်'အကောင်အထည်ဖော်ကြပါစို့ဟူ၍ ရေးသား တိုက်တွန်းလိုက်ရပါသည်။ ။

## အကျွတ်အလွတ် သံဃာ့ဒါနဆွမ်းလောင်းပွဲ တွံတေး၌ကျင်းပ

**တွံတေး ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဖိုသုသာန်၌ မဇ္ဈိမဘာသာရေးနှင့် နာရေးကုသိုလ်ပြုအသင်း(တွံတေး)က ဦးဆောင်၍ ပဉ္စမအကြိမ်မြောက် အကျွတ်အလွတ် သံဃာ့ဒါနဆွမ်းလောင်းပွဲနှင့် ပရိတ်တရားတော်နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေပွဲကို ဧပြီ ၁၉ ရက်က ကျင်းပခဲ့သည်။

အကျွတ်အလွတ် သံဃာ့ဒါနဆွမ်းလောင်းပွဲတွင် ကြွရောက်လာကြသော ပင့်သံဃာတော်နှင့် သီလရှင် အပါး ၁၀၀၀ ကျော်တို့အား အများကောင်းမှုအဖြစ် ဆွမ်းနှင့် အခြားလှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီးနောက် လူမျိုးမရွေး ဘာသာတူသည်ဖြစ်စေ မတူသည်ဖြစ်စေ၊ ဆွေမျိုးတော်သည်ဖြစ်စေ မတော်သည်ဖြစ်စေ ကုသိုလ်ရှင်များ၏ ကောင်းမှုအစုစုတို့ဖြင့် ကုသိုလ်အမျှပေးဝေမှုကို မျှော်လင့်စောင့်စားနေကြသော ဒုဂ္ဂတိဘုံသားတို့အား ရည်စူး၍ ကုသိုလ်အမျှပေးဝေခဲ့ကြသည်။ အဆိုပါ သံဃာ့ဒါနဆွမ်းလောင်းပွဲနှင့် အမျှဝေပွဲသို့ တွံတေးမြို့နယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးနှင့် အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

## ဆီမ်မျိုးနွယ်စုများ၏ ဘောလုံးပြိုင်ပွဲ ဖလမ်းမြို့နယ်၌ ကျင်းပ

**ဖလမ်း ဧပြီ ၂၁**

နေရာဒေသအသီးသီးတွင် နေထိုင်ကြသော ဆီမ်မျိုးနွယ်စုများ စည်းလုံးညီညွတ်မှုရှိစေရန်နှင့် လူငယ်များ အားကစားကို စိတ်ပါဝင်စားပြီး အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ကာ ဆီမ်မျိုးနွယ်စုများ၏ ဘောလုံးပြိုင်ပွဲကို ဖလမ်းမြို့နယ် ရဲလ်စီန်းကျေးရွာ ဘောလုံးကွင်း၌ ဧပြီ ၁၉ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲ ဖွင့်ပွဲတွင် ဒေသခံပြည်သူများက ချင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေကြပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က ကျေးရွာမှ ယဉ်ကျေးမှုအကအဖွဲ့နှင့် အားကစားသမားများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဲလ်စိန်းကျေးရွာခန်းမ၌ ကျေးရွာဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဆလိုင်းရီယန်းဇဲလ်တို့က အမှာစကားပြောကြားကြကာ တက်ရောက်လာကြသူများက ကျေးရွာအတွက်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးရန် တင်ပြချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် အဖွဲ့သည် ဖလမ်းမြို့ ရာပြည့်အားကစားကွင်း ပွဲကြည့်စင် တည်ဆောက်ပြီးစီးမှုနှင့် မီတာ ၄၀၀ ပြေးလမ်း တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကွင်းဆင်းဟောပြော

**ကျောက်ပန်းတောင်း ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာအုပ်စု အင်ချောင်းကျေးရွာမှ ဒေသခံပြည်သူများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများအကြောင်း အသိပညာပေး ဟောပြောပွဲကို ဧပြီ ၁၉ ရက်က အဆိုပါကျေးရွာရှိ ယဉ်ကျေးမြန်မာစာကြည့်တိုက်အနီးတွင် ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြင့်ကေခိုင်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေမှရရှိသည့် ဗဟုသုတအတွေးအမြင်များဖြင့် ဘဝကို တည်ဆောက်သွားရန်နှင့် စာပေဖတ်ရှုလေ့လာခြင်းဖြင့် အနာဂတ် တိုင်းပြည်၏တာဝန်များကို မှန်ကန်သောနည်းလမ်းဖြင့် ထမ်းဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာနိုင်ကြောင်းတို့ကို ရှင်းလင်းဟောပြောပြီး ရတနာ့မေတ္တာအဖွဲ့မှ ဒေါ်သဥ္ဇာအောင်နှင့် အဖွဲ့ဝင်များက ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြစ်သည့် ကလေးငယ်များအား အိမ်တွင်းအကြမ်းဖက်မှုအန္တရာယ်မှ ကင်းဝေးစေရေး၊ ကလေးများ လုံခြုံစိတ်ချစွာ ရှင်သန်နေထိုင်ခွင့်ဆိုင်ရာများ၊ ကလေးများ လိင်အကြမ်းဖက်ခံရမှုမှ ကင်းဝေးစေရေး၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရန် သတိပြုဆင်ခြင်ရမည့် အချက်များနှင့် အကယ်၍ ဖြစ်ပွားမှုရှိလာပါက ဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများ စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူလေးများအား ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သလို ပြန်/ဆက်ဌာနကလည်း ကျောင်းသားမိဘများအား စာပေရေချမ်းစင်စာအုပ်ငယ်များ အခမဲ့ဖြန့်ဝေပေးကြပြီး အစုအဖွဲ့အလိုက် ဝိုင်းဖွဲ့စာဖတ်ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အပြင် နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကိုလည်း ပြန်/ဆက် ဌာနက ခင်းကျင်းပြသခဲ့ပြီး ယဉ်ကျေးမြန်မာစာကြည့်တိုက် တာဝန်ခံ ဦးပေါဟံနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့သည်။

**နေအောင်(ပြန်/ဆက်)**



## ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် ခင်းသော ကွန်ကရစ်လမ်းသစ် မိုင်းယောင်းမြို့နယ်၌ ဖွင့်လှစ်

**မိုင်းယောင်း ဧပြီ ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဟောင်ကြန့်ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ဧပြီ ၂၀ ရက်က ကျင်းပခဲ့သည်။

လမ်းဖွင့်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက အမှာစကားပြောကြားပြီး ကွန်ကရစ်လမ်းသစ်ကို တိုင်းမှူးနှင့်အတူ အမှတ်(၃) စစ်ဆင်ရေးနည်းဗျူဟာအဖွဲ့မှ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းလောင်မိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့က ကွန်ကရစ်လမ်းသစ်ကို လိုက်လံကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

ကျေးရွာတွင်းလမ်းသည် ယခင်က မိုးတွင်းကာလများတွင် ရွှံ့များ၊ ရေအိုင်များကြောင့် သွားလာရခက်ခဲပြီး ယခု ကွန်ကရစ်လမ်းသစ် ခင်းပြီးသွားပြီဖြစ်၍ မိုးရာသီတွင်လည်း ဖြောင့်ဖြူးစွာ သွားလာနိုင်တော့မည်ဖြစ်သောကြောင့် ဝမ်းမြောက်ကြောင်း ကျေးရွာ ရပ်မိရပ်ဖဖြစ်သူ ဦးစိုင်းကောင်က ပြောသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ခင်းခြင်းကို ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းအရ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာနေပြည်သူလူထုကိုယ်တိုင် စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကွန်ကရစ်လမ်းသည် အရှည် ပေ၇၀၀၊ အကျယ် ၁၀ ပေနှင့် ထု ခြောက်လက်မရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# စဥ့်ကူးမြို့နယ် လက်ပန်လှကျောင်းတိုက်တွင် သက်ကြီးပူဇော်ပွဲ ကျင်းပ

**စဥ့်ကူး ဧပြီ ၂၁**
စဥ့်ကူးမြို့နယ် လက်ပန်လှကျေးရွာအုပ်စု လက်ပန်လှကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဉာဏိက (သာသနဓဇဓမ္မာစရိယ ဂန္ထာရာမိက ဓမ္မာစရိယ) ဦးစီး၍ ကျေးရွာသာယာရေး အသင်းသား အသင်းသူများ စုပေါင်းကျင်းပသော သတ္တမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၈ ရက်က လက်ပန်လှကျောင်းတိုက်၌ ကျင်းပသည်။



သက်ကြီးပူဇော်ပွဲတွင် လက်ပန်လှကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိက အမှူးပြုသော ဆရာတော်သံဃာတော်များနှင့် အသက် ၇၅ နှစ်နှင့် အထက် ဘိုးဘွား ၁၂၇ ဦး တက်ရောက်ကြပြီး ကျေးရွာသာယာရေးအသင်းဥက္ကဋ္ဌ ဦးစိုးသင်းနှင့် ကော်မတီဝင်များ၊ အဖွဲ့ဝင် အသင်းသား၊ အသင်းသူများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ကြွရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့က အဘိုး အဘွားများအား လက်အုပ်ချီမိုးရှိခိုးကြရာ အဘိုးအဘွားများကိုယ်စား အဘိုးဦးကျော်စိန်က ဆုတောင်းမေတ္တာများ ပို့သပေးသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးစိုးသင်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများက အဘိုး အဘွားများအား စုစုပေါင်း လှူဒါန်းငွေကျပ် ၁၈၆၁၇၀၀ နှင့် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ညနေ ၃ နာရီအချိန်တွင် လက်ပန်လှကျောင်းတိုက်ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးတော်မူကြကြောင်း သိရသည်။

**ဝင်းမောင်(စဥ့်ကူး)**

# ကျေးရွာလမ်းပြုပြင်ပေးခြင်းကြောင့် ဒေသခံများအဆင်ပြေ

**သာယာဝတီ ဧပြီ ၂၁**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ကံကလေးအုပ်စု ကံကလေးကျေးရွာ ရွာလယ်လမ်းမကြီးမှာ ပျက်နေသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာစီမံကိန်းဖြင့် အမြင့် ၆ လက်မ၊ အရှည်ပေ ၁၅၀၀ ရှိသော ကွန်ကရစ်လမ်းပြုလုပ်ပေးခြင်းကြောင့် ကျေးရွာနေပြည်သူများ သွားလာရေးအဆင်ပြေသည့်အပြင် ကျေးရွာ ကုန်ထုတ်လမ်းမှာလည်း အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

အဆိုပါ လမ်းပြီးစီးမှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မျိုးဝေတို့က ဧပြီလ တတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

# တာချီလိတ်မြို့နယ်၌ နွေရာသီလူငယ်သင်တန်းဖွင့်

**တာချီလိတ် ဧပြီ ၂၁**
ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် (ပါလုံ-၂)ရှိ စိန်ဂျူဒ်ကက်သလစ် သာသနာအုပ်စု ဘုရားကျောင်းတွင် ဧပြီ ၁၉ ရက်က နွေရာသီလူငယ်သင်တန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်ရာတွင် ဘုရားကျောင်းဥက္ကဋ္ဌ သင်တန်းဖြစ်မြောက်ရေး တာဝန်ခံ ဦးထွန်းအောင်က နှုတ်ခွန်းဆက် စကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှဌေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၁)တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူး ရင်ရင်အေး၊ ASG အဖွဲ့မှ ဒါရိုက်တာ ဒေါက်တာ မြင့်အောင်၊ အာခါတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးအာလယ်နှင့်တာဝန်ရှိသူများက လူငယ်နှင့် မီဒီယာ၊ လူငယ်နှင့် လူကုန်ကူးမှု၊ လူငယ်နှင့် ရာစုသစ်တွေးခေါ်မှု၊ သက်ငယ်မုဒိမ်း၊ နိုင်ငံ့သားကောင်း၊ လူငယ်နှင့် ငြိမ်းချမ်းရေး စသည့် အကြောင်းအရာများကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းကို တာချီလိတ်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၈၇ ဦး၊ သင်တန်းသူ ၉၉ ဦး စုစုပေါင်း ၁၈၆ ဦး တက်ရောက်ကာ နှစ်ရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်၌ သောက်သုံးရေမလုံလောက်သော ကျေးလက်နေပြည်သူများအား ရေလှူဒါန်း

**နေပြည်တော် ဧပြီ ၂၁**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျောက်ကုန်းမြေပေါ်တွင် ရွာတည်ထားသော ကျေးရွာများသည် နွေရာသီကာလများတွင် ရေတွင်း၊ ရေကန်များမှ ရေထွက်ရှိမှုနည်းပါးလာခြင်းကြောင့် သောက်သုံးရေမလုံလောက်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

သောက်သုံးရေ ပြတ်လပ်လျက်ရှိသော ကူးတို့ဆိပ်ကျေးရွာအုပ်စု ဇီးရိုင်းကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်) ၏ ညွှန်ကြားမှုဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဧပြီ ၁၉ ရက်က သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိသည်။



ထိုသို့ သောက်သုံးရေများ လှူဒါန်းရာတွင် နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် မီးတပ်တပ်ဖွဲ့ဝင်များက ဂါလန် ၁၂၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် ကျေးရွာအတွင်းရှိ အိမ်ခြေ ၈၀၊ လူဦးရေ ၃၅၀ တို့အား လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သောက်သုံးရေ မလုံလောက်သည့် ကျေးရွာများကို လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်ရေးဆွဲရေးညှိနှိုင်း

**မန္တလေး ဧပြီ ၂၁**
မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား အမျိုးသမီးအသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ကျင်းပရေးမန်နေဂျာ အစည်းအဝေးနှင့် ပြိုင်ပွဲပွဲစဉ်ရေးဆွဲရေးညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၁၉ ရက်က မန္တလာသီရိအဆင့်မြင့် အားကစားကွင်းရှိ အခန်း ၂၇ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်က အမှာစကားပြောကြားသည်။

ပြိုင်ပွဲအမျိုးသားပွဲစဉ်တွင် (က)အုပ်စု၌ စဥ့်ကိုင်၊ မြစ်သား၊ သာစည်၊ ရမည်းသင်း၊ ညောင်ဦးမြို့နယ်အသင်း၊ (ခ) အုပ်စုတွင် တံတားဦး၊ နွားထိုးကြီး၊ အမရပူရ၊ စဥ့်ကူးနှင့် ပုသိမ်ကြီးမြို့နယ်အသင်း၊ (ဂ) အုပ်စုတွင်မိုးကုတ်၊ ပြင်ဦးလွင်၊ သပိတ်ကျင်း၊ ကျောက်ဆည်နှင့်အောင်မြေသာစံမြို့နယ်အသင်း၊ (ဃ)အုပ်စုတွင် မတ္တရာ၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ ပျော်ဘွယ်နှင့် မလှိုင်မြို့နယ်အသင်း စသည့်အသင်းပေါင်း ၂၀ တို့က အုပ်စုလေးစုတွင် ငါးသင်းစီပါဝင်ကြပြီး အမျိုးသမီးပွဲစဉ်ပြိုင်ပွဲတွင် ပြင်ဦးလွင်၊ မတ္တရာ၊ အောင်မြေသာစံ၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လုံတံဖြင့်အထိုးခံရပြီး ဆေးကုသမှုခံယူနေသည့် ဆရာတော် ကျန်းမာရေး ပြန်ကောင်းစပြုလာ

**ရွှေလီ ဧပြီ ၂၁**
လုံတံဖြင့် အထိုးခံရပြီး တရုတ်နိုင်ငံ ရွှေလီမြို့ မင့်ချို့(တိုင်းရင်းသားဆေးရုံ) တွင် ဆေးကုသမှုခံယူလျက်ရှိသော ဆရာတော် ဘဒ္ဒန္တကုမာရ၏ ကျန်းမာရေး အခြေအနေ အနည်းငယ် ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။ ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ် မော်တောင်းကျေးရွာအုပ်စု ကောင်းဝှက်ကျေးရွာရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ကုမာရာ ရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရ သည် ဧပြီ ၁၇ ရက်က ကောင်းဝှက်ကျေးရွာနေထိုင်သူ ဦးအိုက်မွန်းက ပလ္လင်ပေါ်တက်၍ လုံတံဖြင့် ထိုးခဲ့သောကြောင့် ရရှိထားသော ဒဏ်ရာဖြင့် မူဆယ်ဆေးရုံမှတစ်ဆင့် ရွှေလီမြို့ မင့်ချို့(တိုင်းရင်းသားဆေးရုံ) တွင် ဆေးကုသမှုခံယူလျက်ရှိရာ ဧပြီ ၁၉ ရက်တွင် ကျန်းမာရေးအခြေအနေ အနည်းငယ်ပြန်လည်ကောင်းမွန်လာပြီ ဖြစ်ကြောင်း သိရသည်။

ဆရာတော်သည် လုံတံဖြင့် ထိုးသွင်းဒဏ်ရာကြောင့် နံရိုးတစ်ချောင်း ကျိုး၊ အသည်းအနည်းငယ်ထိခိုက်သွားပြီး လက်ရှိအခြေအနေအရ ခွဲစိတ်ထားပြီး ရွှေလီမြို့ မင့်ချို့ (တိုင်းရင်းသားဆေးရုံ) မှ တာဝန်ကျ ဆရာ ဆရာမများ၏ ဂရုစိုက်ပြုစု ကုသပေးသောကြောင့် ဆရာတော်၏ ကျန်းမာရေးအခြေအနေ အနည်းငယ် ပြန်လည် ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# အဝီစိရေတွင်းတူးရာမှ ရေလျှံတွင်းထွက်လာပြီး ခြောက်လကျော်ကြာသည်အထိ ရေလျှံထွက်နေ

**ကျောက်ပန်းတောင်း ဧပြီ ၂၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ညောင်ဖြူပင်ကျေးရွာ၏ အရှေ့ဘက် ထန်းတာကုန်းပေါ်တွင် စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် မြေအောက်အဝီစိရေတွင်းတူးရာမှ ခြောက်လကြာသည်အထိ ရေလျှံနေသေးကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် အရှေ့ဘက်ခြမ်းကျေးရွာများဖြစ်ကြသော ငွေးကုန်းရွာ၊ လက်ပံအိုင့်ရွာ၊ လဲဂွရွာ၊ ညောင်ဖြူပင်ရွာ၊ မုန့်ကုန်းရွာနှင့် ညောင်ချိုင်းကျေးရွာရှိ တောင်သူများသည် မြေအောက်အဝီစိတွင်းများတူးပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသောကျေးရွာများဖြစ်သည်။ အိမ်တိုင်းနီးပါး မြေအောက်ရေတွင်းများရှိ ကြပြီး ရေလျှံတွင်းမပေါ်ခဲ့ဖူးဘဲ ကျောက်ပန်းတောင်းမြို့နယ် ညောင်ဖြူပင်ကျေးရွာ ဦးမောင်ဌေး၏ အဝီစိမြေအောက်ရေတွင်းတစ်တွင်းသာ ရေလျှံတွင်းထွက်ခဲ့ကြောင်း ယာနီးချင်းဖြစ်သူဦးစိုးမင်းက ပြောပြသည်။

သီတင်းကျွတ်လမှစပြီး မြေအောက်အဝီစိရေတွင်း တူးရာမှ ပေသုံးရာကျော်အရောက်၌ ရေစပြီးလျှံသည်ဟု ရေတွင်းတူးလုပ်ငန်းလုပ်ကိုင်သည့် ဦးဖိုးဦးက ပြောပြသည်။ မြေအောက်အဝီစိတွင်း တူးခါစက ရေထွက်အားများသည်သာ သိရှိရပြီးမတိုင်းတာခဲ့ဖူးကြောင်း၊ ရေအုတ်ကန်မလုပ်နိုင်သေးဘဲ မြေသားရေလှောင်ကန်ဖြင့်သာ အဝီစိတွင်းမှရေကိုလှောင်ထားပြီး (ယာပုံ) ကြက်သွန်ခင်းရေသွင်းချိန် ရေစုပ်စက်အသေးဖြင့် တစ်ဆင့်ပြန်လည်ရေသွင်းနေကြကြောင်း၊ ယခုအခါ ကြက်သွန်နုတ်သိမ်းပြီးချိန်ဖြစ်၍ ကြက်ဟင်းခါးခင်း ဆက်လက်ရေသွင်းစိုက်ပျိုးလျက်ရှိပြီး ရေလျှံတွင်းမှ ရေများ ဆက်လက်ထွက်ရှိနေသေးကြောင်း ဒေသခံတောင်သူ ဦးချစ်ထွေးက ပြောပြသည်။

**ကိုထိန်(ငါ့သရောက်)**



# မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**တပ်ကုန်း ဧပြီ ၂၁** - နေပြည်တော်တပ်ကုန်းမြို့နယ် မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝင်ကျေးရွာများဖြစ်သော ကြီးအင်း၊ မယ်ဇလီကျင်းကျေးရွာများသို့ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၏ စာရင်းဇယားဆောင်ရွက်ထားရှိမှုတို့ကို ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်နှင့် အဖွဲ့သည် ဧပြီ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားစေရန်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝခြင်း၊ ဆင်းရဲမှုလျော့နည်းလာစေခြင်း စသောအကျိုးများကြောင့် ချေးငွေချေးယူသူများအနေဖြင့် ရရှိလာသော အခွင့်အလမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများက ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့် စာရင်းဇယားတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

## ကမ္ဘာအေးစွန်းလွန်းဆရာတော် ဦးဝရမွေးနေ့ကံထပ်ပွဲ

ကမ္ဘာအေး စွန်းလွန်းဆရာတော် ဦးဝရ၏ (၇၂) နှစ်ပြည့်မွေးနေ့ဖြစ်သော (၁၃၈၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော်) ၂၉-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် ဆရာတော်အား ယောဂီများစုပေါင်း၍ သိင်္ကာကံထပ်ပါမည်။

**ကမ္ဘာအေးစွန်းလွန်းပဋ္ဌာနဂ္ဂိသာသနာနုဂ္ဂဟအဖွဲ့**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အားကစားနှင့် ကာယပညာဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနသည် (၂၀၁၈)ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ (၆)လ ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်နိုင်ရေးအတွက် အသုံးပြုရန် Outdoor Fitness Equipments ပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** - ၂၄-၄-၂၀၁၈ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၅-၂၀၁၈ရက် ၁၆း၃၀နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ရုံးအမှတ်(၃၁)၊ နေပြည်တော်

၂။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၂၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနသည် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ခွင့်ပြုရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းနှစ်ခုအား ထပ်တိုး/ဆောက်လုပ်ရန်ရှိပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရသည့် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လယ်ဝေးအားကစားကွင်းသစ်တည်ဆောက်ခြင်းလုပ်ငန်း
(ခ) ဝဏ္ဏသိဒ္ဓိ Sport Complex ရှိ ပြေးခုန်ပစ်အားကစားနည်းလေ့ကျင့်ရေးခန်းမ ပေ(၁၂၀×၇၁)သုံးထပ် Steel Structure အတွက် လုပ်ငန်းများ ထပ်တိုးဆောင်ရွက်ခြင်းလုပ်ငန်း

၂။ (က) **တင်ဒါစတင် ရောင်းချမည့်ရက်** - ၂၄-၄-၂၀၁၈ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** -၂၃-၅-၂၀၁၈ရက် ၁၆း၃၀နာရီ
(ဂ) **တင်ဒါတင်သွင်းရန်နေရာ** - ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)ရုံးခန်း

၃။ တင်ဒါနှင့်ပတ်သက်သည့်အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အားကစားကွင်း/အားကစားရုံဌာနခွဲ ရုံးဖုန်း-၀၆၇-၃၄၁၃၈၄၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ကုန်အမှတ်တံဆိပ်များကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကြေညာချက်နှင့် တုပထုတ်လုပ်ခြင်းမပြုရန် အသိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်း(အနောက်)ရှိ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) Pharmaceutical Factory (Insein) သည် အောက်ဖော်ပြပါ ဆေးဝါးအမည်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပူးတွဲပါ စာချုပ်အမှတ်များဖြင့် တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

**ဆေးဝါးအမည်စာရင်းများနှင့် မှတ်ပုံတင်စာချုပ်အမှတ်**

| | | | | | |
|---|---|---|---|---|---|
| 1 | ANTRASICK TABLET | ၇၀၀/၂၀၁၈ | 14 | CARDAMIDE DROPS | ၇၀၃/၂၀၁၈ |
| 2 | BUROMAZINE TABLET | ၇၁၀/၂၀၁၈ | 15 | CHILDREN COUGH SYRUP | ၆၉၉/၂၀၁၈ |
| 3 | CEVIT TABLET | ၆၉၃/၂၀၁၈ | 16 | COMETHAZINE LINTUS | ၆၉၀/၂၀၁၈ |
| 4 | COMPOUND VITAMIN TABLET | ၇၀၈/၂၀၁၈ | 17 | LYCRESOL SOLUTION | ၆၉၆/၂၀၁၈ |
| 5 | COUGH TABLET | ၆၉၄/၂၀၁၈ | 18 | PARA KIDS SUSPENSION | ၇၀၅/၂၀၁၈ |
| 6 | DIRUTON TABLET | ၇၀၂/၂၀၁၈ | 19 | VITAZONE DROP | ၇၀၁/၂၀၁၈ |
| 7 | K-VIT TABLET | ၇၀၉/၂၀၁၈ | 20 | COMPOUND OINTMENT OF BENZOIC ACID | ၆၉၀/၂၀၁၈ |
| 8 | PENICILLIN-V TABLET | ၆၉၂/၂၀၁၈ | 21 | BEHEXAVIT INJECTION | ၇၀၆/၂၀၁၈ |
| 9 | PIPERAMISININ TABLET | ၇၀၄/၂၀၁၈ | 22 | BOOSTERVIT INJECTION | ၆၉၈/၂၀၁၈ |
| 10 | PRENATAL TABLET | ၆၈၇/၂၀၁၈ | 23 | CEVIT INJECTION | ၇၀၇/၂၀၁၈ |
| 11 | SPUR CAPSULE | ၇၁၀/၂၀၁၈ | 24 | MEGAVIT INJECTION | ၆၉၇/၂၀၁၈ |
| 12 | TIOVIT TABLET | ၆၈၈/၂၀၁၈ | 25 | CAL-D GLUCOSE | ၆၈၉/၂၀၁၈ |
| 13 | BHC LOTION | ၆၉၅/၂၀၁၈ | | | |

အထက်ဖော်ပြပါ ဆေးဝါးအမည်များသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်သောဆေးဝါးများဖြစ်ပါသည်။ ယင်းဆေးတံဆိပ်များတွင် TRADE BPI MARK ဟူသော အမှတ်အသားပါဝင်ပြီး အဆိုပါကုန်ပစ္စည်းများ ထည့်သွင်းထုပ်ပိုးရာတွင်အသုံးပြုသော ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့အပေါ်တွင် အထက်ပါဆေးတံဆိပ်အမည် အမှတ်အသား ကို အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့် တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိရောင်းချလျှက်ရှိပါသည်။

သို့ဖြစ်ပါ၍ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျှက်ရှိသော အဆိုပါ TRADE BPI MARK အမှတ်အသားပါ အထက်ဖော်ပြပါ ဆေးဝါး(၂၅)မျိုး၏အမည်များကို ဤစက်ရုံမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အလုံးစုံတုပ၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားဖြစ်စေ မှိုင်းမြိမ်းတုပသုံးစွဲခြင်း၊ ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း လုံးဝမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)အနေဖြင့် တရားမကြောင်း ပြစ်မှုကြောင်းတို့အရ ထိရောက်စွာ တရားဥပဒေအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကွန်းဇော် ၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၇၅)
အမှတ် ၇၅၇၊ လှိုင်သီရိလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၅၀၇၄၁၉၇ ၊ ၀၉ ၄၂၀၁၁၅၉၆၄ ၊ ၀၉ ၇၇၀၉၈၈၀၆၉

### မြေကွက်အရစ်ကျ

တောင်ဒဂုံ၊ ပေ(၄၀ X ၆၀)
၃၉သိန်း၊ ၁၅သိန်းပေး
(ကျန်ငွေ ခြောက်လအရစ်ကျ)
**ဖုန်း-၀၉-၄၀၃၇၉၁၂၁၅**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်စိုးဝင်း ၃/ဘအန(နိုင်) ၂၁၈၀၄၃၏ ပတ်စပို့နံပါတ်(မမှတ်မိ) မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြား ပေးပါရန်။
**ဖုန်း-၀၉-၉၆၇၄၀၈၅၉၀**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/3285 Toyota Mark II S/L ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထက်ခိုင်ဇော် ၁၂/ဥကတ(နိုင်)၁၇၀၀၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၅၆၅၂၉ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးရင်ဖေ ၁၀/မဒန(နိုင်)၀၃၃၁၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

### ဖခင်အမည်မှန်

ကော့ကရိတ်မြို့၊ ဝဲကင်းအံကျေးရွာအလက(ခွဲ) အဌမတန်းမှ နော်သန်းသန်းအေး၏ဖခင်အမည်မှန်မှာ ဦးဖားကျလာ(ခ)ဦးစောကြယ်လယ် ၃/ကကရ(နိုင်)၁၉၁၃၄၁ဖြစ်ပါကြောင်း။

### ရောင်းမည်(ပွဲစားမလို)

ဗဟန်းမြို့နယ်-လမ်းမ-
မြေ(0.25ဧက)
Rcc-2
**TEL-09-421135600**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၇၏ တရားဝင်မခွဲစိတ်ရသေးသော အစိတ်အပိုင်း (၂၅'×၅၀')မြေကွက်တည်နေရာအမှတ်-၂၄၊ ပုလဲဂေဟာလမ်း၊ ၃-ရပ်ကွက် (ဦးထင်ဦး)အမည်ပေါက် (မြေပိုင်မြေ)မြေအား အရောင်းအဝယ်စာချုပ်အမှတ်-၁၀၃၆/၆၂(၁၆-၅-၆၂)ဖြင့် ဦးချစ်ရင်၊ ဦးအောင်ထွန်းတို့က ဝယ်ယူခဲ့ပြီး ဦးချစ်ရင်နှင့် ဇနီး ဒေါ်ကျင်မြ ကွယ်လွန်သဖြင့် ၎င်းတို့၏အစုအားတစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်လှမြင့် ၁၂/ကမရ(နိုင်)၀၃၀၃၆၈ မှလည်းကောင်း၊ ဦးအောင်ထွန်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးသန့် ၁၂/ကမရ(နိုင်)၀၃၀၅၆၈ မှလည်းကောင်း ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်အတွက် ဒေါ်လှမြင့်ထံမှ (GP)ရရှိသူ ဒေါ်တင်တင်သန်းနှင့် ဒေါ်အေးသန့်ထံမှ (GP)ရရှိသူ ဒေါ်စိုးမြင့်ကြည်တို့က အမည်ပေါက်ထံမှ ဝယ်ယူခဲ့သည့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်-၁၀၃၆/၆၂ မူရင်း၊ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်၊ တိုင်းကျန်းမာရေးဦးစီးဌာနထောက်ခံချက်၊ ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**နောင်ချိုမြို့နယ်တရားမရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁**

ဒေါ်အေးအေးသိန်း **နှင့်** မဇူးအိမ်သက်မှူး
**တရားလို** **တရားပြိုင်**

အထက်အမှုပါ နောင်ချိုမြို့၊ ဘူတာရပ်၊ အကွက် (၅)၊ နယ်မြေ (၂)နေ မဇူးအိမ်သက်မှူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်အေးအေးသိန်း (နယ်မြေ-၄၊ တောင်ရပ်ကွက်၊ နောင်ချိုမြို့)က ချေးငွေ(၆၅၀၀၀၀၀ိ/-)နှင့် နစ်နာကြေးငွေ(၁၀၀၀၀၀၀ိ/-) စုစုပေါင်း (၇၅၀၀၀၀၀ိ/-)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၂ ရက် (၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်ဇေယျာဝင်း)**
**မြို့နယ်တရားသူကြီး**
**နောင်ချိုမြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ လယ်တီကွင်းရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ မြို့ပတ်တာသစ်အရှေ့ရပ်၊ ဦးပိုင်အမှတ်(၄၀/ခ)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကို ဒေါ်ခင်စိန်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

### အမည်ပြောင်း

ပုသိမ်မြို့၊ ဥမ္မာဒန္တီလမ်း၊ အမက(၂၀)၊ တတိယတန်း(ခွဲ) သစ်ခွဖြူမှ (ဘ) ဦးဇေယျာလင်း ၁၂/တတန(နိုင်) ၁၄၁၁၆၅ ၏သား မောင်ထက်အာကာပိုင်အား ယနေ့မှစ၍ မောင်ထက်အောင်သူရဟုပြောင်းလဲခေါ်ပါရန်။
**မောင်ထက်အောင်သူရ**

### အမည်ပြောင်း

ဦးဘိုဘို၏သား မြစ်ကြီးနားမြို့၊ မြို့သစ်(၂၅၉)နေ မောင်သက်မင်းစံ (ခ)မောင်သီဟဘိုအား မောင်ဟိန်းမြတ်ထွဋ်ဟုပြောင်းလဲခေါ်ပါရန်။

### တရားဝင်ဇနီးမယားဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံ၊ ၁၆ရပ်ကွက်နေ ဦးအောင်မိုးသိန်း ၁/မကန(နိုင်)၁၀၃၈၀၀ နှင့် မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ အိမ်အမှတ်(၈၆)နေ ကျွန်မ ဒေါ်ခိုင်မျိုးထွေး ၁/မကန(နိုင်)၁၂၀၀၈၂ တို့သည် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်မှစ၍ အကြင်လင်မယားအဖြစ် တရားဝင်ထိမ်းမြားခဲ့ပြီး ယနေ့ချိန်ထိ သားသမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ သို့ပါ၍ ကျွန်မ မခိုင်မျိုးထွေးသည်သာ တရားဝင်ဇနီးမယားဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်ခိုင်မျိုးထွေး**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်ဆိုင်း ၁/ဝမန(နိုင်)၀၆၁၇၆၁ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၅၂၇၀၁**

### ပျောက်ဆုံးကြောင်း

ကျွန်မ မဇင်မာဌေး ၈/တတက(နိုင်)၁၅၂၁၇၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၀၄၃၉၉၅**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**နောင်ချိုမြို့နယ်တရားမရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၅**

ဒေါ်အေးအေးသိန်း **နှင့်** မဇူးအိမ်သက်မှူး
**တရားလို** **တရားပြိုင်**

အထက်အမှုပါ နောင်ချိုမြို့၊ ဘူတာရပ်၊ အကွက် (၅)၊ နယ်မြေ (၂)နေ မဇူးအိမ်သက်မှူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်အေးအေးသိန်း (နယ်မြေ-၄၊ တောင်ရပ်ကွက်၊ နောင်ချိုမြို့)က ချေးငွေ(၈၀၀၀၀၀၀ိ/-)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၂ ရက် (၁၃၈၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်ဇေယျာဝင်း)**
**မြို့နယ်တရားသူကြီး**
**နောင်ချိုမြို့နယ်တရားရုံး**



မိနစ်များများ ပြောလေ
အူရီဒူးက များများလှူပေးလေ
ကလေးတွေရဲ့အိပ်မက်တွေ တကယ်ဖြစ်လာဖို့
၁ မိနစ် ဖုန်းပြောတိုင်း အူရီဒူးမှ
၁ ကျပ် လှူဒါန်းပေးသွားပါမည်
ooredoo

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အခွန်ဌာန(ဧည့်ရိပ်သာ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနကွပ်ကဲမှုအောက် ဧည့်ရိပ်သာ၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆လအတွက် ဧည့်ရိပ်သာ (၁) ရှိ အခန်း(၁၂၀)ခန်း(ရေချိုးခန်းအပါ) (၈)ခန်းတွဲအိပ်ဆောင် (၁၂၈'×၃၆'×၁၀') (၁၅)ဆောင် အတွင်း/အပြင် ဆေးသုတ်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၄-၂၀၁၈ရက်မှ ၇-၅-၂၀၁၈ရက်ထိ
**တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၇-၅-၂၀၁၈ရက် မွန်းတည့် ၁၂း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၅-၂၀၁၈ရက် ၁၀း၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊

(တင်ဒါတင်သွင်းမည့်ကုမ္ပဏီ/ လုပ်ငန်းရှင်များမှ ဧည့်ရိပ်သာအိပ်ဆောင်ကို ကွင်းဆင်းတိုင်းတာတွက်ချက်ရမည် ဖြစ်ပါသည်။)

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို လက်ခံ မည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန(ဧည့်ရိပ်သာ)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၈၃၅၆၊ ၀၆၇-၈၁၀၈၁၈၅သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### တင်ဒါအမှတ်-၁/၂၀၁၈(စက်နှင့်စက်ပစ္စည်း/အထည်)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အထည်စက်ရုံများအတွက်လိုအပ်သော စက်နှင့်စက်အရန်ပစ္စည်း၊ လျှပ်စစ်နှင့် စက်မှုဆိုင်ရာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၄-၂၀၁၈ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**

နေပြည်တော် - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊

ရန်ကုန် - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁

(ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၂-၅-၂၀၁၈ရက် ၁၆း၀၀နာရီ

(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊

၃။ အသေးစိတ်သိရှိလိုပါက အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## မည်သူမဆိုငှားရမ်းနိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနရှိ ကော်မတီပိုင် ပျဉ်းမနားအမှတ်(၁)မြို့မဈေး၊ အပေါ်ထပ်ခန်းမ(၁၄၀'×၂၅')နှင့် ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက်အမှတ် (၆၈၊၆၉)အနီး၊ လေးခန်းတွဲစားသောက်ဆိုင်မှ ဆိုင်ခန်းအမှတ်(၄) (၁၀'×၄၅')တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၄/၂၀၁၈)လမှ (၉/၂၀၁၈)လအထိ ၆လ ကာလအတွက် ငှားရမ်းမည်ဖြစ်သဖြင့် မည်သူမဆိုငှားရမ်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) ပျဉ်းမနားအမှတ်(၁)မြို့မဈေး၊ အပေါ်ထပ်ခန်းမငှားရမ်းခြင်း
- (၁) တစ်လငှားရမ်းခ - ၇၀၀,၀၀၀/-
- (၂) တင်သွင်းရမည့်အာမခံစပေါ်ငွေ - ၁,၄၀၀၀၀၀/-

(ခ) ခရေအိမ်ရာစားသောက်ဆိုင်အမှတ်(၄) ငှားရမ်းခြင်း
- (၁) တစ်လငှားရမ်းခ - ၂၅,၀၀၀/-
- (၂) တင်သွင်းရမည့်အာမခံစပေါ်ငွေ - ၅၀,၀၀၀/-

၂။ ငှားရမ်းလိုသူများသည် ၄-၅-၂၀၁၈ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်လျှောက်ထားနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၄၂၉၃၊ ၀၆၇-၄၂၀၂၁၂၊ ၀၆၇-၂၂၉၆၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဌာနမှူး**
**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊
## စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့၏
## တည်ဆောက်လုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) ကလေးမြို့နယ်ရဲတပ်ဖွဲ့။ ကလေးမြို့မရဲစခန်း ခြောက်ခန်းတွဲ နှစ်ထပ် ၂(၁၂၆'× ၃၅'၆")+ ၂×၂(၁၀'×၂၀') သံကူကွန်ကရစ်တစ်လုံး (Overhead Tank တင်ရန်၊ RC Roof Slab၊ ရေဂါလန် ၃၀၀၀ဆံ့ Ground Tank တစ်လုံး၊ Septic Tank သုံးလုံး၊ RC Parapet Wall, Cyclone Prove Roof Structure အပါ) ဆောက်လုပ်ခြင်း

(ခ) တမူးမြို့နယ်ရဲတပ်ဖွဲ့။ တမူးမြို့မရဲစခန်းအရာရှိငယ်နေအိမ် တစ်ထပ် (၄၅'×၃၃')+ (၇'×၂၄')+(၈'×၁၆')+(၁၈'×၁၄')+(၂၄'×၁၄') သံကူကွန်ကရစ်တစ်လုံး၊ ဂါလန် ၄၀၀ဆံ့ ၂၀' အမြင့် သံရေစင်တစ်လုံး၊ Septic Tank တစ်လုံး၊ ဂါလန် ၁၆၀၀ ဆံ့ Ground Tank တစ်လုံး၊ RC Parapet Wall၊ Cyclone Prove Roof Structure အပါ) ဆောက်လုပ်ခြင်း။

(ဂ) ကောလင်းမြို့နယ်ရဲတပ်ဖွဲ့။ မြို့မရဲစခန်းရှိ နှစ်ခန်းတွဲ ၂၄လုံးနှင့် လုံးချင်းနေ အိမ်ရှစ်လုံးတို့အား ရေလွတ်သည့် အနည်းဆုံး အုတ်ခုံ ၆' အမြင့်အထိ မြှင့်တင်ခြင်း။

၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ တင်ဒါအဆိုပြုလွှာကို ၃၀-၄-၂၀၁၈ရက်မှစတင်ဝယ်ယူနိုင်ပြီး ၁၀-၅-၂၀၁၈ရက် နောက်ဆုံးထား၍ရုံးချိန်အတွင်း ပေးပို့တင်သွင်းရန်၊ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်၊ Profile များကိုပါတင်ပြရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဖုန်း-၀၇၁-၂၆၅၁၁
(ခ) ဖုန်း-၀၉-၂၅၀၁၀၀၀၁၉

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများကို ၂၀၁၈ခုနှစ် မေ ၁၄ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့် သင်တန်းများ | အခြေခံဘွဲ့ လိုအပ်ချက် | လက်ခံမည့် ဦးရေ |
|---|---|---|---|---|
| (က) | ရေယာဉ်တည်ဆောက်မှုနှင့် အဏ္ဏဝါအင်ဂျင်နီယာဌာန | M.E(NA) | B.E(NA)(Q) | (၅)ဦး |
| (ခ) | ဆိပ်ကမ်းအင်ဂျင်နီယာဌာန | M.E(PH) | B.E(PH)(Q) | (၅)ဦး |
| (ဂ) | မြစ်ချောင်းနှင့်ကမ်းရိုးတန်း အင်ဂျင်နီယာဌာန | M.E(RC) | B.E(RC)(Q) | (၅)ဦး |

၂။ ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းများနှင့် မိတ္တူများတင်ပြရမည်-

(က) လျှောက်ထားသူများသည် သက်ဆိုင်ရာဘာသာရပ်တွင် မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းတက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ခ) မဟာအင်ဂျင်နီယာဘွဲ့သင်တန်းကာလမှာ(၂)နှစ်ဖြစ်ပြီး သင်တန်းကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(ဃ) လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်မှ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူတို့တင်ပြရမည်။

၃။ လျှောက်လွှာပုံစံများကို ၂၃-၄-၂၀၁၈ရက် (တနင်္လာနေ့)မှစ၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ရယူနိုင်ပြီး ၇-၅-၂၀၁၈ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များကို စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၈-၅-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ထုတ်ပေးမည်ဖြစ်သည်။

၄။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် သန်လျင်၊ (သီလဝါ)၌ ၉-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

| စဉ် | ဘာသာရပ် | အချိန် |
|---|---|---|
| (က) | အင်္ဂလိပ်စာ | ၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ |
| (ခ) | သက်ဆိုင်ရာဘာသာရပ် | ၁၃း၀၀နာရီမှ ၁၅း၀၀နာရီထိ |

၅။ လူတွေ့စစ်ဆေးခြင်းခံရမည့်သူများစာရင်းကို ၁၀-၅-၂၀၁၈ ရက် (ကြာသပတေးနေ့)တွင် ကြေညာမည်ဖြစ်ပြီး ၁၁-၅-၂၀၁၈ရက် (သောကြာနေ့) တွင်လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၁၄-၅-၂၀၁၈ရက်(တနင်္လာနေ့) တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရပါမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများမမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၉-၄၅၈၁၃၈၀၇၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းနှင့် လုပ်ငန်းများအတွက် မြန်မာကျပ်ငွေများဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပုသိမ်မြို့နှင့်ချောင်းသာမြို့တို့တွင် လမ်းမီးထွန်းညှိခြင်း လုပ်ငန်း (၂) ခု

(ခ) ဧရာဝတီတိုင်းဒေသကြီးအတွင်း ဓာတ်အားစနစ်ကောင်းမွန်စေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း (၄) ခု

(ဂ) ကွန်ကရစ်တိုင် (၁၂)မီတာ (၅၀၀)လုံးဝယ်ယူခြင်း

(ဃ) တိုင်းဒေသကြီးအတွင်းရှိ တိုးချဲ့နှင့် အစားထိုး ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများ (၂) ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ပို့ကုန်ဦးဆောင်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export-led Growth) ရရှိနိုင်ရေးအတွက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၊ ကမ္ဘာ့ဘဏ် (World Bank) စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တိုင်ပင်ညှိနှိုင်းပြီး ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံဆက်စပ်ဆန်းစစ် လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

လေ့လာဆန်းစစ်မှုမှာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ သုံးနှစ်၊ ငါးနှစ်၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်နှစ်လတ်စီမံကိန်း (Medium Term Programme-MTP)ကို လုပ်ငန်းစီမံကိန်းများ အသေးစိတ်ရေးဆွဲပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

MTP ကို မဏ္ဍိုင်ကြီး (၅)ရပ် ခွဲခြား သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ရာ မဏ္ဍိုင် (၁) ကုန်သွယ်မှုမူဝါဒနှင့် အဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်ရေး မဏ္ဍိုင်၊ (၂) ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးများ ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်၊ (၃) အရည်အသွေးမြင့် အဆောက်အအုံနှင့် စံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်၊ (၄) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်၊ (၅) တန်ဖိုးမြင့်ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်အမယ်စုံတင်ပို့နိုင်ရေးမဏ္ဍိုင်စသည့် အသေးစိတ်အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားပို့ကုန်မဟာဗျူဟာ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES) ကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနနှင့် ပူးပေါင်းရေးဆွဲခဲ့ပြီး ဦးစားပေးကုန်စည် (၅) မျိုး (ဆန်၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့် အဝတ်အထည်၊ သစ်နှင့်သစ်တောထွက်ပစ္စည်း)၊ ဦးစားပေးဝန်ဆောင်မှုကဏ္ဍအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဖွံ့ဖြိုးရန်အလားအလာ ရှိသည့်ကဏ္ဍအဖြစ် ရော်ဘာကဏ္ဍကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဦးစားပေးကဏ္ဍများကို အထောက်အကူပြုရန်အတွက် ဘဏ္ဍာရေးဝန်ဆောင်မှုများ ရရှိရေးကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲခြင်းကဏ္ဍနဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍစသည့် ဝန်ဆောင်မှုကဏ္ဍ လေးမျိုးကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

NES တွင် ထပ်မံထည့်သွင်းဆောင်ရွက်မည့် ကဏ္ဍသစ်များအနေနှင့် လယ်ယာထွက်အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်း (Agro-Food Processing)၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ (Gem & Jewellery)၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် (Fruits and Vegetable)၊ လက်မှုအနုပညာပစ္စည်း (Handicraft)၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်း (Digital Economy) ကဏ္ဍတို့ကို ရွေးချယ်၍ အကောင်အထည်ဖော်သင့်သည့် လုပ်ငန်းစီမံချက်များပေါ်ထွက်လာအောင် ဆောင်ရွက်ပြီး နိုင်ငံ၏ ပို့ကုန်ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ(Export -led Growth) ရရှိရေး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်ပေးမှုများ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် အစိုးရသက်တမ်းနှစ်နှစ်အတွင်း ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်ပေးမှုများကိုလည်း တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ဖြေလျှော့ဆောင်ရွက်ပေးမှုတွင် တရားမဝင်တင်ပို့မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်နှင့် မွေးမြူသူ တောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင်များအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုပေးခဲ့သည်။

ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့် ပြုလုပ်သည့် အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကိုလည်း စည်းကမ်းသတ်မှတ်ချက်နှင့်အညီ တင်ပို့တင်သွင်းခွင့်ပြုပေးခဲ့သည်။ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများနှင့် နိုင်ငံခြား ကုမ္ပဏီများကို ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးစက်ကိရိယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုလည်း ကုန်သွယ်ခွင့်ပြုပေးခဲ့သည်။ အမျိုးအစား အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းမှန်ကန်သည့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်စေရန် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား လယ်ယာသုံးစက်ကိရိယာများကို ကုန်သွယ်ခွင့်ပြုပေး ခဲ့သည်။

ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများကို ဆောင်ရွက်ခဲ့ရာမှာ ကုန်ပစ္စည်းအမယ်ပေါင်း ၁၁၁၆၇ ခုရှိသည့်အနက် ပို့ကုန်မှာ ကုန်ပစ္စည်းအမယ်ပေါင်း ၃၃၄၅ ခုနှင့် သွင်းကုန်မှာ ကုန်ပစ္စည်းအမယ်ပေါင်း ၄၈၁၈ ခုကိုသာ လိုင်စင်လျှောက်ထားရန်လိုအပ်သည့် ကုန်ပစ္စည်း အမယ်များအဖြစ် လျှော့ချသတ်မှတ်နိုင်ခဲ့ကြောင်း၊ ကျန်ကုန်ပစ္စည်း အမယ်အားလုံးကို ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားရယူရန်မလိုအပ်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့တင်သွင်းခြင်းများကို တိုက်ရိုက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်ချက်များ**

"အစိုးရသစ်၏ နှစ်နှစ်တာကာလအတွင်း ပြည်ပကုန်သွယ်မှုများ မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံအကြား ဖွဲ့စည်းထားသည့် ကုန်သွယ်ရေးပူးတွဲကော်မရှင် (JTC) အစည်းအဝေးများကို ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နိုင်ငံများနှင့် စုစုပေါင်း (၄) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ထို့အပြင် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေး (JBTCCC) နှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ (JBTC) အစည်းအဝေးတို့ကိုလည်း ကျင်းပနိုင်ခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲများ ပြည်ပခရီးသွားရောက်ရာတွင် အချို့ခရီးစဉ်များ၌ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးကို အလေးထားဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ခရီးစဉ်များတွင်လည်း ပြည်တွင်းလုပ်ငန်းရှင်များ ပါဝင်လျက် ကုန်သွယ်မှုနှင့် ဈေးကွက်ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းခြင်း၊ ကုန်သည်လုပ်ငန်းရှင်အဖွဲ့အစည်းများအနေဖြင့် လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့်လည်းကောင်း မိမိတို့အဆက်အသွယ်ဖြင့် ပို့ကုန်ဈေးကွက်ရရှိရေးကို ဆက်သွယ်ဆောင်ရွက်ရာတွင် နိုင်ငံတော်ပိုင်းမှ တတ်အားသမျှ ပံ့ပိုးကူညီပေးခြင်းဖြင့် ပို့ကုန်ဈေးကွက်တိုးချဲ့ရေး ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံတကာကုန်သွယ်မှုတွင် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ ကျင်းပပြုလုပ်ခဲ့သည့် (၁၄) ကြိမ်မြောက် ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ

*အချပ်ပို(ခ)သို့*



(၁၄) ကြိမ်မြောက် တရုတ် - အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။

*အချပ်ပို(က)မှ*

ကုလသမဂ္ဂညီလာခံ (UNCTAD XIV) သို့ လည်းကောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO မှ ကြီးမှူးကျင်းပခဲ့သည့် Public Forum ဆွေးနွေးပွဲနှင့် Myanmar Opening Up for Business Forum သို့ လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် အာဂျင်တီးနားနိုင်ငံ ဗျူနိုဆိုင်းရပ်စ်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးများအဆင့် ညီလာခံအစည်းအဝေးသို့ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ် မတ်လတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် Informal WTO Ministerial Meeting သို့ လည်းကောင်း တက်ရောက်ခဲ့ပြီး နိုင်ငံစုံကုန်သွယ်မှုစနစ်တွင် မြန်မာနိုင်ငံ၏ပုံရိပ်ကို မြှင့်တင်နိုင်ခဲ့ပြီး မိမိနိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် အကျိုးရှိမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါတယ်''ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။

**အသိအမှတ်ပြု**

အထက်ပါ ညီလာခံများသို့ တက်ရောက်ခဲ့ခြင်းဖြင့် ကုန်သွယ်ဖက်နိုင်ငံများဖြင့်သာမက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာကာ ချစ်ကြည်ရင်းနှီးမှုရရှိခြင်း၊ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို အဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြု အလေးထားမှုများကို ရရှိခဲ့ကြောင်း သိရသည်။

**ခိုင်မာသော ဈေးကွက်ရှာဖွေနိုင်ရေး**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ခိုင်မာသော ဈေးကွက်ရှာဖွေနိုင်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် WTO သံမှူးတစ်ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ကုန်သွယ်ရေးကိုယ်စားလှယ်တစ်ဦးနှင့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ အမေရိကန်၊ ဘယ်လ်ဂျီယံနိုင်ငံတို့တွင် စီးပွားရေးသံမှူးများ စေလွှတ်၍ စီးပွားရေးသံမှူးများအား သက်ဆိုင်ရာ နိုင်ငံအလိုက် ဈေးကွက်အခြေအနေများအား စုံစမ်းထောက်လှမ်းခြင်းနှင့် ဈေးကွက်ရရှိရေး ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးသံမှူးများမှ ပေးပို့သည့် ဈေးကွက်အခြေအနေနှင့် အစီရင်ခံစာများ၊ ပြည်တွင်းပြည်ပကုန်စည်ပြပွဲများ၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းအချက်အလက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများအား ပြည်တွင်း၊ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ ဌာနများမှ လာရောက်တွေ့ဆုံမှုများ၊ ဆွေးနွေးမှုများကို ပြည်တွင်းလုပ်ငန်းရှင်များသိရှိပြီး ဈေးကွက်သေချာသည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်နှင့် ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များအား အများပြည်သူ သိရှိလေ့လာနိုင်စေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန website များဖြစ်သည့် www.commerce.gov.mm,www.trade.gov.mm, www.doca.gov.mm, www. commercejournal.com.mm, နှင့် www.myanmartrade-portal.gov.mm တို့တွင် လွှင့်တင်ထားပြီး Commerce Journal ကိုလည်း အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့**

ကုန်သွယ်မှုတိုးမြှင့်စေရန်အတွက် ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပဈေးကွက်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကုန်သွယ်မှုဗဟိုဌာန ၁၂ ခုတွင် ပြခန်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့ထုတ်ကုန်ပစ္စည်းများ ပြည်တွင်း၊ ပြည်ပဈေးကွက်နှင့် ချိတ်ဆက်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ပြည်တွင်း ကုန်စည်ပြပွဲ (၉၂) ကြိမ်နှင့် နိုင်ငံပေါင်း ၁၇ နိုင်ငံ၌ ပြည်ပကုန်စည်ပြပွဲ (၈၇) ကြိမ်ကို အောင်မြင်စွာသွားရောက်ပြသနိုင်ရေး သက်ဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ စီးပွားရေးဖွံ့ဖြိုးပြီး နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ နော်ဝေ၊ ဘီလာရုစ်၊ ရုရှား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အိုက်စ်လန်၊ တူရကီ၊ ဂျပန်၊ အမေရိကန်နိုင်ငံ၊ နယူးဇီလန်၊ ကာဇက်စတန်နှင့် ဥရောပသမဂ္ဂ ၂၈ နိုင်ငံအပါအဝင် စုစုပေါင်း နိုင်ငံ ၄၀ မှ တစ်ဖက်သတ် အကောက်ခွန် သက်သာကင်းလွတ်ခွင့်ပြုသည့် အစီအစဉ်ဖြစ်သည့် ယေဘုယျ အကောက်ခွန် ကင်းလွတ်သက်သာခွင့် (Generalized System of Preference-GSP) အစီအစဉ်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယနိုင်ငံများမှ တစ်ဖက်သတ် အကောက်ခွန်သက်သာကင်းလွတ်ခွင့်ပြုသည့် အစီအစဉ်များတွင် ပါဝင်ခံစားခွင့်ရရှိသည့် နိုင်ငံဖြစ်ပါတယ်။ အလားတူပင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသော လွတ်လပ်သော ကုန်သွယ်မှုဒေသများတွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ အဆိုပါအစီအစဉ်များအရ အကောက်ခွန်ကင်းလွတ်သက်သာခွင့်ကို ရရှိလျက်ရှိပါတယ်။ အဆိုပါအစီအစဉ်များအရ အကောက်ခွန်သက်သာခွင့်ကို ရရှိနိုင်ဖို့အတွက် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ရယူတင်ပို့ခြင်းဖြင့် သက်သာခွင့်များ ရရှိစေခဲ့ပြီး အခြား အာဆီယံနိုင်ငံများမှ လုပ်ငန်းရှင်များ ရရှိသည့်အခွင့်အရေးအတိုင်း ရရှိခံစားနိုင်ပြီဖြစ်သည်။

**ပို့ကုန်မြှင့်တင်ရေး**

ကုန်သွယ်မှုမြင့်မားရေးအတွက် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများ၊ သရက်နှင့် လက်ဖက်ပွဲတော်၊ ထောပတ်သီးပွဲတော်၊ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများ၊ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများနှင့် သိုး၊ ဆိတ်ထုတ်လုပ်တင်ပို့မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲစသည်တို့ကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူသူများနှင့် ပူးပေါင်း၍ ပို့ကုန်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍကို ပို့ကုန်ပိုင်းတွင် ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ထည့်သွင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဖရဲသီး၊ သခွားမွှေး၊ သရက်သီးများအပြင် ချဉ်ပေါင်ဖာလာ၊ ကော်ဖီ၊ လက်ဖက်၊ ထောပတ်သီး၊ ဝဥ၊ လျှော်ဖြူ၊ ငှက်ပျောစသည်တို့ကိုလည်း တစ်မျိုးချင်း ထိတွေ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဈေးကွက်၏လိုအပ်ချက်**

မြန်မာနိုင်ငံသည် ကမ္ဘာတွင် လူဦးရေအများဆုံး ၁ ဘီလီယံကျော်ရှိသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံနှစ်ခုအကြားမှာ တည်ရှိခြင်းကြောင့် ပထဝီအနေအထားအရ မဟာဗျူဟာကျသည့်နိုင်ငံဖြစ်ပြီး အဆိုပါနိုင်ငံများနှင့် နယ်နိမိတ်ချင်း ကီလိုမီတာထောင်ချီပြီး ဆက်စပ်နေတဲ့အတွက် ဒီဈေးကွက်ရဲ့ လိုအပ်ချက်ကို စနစ်တကျ ဖြည့်ဆည်းတင်ပို့နိုင်ခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုပြုလုပ်ရာတွင် မိမိနိုင်ငံ၏ ပို့လျှံသည့် ထုတ်ကုန်များကို တင်ပို့သည့်အပြင် မိမိဈေးကွက်လိုအပ်ချက်သည် ကိုယ်တိုင်ထုတ်လုပ်သည်ထက် ပိုမိုလိုအပ်လာကြောင်း တွေ့ရှိပါက ရရှိပြီး ဈေးကွက်လက်မလွတ်စေရန်အတွက် အခြားထုတ်လုပ်နိုင်သည့် ဈေးကွက်များမှ ဝယ်ယူ၍ တစ်ဆင့်ပြန်လည်ပို့ခြင်းကို ပြုလုပ်လေ့ရှိတယ်။ ထိုသို့ပြုလုပ်ရာတွင် ဈေးကွက်အခြေအနေနှင့် မိမိလုပ်ငန်းရှင်များ၏ လုပ်ကိုင်နိုင်သည့် အခြေအနေပေါ်မူတည်၍ Re- export စနစ်သို့မဟုတ် Transit Trade ကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိကြသည်။ အထူးသဖြင့် ထိုစနစ်ကို ထိပ်တန်းကုန်သွယ်မှုနိုင်ငံများဖြစ်သည့် စင်ကာပူနှင့် တရုတ်နိုင်ငံ(ဟောင်ကောင်) တိုက ကျင့်သုံးလျက်ရှိပြီး ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့သည်လည်း ဈေးကွက် အခြေအနေအလိုက် ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။

**e-Government ဆိုင်ရာ ဆောင်ရွက်ချက်များ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင် ပါမစ် ထုတ်ပေးလျက်ရှိရာ ယခုအခါ ပို့ကုန်သွင်းကုန်လိုင်စင်များအား Online စနစ်ဖြင့် လျှောက်ထားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ပို့ကုန်သွင်းကုန်လိုင်စင်များအား www. myanmartradenet.com.mm (Myanmar Tradenet Website) တွင် အပြည့်အဝ အွန်လိုင်းအသုံးပြုပို့ကုန်သွင်းကုန်လိုင်စင်စနစ် (Fully Online Licensing System) စနစ်အား အသုံးပြု၍ ပို့ကုန်၊ သွင်းကုန်လိုင်စင်များအား လျှောက်ထားခြင်း၊ အချက်အလက်များစစ်ဆေးခြင်း၊ ငွေပေးသွင်းခြင်း၊ လိုင်စင်ထုတ်ယူခြင်းတို့အား ၂၀၁၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ခွင့်ပြုအမယ် ၄၃ မျိုးဖြင့် စတင်ခွင့်ပြုပေးလျက်ရှိပြီး ထပ်မံ၍ ခွင့်ပြုအမယ် တိုးမြှင့်ထုတ်ပေးရေး ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် လုပ်ငန်းရပ်များအတွက် ပေးသွင်းရမည့် ငွေကြေးများအား မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ချိတ်ဆက်၍ e-payment စနစ်နှင့် လက်ခံဆောင်ရွက်ခြင်းအား ၂၀၀၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် Fully Online Licencing စနစ်အပါအဝင် ငွေစာရင်းခေါင်းစဉ် ၁၁ ခုအား (MCB) ဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ငွေသားကိုင်ဆောင်ပေးသွင်းမှု လျော့နည်းရေးနှင့် ဘဏ်အားလုံးမှ ပေးချေနိုင်သည့်စနစ် Myanmar Payment Union (MPU) စနစ်အား ၂၀၁၇ ခုနှစ် ဇွန်လမှစတင်၍ ကမ္ဘောဇဘဏ်နှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကုန်သွယ်မှုနှင့်သက်ဆိုင်သောငွေကြေးများ ကောက်ခံလျက်ရှိသည်။ ဆက်လက်ပြီး နယ်စပ်ကုန်သွယ်ရေးဇုန်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင်လည်း MPU စနစ် အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ကျင်းပပြုလုပ်သည့် အစည်းအဝေးများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပြုလုပ်သည့် ကုန်သွယ်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အစည်းအဝေးများကို Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် e-Government လုပ်ငန်းများကို အစိုးရနှစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အာဆီယံနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ မိမိဝန်ကြီးဌာနမှ ဝန်ထမ်းများအား အဆိုပါလုပ်ငန်းစဉ်များကို သိရှိလိုက်ပါ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်တွင်း၊ ပြည်ပ သင်တန်းများသို့ စေလွှတ်တက်ရောက်စေခဲ့ရာ အစိုးရသစ်၏ နှစ်နှစ်တာကာလအတွင်း ပြည်တွင်းသင်တန်း ၄၆၂ ခုသို့ သင်တန်းသားဦးရေ ၂၄၇၈ ဦး၊ ပြည်ပသင်တန်း ၆၃ ခုသို့ သင်တန်းသားဦးရေ ၁၂၃ ဦးတို့အား လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့တွင် ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute-TTI)ကို ဖွင့်လှစ်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ကုမ္ပဏီဝန်ထမ်းများအား ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုဆိုင်ရာအသိပညာပေးခြင်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ *အချပ်ပို(ဂ)သို့*



နေပြည်တော် စမတောင် လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်၌ ပြည်တွင်းပဲစားသုံးမှုမြှင့်တင်ပွဲအခမ်းအနားနှင့် ပဲစားပွဲတော်ကို ၆-၁၂-၂၀၁၇ ရက်က ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကြည့်ရှုအားပေးစဉ်။



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို(ခ)မှ*

**ကုန်သွယ်မှုပမာဏ တိုးတက်မှုအခြေအနေ**

"စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနရဲ့ အဓိကတာဝန်မှာ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ပြည်ပကုန်သွယ်မှုအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၂ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၁ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၃၂ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယခုနှစ် ကုန်သွယ်မှုပမာဏဟာ မြန်မာနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုသမိုင်းမှာ အမြင့်ဆုံး ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ် " ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောပြသည်။

**ကုန်သွယ်မှုလိုငွေ လျော့ချနိုင်ခြင်း**

မြန်မာနိုင်ငံဟာ စီးပွားရေး ဖွံ့ဖြိုးဖို့ အရှိန်ယူနေတဲ့ နိုင်ငံဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် သွင်းကုန်များ ပိုမိုတင်သွင်းရခြင်းကြောင့် အခြားနိုင်ငံများနည်းတူ ကုန်သွယ်မှုလိုငွေများ နှစ်စဉ် ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၄ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ ၅ ဒသမ ၂၁ ဘီလီယံ၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၇ ဘီလီယံ အသီးသီး ဖြစ်ပေါ်ခဲ့၍ ယခင်နှစ်ထက် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄ ဘီလီယံ လျော့ချဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ လျော့ချနိုင်ခဲ့ခြင်းမှာ ပို့ကုန်အနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်း ဆန်နှင့် ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်းနှင့် စက်မှုကုန်ချောပစ္စည်း CMP ချုပ်ပြီး အဝတ်အထည်များအပါအဝင် ယခုနှစ် ပြည်ပပို့ကုန်ပမာဏဟာ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆၇ ဘီလီယံထိ စံချိန်တင် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

**ဆန်စပါးကဏ္ဍ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတကာဈေးကွက်တွင် မြန်မာနိုင်ငံ၏ ဆန်ဈေးကွက် ဝေစု ရရှိစေရေးနှင့် ကမ္ဘာ့ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆန်တင်ပို့မှုဆိုင်ရာ အစိုးရအချင်းချင်း သဘောတူ စာချုပ် G to G Agreement များ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေးအတွက် အာရှ၊ အာဖရိက၊ ဥရောပ အပါအဝင် ကမ္ဘာ့ ဆန်စပါးဈေးကွက်များမှ ဆန်စပါးတင်သွင်းသူများနှင့် မိမိနိုင်ငံမှ ဆန်စပါးတင်ပို့သူများကို တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ ထိုင်းနိုင်ငံတွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ မကာအိုတွင် လည်းကောင်း ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဆန်စပါးညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည့်အပြင် ၂၀၁၇ ခုနှစ် ဧပြီလတွင် TRT Myanmar Rice Network 2017 ကို မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး နှစ်ဖက်အရောင်းအဝယ် စာချုပ်များ ချုပ်ဆိုနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆန်တန်ချိန် ၃ သိန်း တင်ပို့ရောင်းချရန် G to G စနစ်ဖြင့် ဆန်ရောင်းဝယ်ရေး နားလည်မှုစာချွန်လွှာ(MoU)ကို နှစ်နိုင်ငံ ပြည်ထောင်စုဝန်ကြီးများ နေပြည်တော်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ယခုအချိန်တွင် ဈေးကွက်သစ်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း တင်ပို့နေပြီ ဖြစ်သည်။

အထူးသဖြင့် ၁၉၃၄-၃၅ ခုနှစ်က ကမ္ဘာပေါ်တွင် ဆန်အများဆုံး တင်ပို့နိုင်သည့် နိုင်ငံအဖြစ် ၃ ဒသမ ၅၉ သန်းနှင့် ရပ်တည်ခဲ့သည့် တန်ချိန်ကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၅၈၄ သန်း တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်ဆန်အများဆုံး တင်ပို့ခဲ့သည့် တန်ချိန်ကို ပြည့်မီလုနီးပါး တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်မှာ ကမ္ဘာ့ဆန်အများဆုံး ဆန်တင်ပို့သည့် ငါးနိုင်ငံ စာရင်းတွင်လည်း မြန်မာနိုင်ငံ ပါဝင်လာသည်ကို တွေ့မြင်ရသည်။

**စားသုံးသူအကာအကွယ်ပေးရေးဆောင်ရွက်ချက်**

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ စားသုံးသူရေးရာဦးစီးဌာနကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား တစ်နိုင်ငံလုံးတွင် ပိုမိုထိရောက်ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် EU-GIZ အဖွဲ့အစည်းနှင့်ပူးပေါင်း၍ အမျိုးသား စားသုံးသူ အကာအကွယ်ပေးရေး အစီအစဉ် (National Consumer Protection Program)ကို ရေးဆွဲ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြန်မာနိုင်ငံသည် အာဆီယံ စားသုံးသူကာကွယ်ရေး ကော်မတီအဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရာ (၁၆)ကြိမ်မြောက် အာဆီယံ စားသုံးသူကာကွယ်ရေး ကော်မတီအစည်းအဝေး၊ အာဆီယံစားသုံးသူ ကာကွယ်ရေးဥပဒေနှင့် မူဝါဒ အလုပ်ရုံဆွေးနွေးပွဲတို့ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့၌ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည်။ ဒေသတွင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင်ကျင်းပပြုလုပ်သည့် Empowering Consumers in New Markets International Conference သို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ တက်ရောက်ခဲ့သည်။

စားသုံးသူအငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စု နယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ၇၃ ဖွဲ့၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ CICC ၄၈ ခု ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး တိုင်ကြားမှု ၉၀ ကျော်ကို လက်ခံဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

**စိန်ခေါ်မှုများ**

"မြန်မာနိုင်ငံအနေနဲ့ ပို့ကုန်ပိုင်းတွင် တစ်ဖက်က ဈေးကွက်တိုးချဲ့နိုင်ဖို့ အခွင့်အလမ်းကောင်းများရှိနေပေမယ့် တစ်ပြိုင်နက်တည်းမှာပဲ စိန်ခေါ်မှုများ၊ အခက်အခဲများလည်း ရှိနေပါတယ်။ ပို့ကုန်တိုးမြှင့်ရေးအတွက် တင်ပို့နိုင်မည့် ပို့ကုန်ပစ္စည်းများ (ကုန်ကြမ်း၊ တစ်ဝက်တစ်ပျက်ကုန်ချောနှင့် ပစ္စည်းမျိုးစုံ) ပိုလျှံမှုရှိပြီး ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိသော်လည်း အဆိုပါ ပို့ကုန်ပစ္စည်းများ တင်ပို့သည့်ဈေးကွက်တွင် အခြား ယှဉ်ပြိုင်ဖက်နိုင်ငံများရဲ့ကုန်ပစ္စည်းများနဲ့ ယှဉ်ပြိုင်နိုင်စွမ်း နည်းပါးတဲ့အချက်များရှိနေပါတယ်။

ပို့ကုန်ဈေးကွက်တွင် မိမိကုန်ပစ္စည်းများရဲ့ ဈေးနှုန်းသက်သာမှုအရ ယှဉ်ပြိုင်နိုင်စွမ်း၊ ပို့ကုန်ပစ္စည်းများ အရည်အသွေးအရ ယှဉ်ပြိုင်နိုင်စွမ်း၊ ဈေးကွက်လိုအပ်ချိန်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်မှု ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့လည်း လိုအပ်ပါတယ်။ ဤကဲ့သို့ ယှဉ်ပြိုင်နိုင်စွမ်းရှိမှသာ ကျယ်ပြန့်သော ပို့ကုန်ဈေးကွက်နဲ့ ခိုင်မာသော ပို့ကုန်ဈေးကွက်များ တိုးတက်ရရှိမှာ ဖြစ်ပါတယ်။

ပို့ကုန်တိုးချဲ့တင်ပို့နိုင်ဖို့အတွက် လယ်ယာကဏ္ဍ၊ သီးနှံ၊ သားငါး၊ ရေထွက်ပစ္စည်းထုတ်လုပ်မှုနဲ့ ပုဂ္ဂလိက ကဏ္ဍရဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေကို အဓိက အားကိုးနေရတဲ့ အခြေအနေဖြစ်ပါတယ်။ အဆိုပါ လယ်ယာကဏ္ဍနဲ့ အသေးစား၊ အလတ်စား စက်မှုကဏ္ဍမှ ထုတ်လုပ်မှု အခြေအနေကို ကြည့်မယ်ဆိုရင် ဒေသတွင်းနိုင်ငံများနဲ့ ထုတ်လုပ်မှုစွမ်းအား (ဥပမာ-တစ်ဧကအထွက်နှုန်း) နိမ့်ကျနေတာတွေ၊ ထုတ်လုပ်မှုကုန်ကျစရိတ်မှာလည်း ဒေသတွင်းနိုင်ငံတွေထက် များနေတာတွေ၊ ထုတ်လုပ်မှုအရည်အသွေးကို ကြည့်မယ်ဆိုရင်လည်း ဒေသတွင်းနိုင်ငံတွေထက် အရည်အသွေးနိမ့်ကျနေတာတွေကို တွေ့ရပါတယ်။

ဒို့အပြင် ထုတ်လုပ်သူတွေကနေ စားသုံးသူများသို့ရောက်အောင်၊ ထုတ်လုပ်သူများထံ ကနေ ပြည်ပသို့ တင်ပို့ရတဲ့ ပို့ကုန်ဆိပ်ကမ်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ ရောက်ရှိအောင် ဆောင်ရွက်ရတဲ့ ဝယ်ယူ၊ သယ်ယူပို့ဆောင်၊ သိုလှောင်၊ ကြိတ်ခွဲ၊ ဖြန့်ဖြူးရေးနဲ့ ပတ်သက်တဲ့ စရိတ်များ (Logistic Cost ) မှာလည်း ဒေသတွင်းနိုင်ငံများထက် အလွန်ကြီးမားလျက်ရှိပါတယ် " ဟု ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များအပေါ် စိန်ခေါ်မှုများကို ပြောပြသည်။

**အထူးလိုအပ်နေသေး**

ပြည်တွင်းထုတ်လုပ်မှုမှာလည်း မျိုးကောင်းမျိုးသန့်ရရှိနိုင်မှု၊ ထုတ်လုပ်မှုစက်ကိရိယာ သုံးစွဲနိုင်မှု၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စနစ်တကျ သုံးစွဲနိုင်မှု၊ ကျွမ်းကျင်လုပ်သားရှားပါးမှု စသည့် အခြေခံလိုအပ်ချက်များလည်း ရှိနေပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍနဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများမှာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ထုတ်ကုန်ဈေးကွက်တွေ အထူးလိုအပ်နေသေးကြောင်း သိရသည်။

သယ်ယူပို့ဆောင်ဖြန့်ဖြူးရောင်းချမှုတွင်လည်း ရောင်းဝယ်မှုအဆင့်များခြင်း၊ ရေ၊ လျှပ်စစ်၊ လမ်းတံတားနှင့် သယ်ယူပို့ဆောင်ရေးယာဉ်၊ ယန္တရားတိုးတက်ကောင်းမွန်ရန်လည်း လိုအပ်နေပါတယ်။ သိုလှောင်ရုံများ အရည်အသွေးနိမ့်ကျမှု၊ ပို့ကုန်ဆိပ်ကမ်းနှင့် လမ်းကျပ်တည်းမှု၊ ခေတ်မီ သိုလှောင်ရုံများ၊ ကုန်းတွင်းဆိပ်ကမ်းများ မပြည့်စုံမှု၊ သယ်ယူပို့ဆောင်ရာတွင် အချိန်ကြန့်ကြာမှုတို့ကြောင့် ကုန်သွယ်မှုတွင် အပိုကုန်ကျစရိတ်များ ကြီးမားလျက်ရှိသည်။

*အချပ်ပို(ဃ)သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရေစကြိုမြို့နယ်ရှိ တောင်ဇင် ဆိတ်မွေးမြူရေးဇုန်သို့သွားရောက်၍ သိုး၊ ဆိတ်များ ပြည်ပတိုးချဲ့တင်ပို့နိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။




ပြည်ပ ပို့ကုန် သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသည့် ရန်ကုန်ဆိပ်ကမ်းကို တွေ့ရစဉ်။



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ Informal WTO Ministerial Meeting ကို ၂၀-၃-၂၀၁၈ ရက်က ကျင်းပရာ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်စဉ်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ အဓိကတာဝန်မှာ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ဖို့ဖြစ်၊**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၁ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့၊**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၃၂ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့**

*အချပ်ပို(ဂ)မှ*

ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးနိုင်မှု၊ စံချိန်စံညွှန်းမပြည့်စုံမှု၊ စစ်ဆေးနိုင်သည့် ပစ္စည်းကိရိယာနှင့် ကျွမ်းကျင်ပညာရှင်များ နည်းပါးမှုတို့ကြောင့် ကုန်ပစ္စည်းအရည်အသွေး အချိန်မီ စစ်ဆေးနိုင်မှု စွမ်းရည်လည်း လျော့နည်းနေသည်။ ဒါ့အပြင် ပို့ကုန်ဈေးကွက် ကျယ်ပြန့်လာသော်လည်း လက်ရှိအခြေအနေမှာ အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများရဲ့ ဈေးကွက်တစ်ခု၊ နှစ်ခုပေါ်မှာသာ ကျဉ်းမြောင်းစွာ မှီခိုနေရပြီး ထိုဈေးကွက်တွေရဲ့ လိုအပ်ချက်အရသာ တင်ပို့နေရသည့် အခက်အခဲများရှိနေသည်။

“ဈေးကွက်တစ်ခု နှစ်ခုအပေါ်မှာသာ မှီခိုနေရတဲ့အတွက် အဆိုပါကုန်သွယ်ဖက်နိုင်ငံရဲ့ ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှု၊ နိုင်ငံခြားငွေကြေး လဲလှယ်မှုနှုန်းထားများ မတည်ငြိမ်မှု၊ ပို့ကုန်ဈေးနှုန်းနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ပြည်တွင်းထုတ်လုပ်မှုနှင့် ပို့ကုန်လုပ်ငန်းများအပေါ် များစွာအကျိုးသက်ရောက်မှုများ ရှိနေပါတယ်။ (ဥပမာ- အိမ်နီးချင်း အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းမှု Quota သတ်မှတ်ချက်ကြောင့် မြန်မာနိုင်ငံရဲ့ပြည်တွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ဈေးနှုန်းအပေါ်မှာ ကြီးမားစွာသက်ရောက်မှုများ ရှိခဲ့ပါတယ်။)

တရားမဝင် ကုန်သွယ်မှုများ ရှိနေခြင်းကြောင့်လည်း ပို့ကုန်ဝင်ငွေလျော့နည်းခြင်း၊ အခွန်ဘဏ္ဍာဆုံးရှုံးခြင်း၊ သဘာဝသယံဇာတပြုန်းတီးမှုဖြစ်စေခြင်း၊ စားသုံးကုန်ပစ္စည်းများ တရားမဝင်တင်သွင်းနေသဖြင့် အလားတူ ထုတ်လုပ်သည့် ပြည်တွင်းအသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ကြီးမားစွာထိခိုက်စေခြင်းနဲ့ စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်မှုစတဲ့ စိန်ခေါ်မှုများလည်း ရှိနေပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဆက်လက်ပြောပြသည်။

**စိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ ဆောင်ရွက်ထားရှိမှု အခြေအနေများ**

ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေးတွင် ပို့ကုန်ကဏ္ဍသည် နိုင်ငံတော်၏ အခွန်အကောက်ရရှိရေး၊ ထုတ်လုပ်သူများ ဝင်ငွေနှင့် အလုပ်အကိုင်ရရှိရေး၊ ကုန်သွယ်ကူးသန်းသူများ အကျိုးအမြတ်ရရှိရေးဟာလည်း အဓိက ကျလှပါတယ်။ ထို့အတွက်ကြောင့် မိမိတို့၏ ပို့ကုန်များကို ခိုင်မာသော ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရေးအတွက်ကိုလည်း နည်းလမ်းမျိုးစုံနှင့် ဆောင်ရွက်နိုင်ခဲ့သည်။

စိန်ခေါ်မှုများ ကျော်လွှားနိုင်ရန်အတွက် ကုန်သွယ်မှုကဏ္ဍမှာ အဓိက ဆောင်ရွက်နေသည့် ပုဂ္ဂလိက ကဏ္ဍများရဲ့အခက်အခဲများကို ဖြေရှင်းပေးရန် လိုအပ်လျက်ရှိသည်။ ဤသို့ဖြေရှင်းပေးရန် အတွက် အစိုးရသစ်လက်ထက်တွင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းလုပ်ကိုင်ရာတွင် လက်တွေ့ တွေ့ကြုံနေသည့် အခက်အခဲများကို သိရှိဖြေရှင်းနိုင်ရေး အတွက် ရန်ကုန်မြို့ UMFCCI ရုံးတွင် ဒုတိယသမ္မတ ဦးစီး၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်၍ အသင်းအဖွဲ့အလိုက်၊ ဒေသအလိုက် လုပ်ငန်းရှင်များက မိမိတို့ တွေ့ကြုံနေရသည့် အခက်အခဲများ၊ အကြံပြုတင်ပြချက်များကို တင်ပြဆွေးနွေးသည့် တွေ့ဆုံ ဆွေးနွေးပွဲများ လစဉ်ပြုလုပ်လာခဲ့ရာ ယခုအချိန်အထိ ၁၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းရှင်များ၏ တင်ပြမေးမြန်းချက် ၂၄၂ ကိုလည်း ဖြေရှင်းဆောင်ရွက် ပေးလျက်ရှိသည်။

အဆိုပါ တင်ပြမေးမြန်းချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး အမှန်တကယ်ပြီးပြတ်ခြင်းမရှိသေးသည့် လုပ်ငန်းများအတွက် ပုဂ္ဂလိက-အစိုးရ တွေ့ဆုံဆွေးနွေးခြင်း PPD ကို လုပ်ငန်းကော်မတီများအလိုက် ဆက်လက်ဆောင်ရွက်ဖြေရှင်းပေးလျက်ရှိသည်။

နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးနှင့် ပြည်တွင်းလုပ်ငန်းရှင်များ လွယ်ကူစွာ စီးပွားရေးလုပ်ကိုင်နိုင်မှုအပေါ် ကမ္ဘာ့ဘဏ်မှ ညွှန်းကိန်း ၁၀ ခုဖြင့် တိုင်းတာ၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့စေမှု အဆင့်သတ်မှတ်ချက် Ease of Doing Business Index ကို နှစ်စဉ်ထုတ်ပြန်ကြေညာလျက်ရှိသည်။

အဆိုပါ Ease of Doing Business Index အဆင့်တိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ် တာဝန်ယူကာ ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် ကော်မတီတစ်ရပ် ဖွဲ့စည်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ဥပဒေဆိုင်ရာကိစ္စရပ်များ**

စားသုံးသူအကာအကွယ်ပေးရေး ကိစ္စရပ်တွေကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြင်ဆင်ရေးဆွဲ၍ အတည်ပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်သော ကုန်သွယ်ရေးဆိုင်ရာ ကုစားမှုအစီအမံများဖြစ်သည့် Safeguard, Anti-dumping နှင့် Subsidy and Counter-vailing တို့အား ဥပဒေပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ အကာအကွယ်ပေးရေးဥပဒေ (Safeguard Law) ကို ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဒုတိယအဆင့်အနေဖြင့် လျှော့ဈေးဖြင့် စုပုံတင်ပို့ခြင်းနှင့် အစိုးရ အထောက်အပံ့မှုရယူတင်ပို့ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ထိခိုက်နစ်နာမှုကို ကာကွယ် ကုစားမှု ဥပဒေကိုလည်း ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကုန်သွယ်မှုကဏ္ဍ တစ်ရပ်လုံးကို လွှမ်းခြုံနိုင်မည့် ကုန်သွယ်မှုဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက်ကိုလည်း World Bank Group, GIZ တို့နှင့် ပူးပေါင်းပြီး ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက်လျက်ရှိပြီး ယှဉ်ပြိုင်မှုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ယှဉ်ပြိုင်မှုနည်း ဥပဒေများကို ရေးဆွဲထုတ်ပြန်နိုင်ခဲ့သည်။

**သီးခြားဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ**

ဝန်ကြီးဌာနသည် အဓိကလုပ်ငန်းတာဝန်များအပြင် သီးခြားဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများလည်းရှိသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ် မှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) ၏ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(SCG) အဖွဲ့ (၁၀) ဖွဲ့ အနက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Job Creation Sector Coordination Group-JCSCG) အဖွဲ့ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ဖွဲ့စည်းခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ ၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သော ပို့ကုန်ပစ္စည်းများ ပြည်ပနိုင်ငံများမှ တင်သွင်းလာသော သွင်းကုန်ပစ္စည်းများကို စမ်းသပ်စစ်ဆေးနိုင်ရန်အတွက် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေး စီမံချက်ကို ဒုတိယဝန်ကြီး ဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ရေးဆွဲလျက်ရှိသည်။ စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်း ရေးဆွဲရေးနည်းပညာ ဆပ်ကော်မတီတွင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ယူ၍ ဆန်၊ ပဲမျိုးစုံတို့၏ စံချိန်စံညွှန်းများကို ရေးဆွဲအတည်ပြုတင်ပြထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ သီးနှံ ၁၈ မျိုးရေးဆွဲလျာထားပြီး ယင်းတို့အနက်မှ မြေပဲ၊ နှမ်း၊ ဖရဲ၊ ထောပတ်နှင့် ကော်ဖီတို့၏ စံချိန်စံညွှန်း(မူကြမ်း)များကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များကိုလည်း တာဝန်ခံဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းကိုလည်း မကြာမီ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နယ်စပ်ဒေသများမှာလည်း နှစ်နိုင်ငံနယ်စပ်စီးပွားရေးဇုန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ တောင်သူလယ်သမားများ နည်းပညာအပြည့်အဝရရှိစေရေး၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ လွယ်ကူအဆင်ပြေစွာ ပံ့ပိုးနိုင်ရေးနှင့် လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသော ဈေးကွက်နှင့်ဈေးနှုန်း ရရှိရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ဦးရေ ၂၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သော ဈေးကွက်နှင့် ခိုင်မာသော ပို့ကုန်ဈေးကွက်များ တိုးတက်ရရှိရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ကာ ကုန်သွယ်မှု ဖွံ့ဖြိုးရေးအတွက် နှစ်လတ် ဖွံ့ဖြိုးရေးအစီအစဉ်( Medium Term Pro-gramme- MTP) နှင့် အမျိုးသားပို့ကုန် မဟာဗျူဟာကို သတ်မှတ်ချက်အတိုင်း အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ပို့ကုန် ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export-led Growth) ဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။ ။



ကျောင်းသား ကျောင်းသူများအား စားသုံးသူအသိပညာပေး ကွင်းဆင်းဆောင်ရွက်ပေးစဉ်။




နိုင်ငံတကာခရီးသွားပြပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ခရီးသွားလုပ်ငန်းရှင်များအား တွေ့ရစဉ်။

# ဒေသအနှံ့သို့ ဝင်ငွေစီးဝင်စေသည့် ခရီးသွားလုပ်ငန်း ပိုမိုတိုးမြှင့်ဆောင်ရွက်မည်



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

**ခရီးသွားလုပ်ငန်းကို တစ်ကမ္ဘာလုံးက မီးခိုးမထွက်သောလုပ်ငန်း (Smokeless Industry) ဟု ခေါ်ဝေါ်ကြသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေး၊ တစ်ဦးချင်းဝင်ငွေကို တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် သဘာဝသယံဇာတများကို ထုတ်နုတ်သုံးစွဲမှု မရှိသလောက်နည်းပါးပြီး ခရီးသည်များ ပိုမိုရောက်ရှိလာစေရန်အတွက် သဘာဝသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းဖြင့် အကျိုးကျေးဇူးလည်း များပြားသည်။ နိုင်ငံခြားသားခရီးသည်များထံမှ ဝန်ဆောင်မှုပုံသဏ္ဍာန်အမျိုးမျိုးတို့အတွက် လေကြောင်းလိုင်းကြီးများ၊ ဟိုတယ်များမှသည် ခေါင်းရွက်ဗျပ်ထိုးဈေးသည်အထိ ဝင်ငွေရရှိနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းလည်းဖြစ်သည်။ ခရီးသွားများ သုံးစွဲကြသည့် ငွေကြေးများသည် လုပ်ငန်းအနှံ့၊ ဒေသအနှံ့၊ ပြည်သူပြည်သားအနှံ့ထံသို့ စီးဝင်ရောက်ရှိသွားသည့် Fragmentation သဘောရှိသည်။ ခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေကို တိကျစွာတိုင်းတာရန် ခက်ခဲသော်လည်း အစိုးရနှင့် နိုင်ငံသားများအတွက် အထူးအကျိုးပြုသော အတ္တ၊ ပရ အမျှတဆုံး လုပ်ငန်းဖြစ်သည်ကို မြင်တွေ့ရသည်။**



မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ရန်ကုန်ဆိပ်ကမ်း၌ တွေ့ရစဉ်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိနိုင်ရေး၊ ရေမြေတောတောင်များ အပါအဝင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ လူမှုဘဝများ မြင့်မားစေရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ခရီးသွားလုပ်ငန်းကဏ္ဍဖြင့် ကူညီအားဖြည့်ရေး၊ တာဝန်သိ ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးတို့အတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရ တာဝန်ယူထားသည့် ဒုတိယ တစ်နှစ်တာကာလအတွင်း များစွာတိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

“ခရီးသွားလုပ်ငန်းဆိုတာ ဌာနတစ်ခုတည်း အကောင်အထည်ဖော်လို့ မရနိုင်ပါဘူး၊ သက်ဆိုင်ရာဌာနတွေအားလုံးရဲ့ ဝိုင်းဝန်းပံ့ပိုးမှုတွေ လိုအပ်ပါတယ်၊ အဲဒီအတွက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး အစည်းအဝေး အခုဆိုရင် နှစ်ကြိမ်ကျင်းပခဲ့ပြီး ခရီးသွား

*အချပ်ပို (စ) သို့*




ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဖလှယ်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ခရီးသွားလုပ်ငန်းများမှ တာဝန်ရှိသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**“ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိနိုင်ရေး၊ ရေမြေတောတောင်များအပါအဝင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ လူမှုဘဝများမြင့်မားစေရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ခရီးသွားလုပ်ငန်းကဏ္ဍဖြင့် ကူညီအားဖြည့်ရေး၊ တာဝန်သိခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးတို့အတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရ တာဝန်ယူထားသည့် ဒုတိယတစ်နှစ်တာကာလအတွင်း များစွာတိုးမြှင့်ဆောင်ရွက်ပေးခဲ့”**

*အချပ်ပို (င) မှ*

လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဖော်ထုတ်ခဲ့ပါတယ်” ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောကြားသည်။

**ခရီးသွားလုပ်ငန်းနှစ်စဉ်တိုးတက်**

ကမ္ဘာလှည့်ခရီးသွား အရေအတွက်မှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး စာရင်းကောက်ယူမှုများအရ ၂၀၁၆ခုနှစ်တွင် ကမ္ဘာလှည့် ခရီးသွား ၂ဒသမ ၉ သန်း လာရောက်လည်ပတ်ခဲ့ရာမှ ၂၀၁၇ ခုနှစ်အတွင်း ၃ ဒသမ ၄၄ သန်း အထိ လာရောက်လည်ပတ်ခဲ့သည်ကို သိရှိရသည်။ ၂၀၁၇ ခုနှစ် ဧပြီမှ ၂၀၁၈ ခုနှစ် မတ်အထိ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၂၇ လုံး၊ အခန်း ၆၅၁၁ ခန်းကို တည်ဆောက်ခွင့်ပြုမိန့် ထုတ်ပေးထားပြီး၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၄၉ လုံး၊ အခန်း ၇၂၂၁ ခန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း ၄၈၅ ခု၊ ပို့ဆောင်ရေးလုပ်ငန်း ၂၅၆၄ ခုကို ခွင့်ပြုထားသည်။ ထို့ပြင် ဧည့်လမ်းညွှန်အရေအတွက် ၄၄၉ ဦးကို လုပ်ငန်းလိုင်စင်ထုတ်ပေးခဲ့ပြီး ဒေသဆိုင်ရာ ဧည့်လမ်းညွှန် ၂၆၆ ဦးကိုလည်း လုပ်ငန်းလိုင်စင်များ ထုတ်ပေးခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

“ရပ်ရွာအခြေပြုတဲ့ ခရီးသွားလုပ်ငန်းတွေကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ကျေးရွာဒေသ ၁၂ ခုမှာ ဆောင်ရွက်နေပါတယ်၊ ကချင်ပြည်နယ် အင်းတော်ကြီးအိုင် ပတ်ဝန်းကျင်ဒေသက ကျေးရွာတွေ၊ ကယားပြည်နယ် လွိုင်ကော်မြို့ အနီးက ပန်ပက်နဲ့ တနီးလာလဲကျေးရွာ၊ ကရင်ပြည်နယ်မှာ သံတောင်ကြီးဒေသ၊ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ လွယ်ခေါ်၊ အင်းနီ၊ ထီးနဲ့ နဲ့ ကက္ကူကျေးရွာ၊ မကွေးတိုင်းဒေသကြီးမှာ အင်မတန် နာမည်ကြီးလာပြီဖြစ်တဲ့ မြိုင်မြို့နယ် ကျေးရွာ သုံးရွာ၊ စလေမြို့နယ်က မကျီးကန်ကျေးရွာ၊ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် မင်းကွန်းနဲ့ ကျောက်မြောင်းရွာကြားမှာရှိတဲ့ ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ဆိုင်တဲ့ ကျေးရွာ သုံးရွာနဲ့ တံငါလှေတွေရှိတဲ့ ကျေးရွာသုံးရွာ အပါအဝင် စဉ့်ကူးမြို့နယ် ဆီသည်ကျေးရွာနဲ့ မြစ်ကမ်းကြီးကျေးရွာ၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်က ကျိုက်သလဲကျေးရွာ၊ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်က ဆော်လောင်းကျေးရွာနဲ့ ဖလမ်းမြို့နယ် တာရွှန်းကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကျောက်မြောင်းမြို့ အမှတ် ၄ ရပ်ကွက် နွယ်ငြိမ်းကျေးရွာတွေမှာ ဆောင်ရွက်နေပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ကျေးရွာများရှိ ဒေသခံများသည် ဧည့်ခံ၊ ကျွေးမွေးခြင်းများတွင် ကျွမ်းကျင်စွာ ဝန်ဆောင်မှုပေးနိုင်ရန် လေ့ကျင့်ပေးလျက်ရှိပြီး ကျေးရွာ၏ သဘာဝအရင်းအမြစ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် ရှမ်းပြည်နယ် ခနုဒေသ ပင်းတယနှင့် ရွာငံမြို့နယ်၊ ညောင်ရွှေမြို့နယ် လွယ်နွဲ့ဘုရားတောင်ရေဆိပ်ကျေးရွာ၊ စကားကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆင်တောင်ကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ခမိုးညောင်သာယာ-ခိုပြင်ကျေးရွာတို့တွင်လည်း ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ စတင်တော့မည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းများ စနစ်တကျရှိစေရန် စံသတ်မှတ်ချက်များ ပြဋ္ဌာန်းနိုင်ရေးအတွက် ဂျာမနီ၊ လူဇင်ဘတ်၊ နော်ဝေနှင့် နယ်သာလန်နိုင်ငံတို့နှင့် ပူးပေါင်း၍ စံနှုန်းမူကြမ်းများ ရေးဆွဲထားပြီးဖြစ်သည်။

**ခရီးသွားမြှင့်တင်ရေးအသိပညာပေး**

တနင်္သာရီတိုင်းဒေသကြီးရှိ ဆလုံကျွန်းများကို ခရီးသွားမြှင့်တင်ရေးအတွက် ထိုင်းနိုင်ငံ ဖူးခက်က Yacht Club မှ လေ့လာမှုများ လုပ်ဆောင်ခဲ့ပြီး မြိတ်ကျွန်းစုခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အသိပညာပေးဆွေးနွေးပွဲများကို လွှတ်တော်ကိုယ်စားလှယ်များ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကို ကော့သောင်းမြို့တွင် ၂၀၁၈ ခုနှစ် မတ် ၂၄ ရက်နဲ့ ၂၅ ရက်တို့က ကျင်းပနိုင်ခဲ့သည်။ ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲများကို လွှတ်တော်ကိုယ်စားလှယ်များ၏အကူအညီဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် မီဒီယာများ၌ တင်ဆက်မှုအနေဖြင့် ဥရောပ၊ အမေရိကန်နှင့် ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်၊ ဟိုတယ်လုပ်ငန်းရှင်နှင့် မီဒီယာများ ပူးပေါင်း၍ Mega Joint FAM Trip နှင့် Education Trio to Myanmar တို့ကို လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ထိုင်းနိုင်ငံအခြေစိုက် Hey ASEAN ရိုက်ကူးရေးအဖွဲ့၊ ဂျပန်နိုင်ငံ Mainichi TV Channel၊ Grape City Company၊ Hong Kong Television Broadcast Limited ရိုက်ကူးရေးအဖွဲ့၊ ASEAN China Center (ACC) တို့၏ အစီအစဉ်များနှင့် တရုတ်နိုင်ငံ Bejing Television ရိုက်ကူးရေးတို့ဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးထားကြောင်း သိရှိရသည်။

*အချပ်ပို (ဆ) သို့*



ပုဂံဒေသရှိ မြန်မာ့ရိုးရာ ယွန်းထည်ပစ္စည်းအရောင်းဆိုင်၌ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်လေ့လာနေမှုကို တွေ့ရစဉ်။




ပြည်တွင်း ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ပွဲတော်တစ်ခုဖြစ်သည့် ချင်းပြည်နယ် ခွာဒိုပွဲတော်တွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဖိတ်ကြားထားသူများ၊ ဒေသခံများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို (စ) မှ*

**ခရီးစဉ်သစ်များဖော်ထုတ်**

ကမ္ဘာလှည့်ခရီးသည်များအတွက် ကမ္ဘာလှည့် အပျော်စီးသင်္ဘောခရီးစဉ်၊ စက်တပ်ရွက်လှေခရီးစဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးခရီးစဉ်၊ ပြည်တွင်းမြစ်ကြောင်းခရီးစဉ်၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်၊ ပုဂံမာရသွန်ပြိုင်ပွဲနဲ့ မီးပုံးပျံစီးနင်းခြင်းခရီးစဉ်များ ဖော်ထုတ်ခဲ့ပြီး ခရီးသည် ၄၉၉၆၁ ဦးကို ဝန်ဆောင်မှု ပေးနိုင်ခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းအမျိုးအစားပေါင်းရှစ်မျိုးကို သင်ကြားပေးနေပြီးအကြိမ်ပေါင်း ၅၁ ကြိမ်ကို တစ်နှစ်အတွင်း ကျင်းပနိုင်ခဲ့ကာ သင်တန်းသားဦးရေ ၄၂၂၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်**

“ရန်ကုန်မြို့မှာရှိတဲ့ ဝန်ကြီးဌာနပိုင် သင်တန်းဌာနနှစ်ခုကို လူဇင်ဘတ်နိုင်ငံရဲ့အထောက်အပံ့နဲ့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီး Myanmar Institute of Tourism and Hospitality(MITH) အဖြစ် ပေါင်းစပ်တည်ထောင်သွားမှာဖြစ်ပါတယ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် ဆောင်ရွက်မှုစီမံကိန်း (Human Resource Development Strategy and Action Plan) ကို လူဇင်ဘတ်နိုင်ငံရဲ့အကူအညီနဲ့ ရေးဆွဲအကောင်အထည် ဖော်နေပါတယ်။

“တရုတ်နိုင်ငံ မကာအို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ Institute for Tourism Studies ကနေသင်တန်းတွေနဲ့ ပညာသင်ဆုထောက်ပံ့ရေးတွေအတွက် သဘောတူညီမှုစာချွန်လွှာကို ယခုနှစ် မတ် ၂၉ ရက်မှာ နေပြည်တော်မှာပဲ လက်မှတ်ရေးထိုးထားခဲ့ပါတယ်၊ မန္တလာကောလိပ်နဲ့ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်(ရန်ကုန်) တွေကနေ B.A (Tourism) နဲ့ ဘွဲ့ရရှိတဲ့ ကျောင်းသား ကျောင်းသူ ၄၁ ဦးကိုလည်း အကြီးတန်းစာရေးရာထူးနဲ့ ဝန်ထမ်းသစ်တွေအဖြစ် ခန့်အပ်နိုင်ခဲ့တယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**နားလည်မှုစာချွန်လွှာ**
**လက်မှတ်ရေးထိုး**

မြန်မာ-ထိုင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလည်း လက်မှတ်ရေးထိုးထားကြောင်း၊ တရုတ်-မြန်မာခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကျင်းပခဲ့ပြီး နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လန်ချန်း-မဲခေါင်မြို့တွေရဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြောင်း၊ ၂၀၁၇-၁၈ခုနှစ်များတွင် နိုင်ငံတကာခရီးသွားပြပွဲများ၌ ခရီးသွားပြခန်းများ ပြသခဲ့ပြီး အာဆီယံဒေသတွင်း ငါးကြိမ်၊ အာရှဒေသတွင်း ငါးကြိမ်နှင့် ဥရောပဒေသတွင်း လေးကြိမ်ခန့် သွားရောက်ပြသခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရှိရသည်။

*အချပ်ပို(ဇ)သို့*

| စဉ် | ခရီးစဉ်အမျိုးအစား | ခေါက်ရေ | ဦးရေ |
|---|---|---|---|
| ၁ | ကမ္ဘာလှည့်အပျော်စီးသင်္ဘောခရီးစဉ် | ၃၉ | ၃၈၀၇၅ |
| ၂ | စက်တပ်ရွက်လှေခရီးစဉ် | ၆၅၇ | ၆၉၉၁ |
| ၃ | ကား/ဆိုင်ကယ်/စက်ဘီးခရီးစဉ် | ၁၅၉ | ၂၀၈၀ |
| ၄ | ပြည်တွင်းမြစ်ကြောင်းခရီးစဉ် | ၁၁၆ | ၂၁၁၂ |
| ၅ | စင်းလုံးငှားလေယာဉ်ခရီးစဉ် | ၄ | ၂၆၈ |
| ၆ | ပုဂံမာရသွန်ပြိုင်ပွဲ | ၁ | ၃၀၈ |
| ၇ | မီးပုံးပျံပျံသန်းခြင်းခရီးစဉ် | ၁ | ၂၇ |
| စုစုပေါင်း | | ၉၇၇ | ၄၉၉၆၁ |



အပန်းဖြေခရီးသွားလုပ်ငန်းသည် နိုင်ငံအတွက် ဝင်ငွေရှာပေးနိုင်ရာ မြိတ်ကျွန်းစုဒေသသို့ အပန်းဖြေလာရောက်လေ့လာသည့် ပြည်တွင်း ပြည်ပခရီးသွားများကို တွေ့ရစဉ်။



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်ပေးမှုကြောင့် ပုဂံဒေသသို့ လာရောက်လေ့လာသည့် နိုင်ငံခြားခရီးသွားအဖွဲ့။

**"အာရှတိုက်ရှိ ဈေးကွက်ဝင်နိုင်ငံများဖြစ်သော ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့မှ ခရီးသည်များ ပိုမိုဝင်ရောက်နိုင်ရေး ကြိုးပမ်းလျက်ရှိပြီး တနင်္သာရီ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်သွားရန် ဝန်ကြီးဌာနက ရည်ရွယ်ချက်ထားရှိ"**

*အချပ်ပို (ဆ) မှ*

အာဆီယံ ဂျပန်ဗဟိုဌာနနဲ့ ပူးပေါင်း၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၇ ခုမတ် ၂၈ ရက်တွင် ရန်ကုန်၊ ၂၉ ရက်တွင် ပုဂံမြို့၌ ကျင်းပခဲ့ပြီး ပုဂံဒေသသို့ ကိုရီးယားဧည့်သည်များ ပိုမိုလာရောက်နိုင်ရန် ပုဂံမြို့တွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲရလဒ်အဖြစ် ၂၀၁၇ ခုနှစ်မှာ ဥရောပက ခရီးသည်လာရောက်မှု ကျဆင်းခဲ့သော်လည်း တရုတ်ခရီးသည် ၁၆ ရာခိုင်နှုန်း၊ ဂျပန်ခရီးသည် ၁ ရာခိုင်နှုန်းနဲ့ ကိုရီးယားခရီးသည် ၂ ရာခိုင်နှုန်းတိုးတက်လာပြီး ၂၀၁၈ ခုနှစ် ပထမသုံးလပတ်တွင် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါကခရီးသည် ၁၉ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ပုဂံဒေသကို ခရီးသည်များ ပိုမိုလာရောက်စေရေးအတွက် Angkor-Bagan Two Ancient Capitals-One Destination MoU ကို ကမ္ဘောဒီးယားနိုင်ငံ ဆီရပ်ရိပ်မြို့၌ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

ကယားပြည်နယ် ခရီးသွားမြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ချစ်ကြည်ရင်းနှီးမှု ခရီးစဉ်များနှင့် ခရီးသွားလုပ်ငန်း ကျင့်ဝတ်စံညွှန်းများဆိုင်ရာ အစည်းအဝေး၊ (၅) ကြိမ်မြောက် ပုဂံခရီးကြမ်းမာရသွန် ပြိုင်ပွဲများကျင်းပပြီး ခရီးသွားလုပ်ငန်းကို မြှင့်တင်ခဲ့သည့်အပြင် (၆) ကြိမ်မြောက် ခရီးသွားလုပ်ငန်းကဏ္ဍလုပ်ငန်းအဖွဲ့များအစည်းအဝေးနှင့် ချင်းပြည်နယ် ခွာဒိုပွဲတော်မှတစ်ဆင့် ရိဒ်ရေကန်အခြေပြုခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက် ဆွေးနွေးမှုများလည်း ပြုလုပ်ထားခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

### နိုင်ငံတကာကခရီးသွားများကိုဆွဲဆောင်

"ဝန်ကြီးဌာနအနေနဲ့ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ နေပြည်တော်၊ မွန်၊ ကရင်၊ မြိတ် ကျွန်းစု၊ ပျူရှေးဟောင်းမြို့တွေ၊ ကယား၊ မကွေး၊ စစ်ကိုင်း၊ ကျိုက်ထီးရိုး၊ ချင်းတောင်တန်းခရီးစဉ် စတာတွေနဲ့ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ လက်ကမ်းစာစောင်တွေထုတ်ပါတယ်၊ နိုင်ငံတကာ ခရီးသွားပြပွဲတွေ၊ ပြည်ပသံရုံးတွေနဲ့ ကောင်စစ်ဝန်ရုံးတွေကနေတစ်ဆင့် နိုင်ငံတကာကို ကြော်ငြာပေးနေပါတယ်၊ ဖေ့စ်ဘွတ်ခ်၊ တွစ်တာ၊ ယူကျူ၊ အင်စတာဂရမ်စတဲ့ လူမှုကွန်ရက်တွေကနေ ခရီးသွားလုပ်ငန်းတွေ မြှင့်တင်ပေးနေပါတယ်၊ ဒါ့အပြင် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ကိုလည်း ဘာသာစကား ရှစ်မျိုးနဲ့ ထုတ်လွှင့်နေပြီး စပိန်နဲ့ အီတလီဘာသာစကားတွေ တိုးချဲ့နိုင်ဖို့ လုပ်ဆောင်နေတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။



နာဂဒေသရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လာရောက်လေ့လာသည့် ပြည်ပခရီးသွားများကို တွေ့ရစဉ်။

မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ ၁၉၉၃ ကို အသစ်ရေးဆွဲထားပြီး လိုအပ်တဲ့ လုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိသည်။ အာရှတိုက်ရှိ ဈေးကွက်ဝင်နိုင်ငံများဖြစ်သော ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့မှ ခရီးသည်များ ပိုမိုဝင်ရောက်နိုင်ရေး ကြိုးပမ်းလျက်ရှိပြီး တနင်္သာရီ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်သွားရန် ဝန်ကြီးဌာနက ရည်ရွယ်ချက်ထားရှိသည်။

'နိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ပိုမိုအားကောင်းဖို့အတွက် မူလသုံးစွဲနေတဲ့ Let the Journey Begin ကို ပိုပြီးရိုးစင်းထိမိတဲ့ လက်ရှိနိုင်ငံရဲ့ ပကတိအခြေအနေ၊ ကမ္ဘာလှည့်ခရီးသည်တွေ စိတ်ဝင်စားမှု ပေါင်းစပ်ထင်ဟပ်စေမယ့် Tourism Promotion Slogan အသစ်ကိုလည်း ဆောင်ရွက်နေပြီး မကြာမီ စတင်အသုံးပြုနိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ Brand and Slogan အသစ်သုံးစွဲနိုင်ရေး ကြိုးပမ်းနေမှုကို ပြောပြသည်။

### ဟိုတယ်ခရီးသွား ပြည့်စီးပွား

" နိုင်ငံတော်က ချမှတ်ထားသည့် စုပေါင်းအင်အား (Collective Strength) မူဝါဒသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ကိုက်ညီမှုရှိပြီး လိုက်နာဆောင်ရွက်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့်အတူ အခြားဆက်စပ်ဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီပေးခြင်းအားဖြင့် ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သော ဟိုတယ်ခရီးသွား ပြည့်စီးပွား ဖွံ့ဖြိုးဝေစည်ဟန်ချက်ညီ ဟူသည့် စကားရပ်အတိုင်း ပိုမိုတိုးတက်မည်မှာ မလွဲပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းအဖြစ် မြန်မာနိုင်ငံရှိ ကျေးရွာများသို့ နိုင်ငံခြားသားများ လာရောက်လေ့လာနေမှုကို တွေ့ရစဉ်။